
တက္ကသိုလ်
အလွမ်းပင်လယ်
သိုင်းပြိုင်ကျယ်
တစဉ် (၁)

တက္ကသိုလ်

နေလင်းအောင်

# အလွမ်းပင်လယ်သိုင်းပြင်ကျယ်

(စာစဉ်-၁)

# (၁)
## မိုးထိတောင်

မိုးထိ တောင်....။

တောင်ကြီးသည် မိုးသားတိမ်လိပ်များကို ထိုးဖောက်လျက် မိုးသားနှင့်ထိလုလုဖြစ်နေသည်ဟု ထင်ရသည်။

တောင်ခြေမှ တောင်ထွတ်ကို မော့ကြည့်သူတစ်ဦးအဖို့ တောင်ထွတ်ကို မြင်ရလိမ့်မည် မဟုတ်ချေ။

တောင်ထွတ်သည် မိုးသား မိုးတိမ်လိပ်များအကြား ပျောက်ကွယ်နေသည်။

"အံ့ဩစရာသိပ်ကောင်းတာပဲ ဖေဖေ၊ တောင်ထိပ်က တိမ်

ရိုပ်တွေထက်တောင် မြင့်နေတယ်၊ တိမ်တွေပြေးလွှားနေတာ တွေ့ရတယ် ဖေဖေ"

"ဒါကြောင့် မိုးထိတောင်လို့ခေါ်တာပေါ့ သမီးရဲ့"

ဤစကားများကို အဖေနှင့်သမီးပြောနေကြခြင်း ဖြစ်သည်။ သိုင်းလောကရာဇာတစ်ဦးဖြစ်သော နဂါးဓားလီယုချိန်နှင့် သမီးဖြစ်သူ အပျိုပေါက် လီရှုရှုတို့ပြောနေကြခြင်းဖြစ်သည်။

နဂါးဓား လီယုချိန်မှာ မိုးထိတောင်၌နေထိုင်သော သိုင်းလောကအဓိပတိတစ်ဦးဖြစ်သည့် ဝိညာဉ်နက်လက်ညှိုး ဘိုးဘိုးယန်စီ၏ ဂါရဝပွဲတော်ကိုတက်ရောက်ရန် ၎င်းတောင်ခြေသို့ရောက်ရှိနေခြင်း ဖြစ်သည်။

ထိုဂါရဝပွဲတော်သည် သိုင်းလောကထိပ်သီးသမားအများမှာ ဆောင်းဦးပေါက်ရာသီသို့ရောက်တိုင်း ဘိုးဘိုးယန်စီအား လာရောက်ဂါရဝပြုကြသည့် ပွဲတော်တစ်ခုဖြစ်လေသည်။

သည်နှစ်တွင် နဂါးဓားလီယုချိန်သည် ဘိုးဘိုးယန်စီအတွက် လက်ဆောင်တစ်ခု ယူလာသည်။

ဖစ်ချွန်းပြည်နယ်မှထွက်သော 'မက်မုန်သီးဝိုင်'ပင်တည်း။ ထို့ပြင် မိုးထိတောင်ကို အလည်လိုက်ချင်သည့် သမီးလီရှုရှုအား တစ်ပါတည်း ခေါ်ဆောင်ခဲ့သည်။

လီရှုရှုက....

"တောင်ထိပ်ကိုမော့ကြည့်ရတာ ဇက်ညောင်းလာပြီ ဖေဖေရဲ့၊ မော့ကြည့်တာတောင် တောင်ထိပ်ကို သမီးမမြင်ရဘူး"

လီရှုရှုသည် ဤခရီးကိုလိုက်ပါခွင့်ရရန် သူမ၏ဖခင်အား ဇွတ်အတင်းပူဆာခဲ့ရသည်။

ယခုရောက်ရှိလာသော မိုးထိတောင်ကြီးကို တက်ရန်ဖြစ်လာသည်။

တောင်ကြီးကလည်း အိပ်ကြည့်ရမည့် တောင်ကြီးဖြစ်နေသည်။

"သမီးကို ဖေဖေပြောသားပဲ၊ မိုးထိတောင်ပေါ်ကို တက်ဖို့ မပြောနဲ့ မော့ကြည့်တာတောင် ညောင်းတယ်သမီးရဲ့၊ ဖေဖေက ဒီတောင်ကို မကြာခဏရောက်ဖူးနေတော့ သိတာပေါ့"

ထိုအခါ လီရှုရှုက ဖခင်ဖြစ်သူအား ချစ်စရာ မျက်စောင်းကလေးထိုးလိုက်၏။

"သမီးက ညောင်းတာကိုပဲ ပြောတာနော်၊ တောင်တက်တာကို မပြောဘူး၊ ဟင်း... သမီးက ဘိုးဘိုးယန်စီရဲ့ဂါရဝပွဲတော်ကို ချက်ချင်း တက်ချင်လိုက်တာ"

လီယုချိန် ပြုံးလိုက်၏။

"သမီးကတော့ စကားပြောရင် ဘယ်တော့မှမလျှော့ဘူး၊ အမြဲတမ်း ကတ်ကတ်သတ်သတ်ပြောတာပဲ"

လီယုချိန်သည် ဤသမီးကလေးအား တကယ်ချစ်သည်။ မည်မျှရှ်သနည်းဆိုသော် သိုင်းအဓိပတိကြီး ဘိုးဘိုးယန်စီ

၏ ဂါရဝပြုပွဲကို သမီးကလေး လိုက်မည်ပူဆာသောအခါ လိုက်ခွင့်ပြုခဲ့သည်အထိဖြစ်သည်။

ဤမိုးထိတောင်သို့လာရသည့် ခရီးမှာ နည်းလှသည်မဟုတ်ပါ။

ထို့ပြင် သမီးဖြစ်သူအား ကြိုတင်ပြောပြခဲ့သည်။

မိုးထိတောင်ကြီးသည် အလွန်မြင့်မားလှကြောင်း၊ တောင်ပေါ်သို့တက်ရာတွင် ခက်ခက်ခဲခဲတက်ရကြောင်း၊ ဇွတ်ရုံတန်ရုံလူမတက်နိုင်ကြောင်း ပြောပြခဲ့သည်။

သိုင်းလောက၏အဓိပတိကြီး ဘိုးဘိုးယန်စီက တကယ်မြင့်သော တောင်ကြီးကိုမှ ရွေးချယ်နေခဲ့သည်။

သမီးဖြစ်သူ လီရှူရှူက မည်မျှခရီးပန်းပါစေ တောင်ထိပ်သို့သူမ တက်မည်ဟု အာမခံပြောကြားခဲ့လေ၏။

လီယုချိန်က စဉ်းစားပြီး ခွင့်ပြုခဲ့သည်။

ယခု တောင်ကြီးကိုကြည့်ပြီး ဇက်ညောင်းလှသည်ဟု ပြောသောအခါ ဖခင်ဖြစ်သူက...

"ကဲ... မြင်ပြီမဟုတ်လား၊ ကြည့်ရုံနဲ့ပင် ဇက်ညောင်းသည် တက်နိုင်ရန် ခက်လှသည်"

ဟု ပြောဆိုလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် သမီးဖြစ်သူက ဇက်ညောင်းသည်ဟုသာ ပြောခြင်းဖြစ်သည်။ တက်ရန် မခက်ပါဟု ပြန်ပြောနေခြင်းဖြစ်သည်။



တကယ်တော့ သူမက သူမ၏ဖခင်ကို မခံချင်စိတ် ပေါ်နေခြင်းဖြစ်သည်။

သူမ၏ဖခင်က သူမ မတက်နိုင်ဟု ထင်နေသည်။ သူကထိုအထင်ကို ချေဖျက်ပြလိုနေသည်။

"ကဲကွယ်... ဒါဆိုလဲ တက်ကြည့်ရအောင်"

လီယုချိန်သည် သမီးအား ပြောလိုက်၏။

"ဟင်း... ဟင်း... ဟင်း... ဒီတောင်ကို သမီးကလဲ တက်ချင်နေတာပါ၊ လာ... ဖေဖေ တက်ကြည့်ကြမယ်"

သူတို့သည် မိုးထိတောင်သို့ တက်ကြလေတော့သည်။

ထိုအချိန်ဝယ် တောင်ခြေရှိ တောအုပ်ကြီးအတွင်းသို့ အခြားသိုင်းသမားများ ရောက်ရှိလာကြပေပြီ။

အချို့သည် တစ်သီးတခြား ကင်းကင်းနေကြသော်လည်း အချို့ကမူ အော်ဟစ် နှုတ်ဆက်နေကြသည်။

သူတို့အားလုံးသည် သိုင်းအဓိပတိကြီး အဘိုးယန်စီအားလေးစားကြည်ညိုသည့် သိုင်းသမားများပင် ဖြစ်ပါသည်။

သိုင်းသမားကိုခွဲခြားကြည့်လျှင် တစ်ကိုယ်တော်သိုင်းသမားများ၊ သူတို့သည် အခြားသူများနှင့်မရောဘဲ ကင်းကင်းနေကြသည်။

နှစ်ဦးတစ်တွဲစီရှိသော သိုင်းသမားများ၊ သူတို့ကမူ အခြားသူတို့နှင့် အသင့်အတင့် ဆက်ဆံကြသော အုပ်စုလိုက်သိုင်းသမားများဟူ၍ ရှိကြသည်။

အုပ်စုလိုက် သိုင်းသမားများအား နှုတ်ဆက်ကြသည်မှာ ဆူညံနေကြ၏။

သူတို့အားလုံး မိုးထိတောင်ပေါ်သို့ တက်ကြပေမည်။

တောင်ခြေမှာ တောကြီးဖြစ်နေသည်။ သစ်ပင်ပန်းမာလာများ ရှိနေသည်။ တောပန်း တောင်ပန်းများသည် ပွင့်နေသည်။

လီရှုရှု သည် အပျိုပေါက်ကလေးဖြစ်သည်။ အရာရာသည် သူမအတွက် သာယာနေသည်။

ပန်းများ ဖူးပွင့်ဝေစီနေသည်ကိုလည်း သူမ ကြည့်ချင်နေသည်။

"ကြည့်စမ်းပါဦး ဖေဖေရယ်၊ တောင်ခြေမှာ ပွင့်တဲ့ပန်းတွေက အရမ်းလှတယ်နော်၊ သမီးတို့အရပ်မှာ ဒီလိုပန်းမျိုးတွေ မရှိဘူး၊ မြေပြန့်မှာ တစ်ခါမှ မမြင်ဖူးဘူး၊ ပန်းတွေကို ခူးသွားပါရစေ ဖေဖေ"

"ပန်းခူးတာပဲ သမီးရယ်၊ အသွားတော့ ပန်းတွေ မခူးပါနဲ့၊ ပန်းတွေ တကိုင်ကိုင်နဲ့ ဂါရဝပြုပွဲမှာ အားနာစရာဖြစ်နေပါ့မယ်... အပြန်ကျတော့ သမီးကြိုက်သလောက် ခူးပါ"

နဂါးဓား လီယုချိန်သည် ပျော်ရွှင်မြူးတူးနေသောသမီးအား ကြည့်ကာ ကျေနပ်နေမိ၏။

သမီးအား ကြည့်၍ ပျော်ရွှင်နေခြင်းအတွက် သူ့အား အဆိုးမဆိုသာပါ။

သူ့တွင် သမီးကလေးတစ်ယောက်သာ ရှိနေသောကြောင့်



ဖြစ်ပါသည်။ ထို့ပြင် သမီးကလေးသည် သိုင်းပညာလုံးဝမတတ်ချေ။

သူက သိုင်းလောကရာဇာ တစ်ဦး။ သမီးက သိုင်းပညာမတတ်သူ။

ရှားမှုရှားသော ဖခင်ပင်။ သိုင်းလောက၌ ဤသို့သားအဖမျိုးကား တကယ်ရှား၏။

အဘိုး၊ ဖခင်၊ ဦးလေးများ သိုင်းပညာတတ်လျှင် နောက်မှ ဆွေစဉ်မျိုးဆက် သိုင်းပညာတတ်သည်သာ။

ယခုကဲ့သို့ လီယုချိန်က လီရှုရှုကို သိုင်းပညာသင်မပေးခြင်းမျိုး လုံးဝမရှိချေ။

ယခုလာရောက်သည့် ဂါရဝပြုပွဲဆိုသည်မှာလည်း တစ်နည်းအားဖြင့် သိုင်းပညာဖလှယ်ပွဲသာ ဖြစ်ပါသည်။

သိုင်းအဓိပတိကြီး အဘိုးယန်စီကို ဂါရဝပြုပြီးလျှင် သိုင်းပညာဖလှယ်ကြတော့သည်။

ထို့ကြောင့် သိုင်းသမားများ ဤမျှလောက် ရောက်လာခြင်းဖြစ်သည်။

လီယုချိန်နှင့် လီရှုရှုတို့ မတက်မီတွင် သိုင်းသမားအချို့သည် တက်ရောက်သွားကြလေပြီ။

လီယုချိန်နှင့် လီရှုရှုတို့ တောအုပ်ကို လွန်ခဲ့ကြသည်။

သစ်ပင်များကိုလည်း မတွေ့ရ၊ တောပန်း တောင်ပန်းများကိုလည်း မတွေ့ရတော့ချေ။

ကျောက်သားအတိပြီးသော တောင်လယ်ပိုင်းသို့ ရောက်ရှိလာလေတော့သည်။

"ကဲ... သမီးရေ၊ တကယ့်တောင်တက်လမ်းကတော့ စပြီ သမီးရေ၊ ဒီတောင်ခလယ်အထိသာ သမီး ရှိးရှိးတက်နိုင်မှာ၊ တောင်ထိပ်ပိုင်းရောက်သွားရင် တချို့နေရာမှာ ကြိုးသုံးပြီး တောင်တက်ရမယ်၊ သမီး စမ်းကြည့်လေ၊ အမြဲတမ်း သမီးခါးကုန်းပြီး တက်နေရတာကို တွေ့ရလိမ့်မယ်"

"ကြည့်ကြသေးတာပေါ့ ဖေဖေရယ်"

သူတို့နောက်ကို ကြည့်လိုက်သောအခါတွင်လည်း သိုင်းသမား အစုလိုက်၊ အစုလိုက် တက်နေကြသည်ကို တွေ့ရ၏။

အချို့သိုင်းသမားများသည် သူတို့သားအဖအား ကျော်တက်သွားသည်။

ထိုစဉ်....

"ဝုန်း... ဝုန်း... ဝုန်း"

အချို့သည် တဝုန်းဝုန်း ပြေးဆင်းလာကြ၏။ ပြေးဆင်းလာသူများမှာ သွေးရူးသွေးတန်း ပြေးဆင်းလာကြခြင်းဖြစ်ပါသည်။

"ဟေ့... ဟေ့... နေကြပါဦး၊ တောင်ပေါ်မှာ ဘာဖြစ်ကြလို့လဲ"

သိုင်းသမားကြီးတစ်ယောက်က တားဆီးပြီး အော်ဟစ်မေးမြန်းသည်။



သို့သော် ပြေးဆင်းလာသူများမှာ ဒရောသောပါးရှိလှသည်မည်သူ့ကိုမျှ တားဆီး၍မရချေ။

တောင်ခြေသို့ တဝုန်းဝုန်း တဒိုင်းဒိုင်း ပြေးဆင်းသွားကြ၏။

ဝါရင့်သိုင်းသမားကြီး ချင်းချိန်သည် တက်ရောက်နေသည့် သိုင်းသမားအားလုံးကို တားဆီးလိုက်၏။

"နေကြပါဦး... တောင်ပေါ်ကို အရမ်းမတက်ကြပါနဲ့... အန္တရာယ်တွေ့နေပြီ"

အချို့ကလည်း ရပ်တန့်သွား၏။ အချို့ကလည်း ဇွတ်တိုးမည့်ပုံ ပေါ်နေသည်။

"ဘာဖြစ်လို့မတက်ရမှာလဲ၊ အန္တရာယ်တွေ့ရင် ရှင်းပစ်ပြီးတက်မယ်"

အချို့သည် ထိုသို့အော်ဟစ်ပြီး ထွက်ခွာ၏။

"ဟာ... ဒီလူတွေတော့ ဒုက္ခရောက်တော့မယ်"

ဝါရင့်သိုင်းသမား ချင်းချိန်ကြီးမှာ စိတ်ပျက်လက်ပျက်ညည်းညူလိုက်မိ၏။

ထိုသိုင်းသမားများကား တက်သွားကြလေပြီ။

"တောင်ပေါ်က ပြေးဆင်းလာပြီ ဆိုကတည်းက တစ်ယောက် သို့မဟုတ် နှစ်ယောက် သုံးယောက်နဲ့ ရင်ဆိုင်ရပြီဆိုတာ သိသာတယ်၊ ဒါကြောင့် တောင်ပေါ်ကို အရမ်းမတက်ကြပါနဲ့ အောက်က လူစုပြီး တက်ကြပါမယ်"

ထိုအခါ လူအုပ်ထဲမှ တစ်ယောက်သည် တိုးထွက်လာလေ၏။

"ဘာဖြစ်လို့ တောင်ပေါ်ကိုမတက်ရမှာလဲ၊ တက်သွားတဲ့လူတွေကို ကျုပ်ထောက်ခံတယ်၊ အန္တရာယ်ကို ရင်မဆိုင်ရဲတဲ့လူတွေ နေခဲ့ကြ၊ ကျုပ်တော့ အန္တရာယ်ရင်ဆိုင်မယ်"

ထိုပြောလာသူမှာ တောင်ကွဲလက်သီး ချူကွန်စွန်းတည်း။ သူသည် ပြောပြောဆိုဆို မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ တောင်ပေါ်သို့ တက်သွားလေတော့၏။

"ဟာ... ဟေ့... ဟေ့၊ အဲဒီလို မလုပ်နဲ့လေ"

"ဒီလူ တယ်ပြောရခက်ပါလား"

"ဒီလူတော့ ခံရဦးမယ်"

တောင်ကွဲလက်သီးသည် နားစွန်နားဖျားကြားသွားပြီး လှည့်အော်နေ၏။

"ကျုပ်ခံရချင် ခံရပါစေ၊ ခင်ဗျားတို့သာ မခံရပါစေနဲ့"

ဝါရင့်သိုင်းသမားကြီး ချင်းချိန်က....

"ချူကွန်စွန်းဟာ တစ်ဗွတ်ထိုး တဓောက်ကန်းပဲ၊ သူ့ကို ဘယ်သူမှ မတားနိုင်ဘူး"

တောင်ခြေမှတက်လာသော သိုင်းသမားများမှာ အတော်များများ စုဝေးနေမိကြသည်။

ထိုအခါ သိုင်းသမားတစ်ဦးက....



"တက်မှာပေါ့ဗျာ... သူ့အစွမ်း သူယုံတာကိုးဗျ၊ သူဟာ တော်ရုံတန်ရုံ တောင်ကိုကွဲထွက်သွားအောင် ထိုးနိုင်တဲ့လူဗျ၊ သူ့ရန်သူကို သူဘယ်ဂရုစိုက်မှာလဲ"

ဝါရင့်သိုင်းသမားကြီး ချင်းချိန်က....

"အခုဟာက တောင်မဟုတ်ဘူးကွ၊ သက်ရှိရန်သူကွ၊ သက်ရှိရန်သူ၊ သူ့ကို တောင်လိုသဘောထားလို့မရဘူး၊ သူဟာကိုယ့်ထက် စွမ်းချင်စွမ်းနေမယ်"

"ဒါကတော့ဗျာ... ကိုယ့်သဘောနဲ့ကိုယ်ပဲ၊ သူ့သေမင်း သူတွေ့တဲ့ကိစ္စပဲဗျာ၊ ကိုယ်သွား ကိုယ်ခံ၊ သူသွား သူခံပေါ့"

"အေး... ငါတို့ကတော့ တောင်ကွဲလက်သီးလို တစ်ဗွတ်ထိုး တဓောက်ကန်း မဟုတ်ဘူး၊ အားလုံးစုပြီး တက်ကြမယ်၊ ကိုယ့်သဘောနဲ့ကိုယ် တက်ချင်တဲ့လူတွေကတော့ တက်ကြ"

ဝါရင့်သိုင်းသမားကြီး ချင်းချိန်သည် အားလုံးကိုစုစည်းလိုက်သည်။

နဂါးဓားလီယုချိန်မှာ သိုင်းလောက ရာဇာတစ်ဦးဖြစ်နေသော်လည်း ဘာသိုင်းပညာမျှမတတ်သည့် သမီးကလေးပါနေသဖြင့် အများနှင့် ရောနှောလိုက်ပါသွားရသည်။

သူတို့သည် တောင်ပေါ်သို့ အတော်အတန် တက်လာခဲ့မိကြ၏။

ထိုအခါ တောင်ကွဲလက်သီး ချူကွန်စွန်း၏အော်ဟစ်သံကို

ကြားလိုက်ရသည်။

ထိုအော်သံနှင့်အတူ တောင်ပေါ်မှ တဝုန်းဝုန်း တဒိုင်းဒိုင်း မြေးလာသံများကို ကြားလိုက်ရလေ၏။

သိုင်းသမားများ၏ နောက်ကွယ်မှ ဒယီးဒယိုင်ပြေးလာသော တောင်ကွဲလက်သီး ချူကွန်စွန်းကို တွေ့လိုက်ရသည်။

ဝါရင့်သိုင်းသမားကြီး ချင်းချိန်သည် ခုန်ထွက်သွား၏။ တောင်ကွဲလက်သီးချူကွန်စွန်းကို ဖေးမလိုက်သည်။

"မင်း ငါ့စကားနားမထောင်တော့ ခုလိုဖြစ်သွားတာပါပဲ လားကွာ"

ချူကွန်စွန်းသည် ထိုးအန်လိုက်၏။

"ဝေါ့..."

နီရဲသောသွေးများကို ထိုးအန်လေတော့သည်။

ချူကွန်စွန်းသည် ရန်သူကြီးတစ်ယောက်နှင့်တွေ့ခဲ့ရပြီကို အားလုံးက သိလိုက်သည်။

ချူကွန်စွန်း၏နှုတ်ခမ်းထောင့်နှင့် နားထဲမှ သွေးများယိုစီးကျနေသည်။

ချူကွန်စွန်းအား သိုင်းသမားများက ဝိုင်း၍ ပြုစုကြသည်။

ဝါရင့်သိုင်းသမားကြီး ချင်းချိန်က ရင်ခွင်ထဲမှ ဆေးဘူးတစ်ဘူးကိုထုတ်ပြီး ဆေးလုံးတစ်လုံးကိုထုတ်ယူလိုက်၏။

ထို့နောက် ချူကွန်စွန်းအား တိုက်ကျွေးလိုက်သည်။



"ပြောစမ်းပါဦး... တောင်ပေါ်မှာ ဘယ်လို အန္တရာယ်မျိုးနဲ့ ရင်ဆိုင်ခဲ့ရသလဲ"

တောင်ကွဲလက်သီး ချူကွန်စွန်းမှာ အတွင်းအား အလွန်ကြီးမားသူဖြစ်၍သာ ဤမျှခံနိုင်ခြင်းဖြစ်သည်။

သူ့လောက် အတွင်းအား ကြီးမားသူမဟုတ်လျှင် နှလုံးသားကြေကွဲ၍ သေဆုံးသွားပေလိမ့်မည်။

ဒဏ်ကြေးဆေးတစ်လုံး စားပြီးသောအခါ တောင်ကွဲလက်သီး ချူကွန်စွန်းမှာ အတော်အတန် သက်သာသွား၏။

"တောင်ပေါ်မှာ ဝတ်ရုံနီဝတ်ထားတဲ့ လူငယ်တစ်ယောက်ကို တွေ့ရတယ်၊ သူနဲ့တိုက်ခိုက်ပြီး ကျုပ်အတွင်းဒဏ်ရာရသွားခဲ့တယ်ဗျာ"

တောင်ကွဲလက်သီးသည် တောင်ပေါ်မှ အဖြစ်အပျက်များကို ပြောပြလေတော့၏။

✣✣✣

(၂)

## အကူပေးသူ

လူငယ်တစ်ယောက်သည် ဝတ်ရုံနီကို ဝတ်ဆင်ထားလေ၏။

သူ၏ဝတ်ရုံနီမှာ အလွန်တောက်ပလှသဖြင့် အဝေးမှ ကောင်းစွာ မြင်နိုင်သည်။

သူသည် ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်လျက် တက်လာမည့်သူများကို မျှော်ကြည့်နေသည်။

ထိုလူငယ်သည် စိမ်းမြသော ပလွေတစ်ချောင်းကိုကိုင်ထား၏။



ထိုပလွေမှာ ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော ကျောက်စိမ်းပလွေ ဖြစ်သည်။

ချူကွန်စွန်းသည် ထိုလူငယ်ကိုမြင်သော်လည်း ဂရုမစိုက်ဘဲ ရှေ့သို့ဆက်၍ တက်လာသည်။

"နောင်ကြီး... အပေါ်ကို လူတက်ခွင့် မရှိဘူးဗျာ"

"ဟေ...."

သူကား ထိပ်သီးအကျော်အမော်တစ်ဦးတည်း။

ဝတ်ရုံနီ ဝတ်ဆင်ထားသည့် လူငယ်ကို သူသည် အရာမသွင်းခဲ့ချေ။

ထိုအရာမသွင်းသည့် လူငယ်က လှမ်းတားလိုက်သည့်အခါ ချူကွန်စွန်းသည် အံ့သြသွားလေ၏။

ချူကွန်စွန်းသည် ရုတ်တရက် လှည့်လာသည်။

"မင်းက ဘာပြောတယ်"

"အပေါ်တက်ခွင့်မရှိဘူးလို့ ပြောတာပါ"

"ငါ့ကိုကြည့်စမ်း... ငါ ဘယ်သူလဲ"

"ဘယ်သူဖြစ်ဖြစ် ကျုပ် ဂရုမစိုက်ပါဘူး၊ သိကြားမင်းကြီးနားကင်းနဲ့ ဆင်းလာပါစေ ကျုပ် တက်ခွင့်မပြုပါဘူး"

ချူကွန်စွန်းမှာ ဒေါသများ ပေါက်ကွဲသွားတော့သည်။ သူသည် ဘာမျှစဉ်းစားမနေတော့ဘဲ လူငယ်ထိုင်နေသည့် ကျောက်တုံးအား လက်သီးဖြင့် ထိုးချလိုက်သည်။

"ဝုန်း...."

လူငယ်သည် အခြား ကျောက်တောင်တစ်တောင်သို့ ခုန်ထွက်သွားလေ၏။

လူငယ်ထိုင်နေသည့် ကျောက်တောင်ကြီးကား အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားလေပြီ။

ချူကွန်စွန်းလက်သီး၏ ထိချက်ကား တကယ်ပြင်းထန်လှ၏။

ဝတ်ရုံနီဝတ်ဆင်ထားသောလူငယ်သည် တစ်ဖက်ကျောက်ဆောင်ဆီမှ လှမ်းပြောလိုက်၏။

"ခင်ဗျားရဲ့အတွင်းအားက တော်တော်ကြီးမားပါကလား၊ ကျောက်တောင်ကိုတောင် ဖြိုနိုင်တာပဲ"

တောင်ကွဲလက်သီးက....

"အဲဒါပဏာမ ငါ့အစွမ်းကို ပြလိုက်တာပဲ၊ မင်းလိုကောင်မျိုးကို ငါက အမှုန့်ခြေပစ်နိုင်တယ်"

ဝတ်ရုံနီလူငယ်က တဟားဟား အော်ဟစ်ရယ်မောတော့သည်။

"ခင်ဗျားက ကျုပ်ကိုအမှုန့်ဖြစ်အောင် လုပ်နိုင်သလို ကျုပ်ကလဲ တေးတစ်ပုဒ်မဆုံးခင် အငေးကို ခင်ဗျားထွက်ပြေးစေနိုင်တယ်ဗျ၊ ယုံသလား"

"ဘာပြောတယ်ကွ"



"ကျုပ်သီချင်းတစ်ပုဒ်ကို ဒီကျောက်စိမ်းပလွေနဲ့ မှုတ်မယ်လေဗျာ၊ ဒီသီချင်းကို ခင်ဗျားဆုံးအောင် နားမထောင်နိုင်စေရဘူး၊ သီချင်းမဆုံးခင် ခင်ဗျားထွက်ပြေးသွားစေရမယ်၊ တကယ်လို့ဆုံးအောင် နားထောင်နိုင်ခဲ့ရင် ကျုပ်အမှုန့်ဖြစ်အောင် ခင်ဗျားရဲ့လက်သီးနဲ့ အထိုးခံမယ် ဘယ့်နှယ်လဲ"

"ဟား... ဟား... ဟား... ကောင်းပြီ စိမ်လိုက်၊ မင်းသီချင်းတစ်ပုဒ်ဆုံးသွားတဲ့အထိ ငါ့ကိုထွက်ပြေးသွားအောင် မလုပ်နိုင်ရင်တော့ မင်းရော မင်းပလွေပါ အမှုန့်ဖြစ်ပြီ အောက်မေ့ပေတော့"

ဤသို့ဖြင့် ချူကွန်စွန်းသည် ကျောက်စိမ်းပလွေမှထွက်လာမည့် တေးသံကို နားထောင်ရသည့်စခန်းသို့ ဆိုက်ရောက်လာတော့သည်။

သူသည် သာမညတေးသံမဟုတ်သည်ကို ချူကွန်စွန်းသိသည်။

သူသည် အတွင်းအားထုတ်လျက် ကျောက်စိမ်းပလွေသံကို ကြံ့ကြံ့ခံနားထောင်သည်။

လူငယ်သည် ကျောက်စိမ်းပလွေကို သီမှုတ်လေတော့သည်။

ပလွေသံစတင်ထွက်ပေါ်လာသောအခါ ချူကွန်စွန်းသည် အပြုံးမပျက်သေးချေ။

အတန်ကြာသောအခါ ထိမထင်ပြုံးနေသည့် ချူကွန်စွန်း၏

အပြုံးသည် တဖြည်းဖြည်း ပျောက်ကွယ်သွားလေတော့၏။

သူသည် အတွင်းအားဖြင့် ကာကွယ်ထားသည်။

သို့သော်လည်း ကြာရှည်မကာကွယ်နိုင်ချေ။ သူ၏ကာဆီးထားသော အတွင်းအားသည် ကျိုးပေါက် ပျက်စီးသွားလေတော့သည်။

သူသည် နားနှစ်ဖက်ကိုလက်ဖြင့် ပိတ်ဆို့ပြီး တောင်အောက်သို့ တရကြမ်း ဆင်းပြေးခဲ့ရသည်။

ပလွေသံသည် သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်ပါလာသဖြင့် သူသည် ခေါင်းကိုခါယမ်း၍ တောင်အောက်သို့ ဆင်းပြေးခဲ့ရသည်။

သူသည် တောင်ခြေရှိ နဂါးတာလီယုချိန်နှင့် ဝါရင့်သိုင်းသမားကြီးတို့အုပ်စုသို့ ရောက်သောအခါမှ သွေးများထိုးအန်ပြီး နားမှ သွေးများထွက်နေကြောင်း သိလိုက်ရတော့သည်။

တောင်ခြေရောက်ရှိမှ ချူကွန်စွန်း သက်သာတော့သည်။

တကယ်တော့ ဝတ်ရုံနီလူငယ်၏ ကျော်ကြားလှသော ပလွေတေးသံသည် သူ၏အကြောအာရုံကြောများကို ပြင်းထန်စွာ လာရောက်ရိုက်ခတ်ခြင်းဖြစ်သည်။

တဖြည်းဖြည်းအသံသည် ရင်ထဲမှ အသည်းနှလုံးများကိုပင် လာရောက်ရိုက်ခတ်သည်။

ချူကွန်စွန်းမှာ အကြီးအကျယ် ခံလိုက်ရသဖြင့် ဒဏ်ရာများဖြင့် လဲလျောင်းနေရသည်။

အခြားသူများအားလည်း ရှေ့မတက်ရန် တားမြစ်သည်။

ချူကွန်စွန်း၏အဖြစ်ကို တွေ့မြင်လိုက်ရသူများမှာ ရှေ့ဆက်မတက်ရဲကြတော့ချေ။

တောင်ပင်လယ်တွင်ပင် စခန်းချရပ်နားနေကြရတော့သည်။

သို့ရာတွင် ချူကွန်စွန်း၏စကားကို မနာခံသူတစ်ယောက်ကား ရှိသည်။ ထိုသူကား နဂါးတာ လီယုချိန်ဖြစ်လေ၏။

"ကျုပ်ကတော့ တောင်ထိပ်အရောက် တက်ရမှာပဲဗျို့"

ထိုအခါ ဝါရင့်သိုင်းသမားကြီး ချင်းချိန်က အပြင်းအထန်တားဆီးတော့သည်။

"လီယုချိန်... ခင်ဗျား စဉ်းစဉ်းစားစား လုပ်သင့်ပါတယ်၊ အခုရင်ဆိုင်နေရတဲ့အန္တရာယ်ဟာ မသေးဘူးဗျ"

လီယုချိန်က....

"ပထမတော့ ဒီအန္တရာယ်မသေးဘူးဆိုပြီး ခင်ဗျားတို့နဲ့ပေါင်းပြီး တက်မိတာပေါ့ဗျာ၊ ဒါပေမယ့် နောက်စဉ်းစားမိတယ်၊ အဘိုးယန်စီမှာထားတဲ့ မက်မုန်သီးဝိုင်ပုလင်းကို ကျုပ်ပေးပို့ရမယ်ဗျ၊ ကတိပျက်လို့မဖြစ်ဘူး"

သူ့စကားကိုကြားသောအခါ သိုင်းသမားအားလုံးအံ့သြသွားကြသည်။

ဝါရင့်သိုင်းသမားကြီး ချင်းချိန်က....

"ကျုပ်တောင်းပန်ပါတယ်ဗျာ... ကျုပ်သိတယ်... ခင်ဗျား ခံနိုင်မှာ မဟုတ်ဘူးဆိုတာ"

တောင်ကွဲလက်သီး ချူကွန်စွန်းကလည်း တောင်းပန်ပြန်သည်။

"မသွားပါနဲ့ လီယုချိန်၊ ကျုပ် တောင်းပန်ပါတယ်"

လီယုချိန်က....

"မဟုတ်ဘူးဗျ... ကျုပ်က မတက်ချင်ပါဘူး၊ မတက်ချင်လို့လဲ ချင်းချိန်တို့ အုပ်စုနဲ့ရောလိုက်တာပေါ့ဗျာ၊ ဒါပေမယ့် အခု ကျုပ်သတိရပြီဗျ၊ မက်မုန်ဝိုင်ကို ပေးဖို့လေ၊ ဘိုးဘိုးယန်စီကို ကျုပ်မပေးရင် ကျုပ်ကတိပျက်ရာ ကျမှာပေါ့"

တောင်ကွဲလက်သီးက....

"ခင်ဗျားမှာ လွတ်လွတ်လပ်လပ်လဲ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားသမီးလေးလဲ ပါသေးတယ် မဟုတ်လား"

လီယုချိန်က....

"မတတ်နိုင်တော့ဘူးဗျာ... ကလေးကိုချော့ပြီး ဒီနေရာမှာ ထားခဲ့ရမှာပဲ"

တောင်ကွဲလက်သီးက....

"ခင်ဗျားသမီးကရော နေမလားဗျ"

လီယုချိန်က ခေါင်းညိတ်၏။



"နေပါတယ်ဗျာ... ကျုပ်သမီးက လိမ္မာတဲ့သမီးပါဗျ၊ အဲ့ကျိုးအကြောင်း ရှင်းပြရင် ရပါတယ်"

"ဒီလိုဆိုရင်လဲ ပြီးတာပါပဲဗျာ"

ထိုစဉ် လူအုပ်ထဲမှ အဘွားအိုတစ်ဦး ထွက်လာလေ၏။ ထိုအဘွားအိုမှာ ဝိန်ဝိန်ပါးပါးပင်။

ထိုအဘွားအိုက....

"ကဲ... တားမရလဲ မင်းဆန္ဒအတိုင်း တက်သွားပေတော့၊ မင်းရဲ့သမီးကိုတော့ ငါနဲ့ထားခဲ့၊ မင်းပြန်မလာမချင်း စောင့်ရှောက်ထားလိုက်မယ်၊ ကဲ... မင်း စိတ်လွတ်ကိုယ်လွတ် သွားနိုင်ပြီပေါ့"

ထိုအခါ လီယုချိန် ဝမ်းသာသွားသည်။ သူသည် သမီးဖြစ်သူအား ခေါ်၍ရှင်းပြရသည်။

လီရှုရှုမှာ သူ့ဖခင်နှင့်အတူ လိုက်လိုသည်။ သို့သော် သူမက သိုင်းပညာမတတ်။

ထို့အတွက်ကြောင့် ထားခဲ့ရခြင်းဖြစ်ကြောင်း လီယုချိန်က ရှင်းပြ၏။ နောက်ဆုံး လီရှုရှုသဘောတူလိုက်ရသည်။

လီယုချိန်သည် သမီးဖြစ်သူအား စောင့်ရှောက်ထားမည်ဟု ပြောသည့် အဘွားအိုထံသို့ လျှောက်လာလေ၏။

ထိုအဘွားအိုကား မည်သူနည်း။

ထိုအဘွားအိုမှာ သိုင်းလောက၌ နာမည်ကျော်ကြားနေသော နတ်ပလွေ ဘွားဘွားတည်း။

"ကျွန်တော့်သမီးကို ဘွားဘွားဆီ ပေးအပ်ပါတယ်... ကျွန်တော့်သမီးကို ကျေးဇူးပြုပြီး စောင့်ရှောက်ပါ ဘွားဘွား"

"ငါ အသက်ရှိနေသရွေ့ မင်းသမီး မှဲ့တစ်ပေါက် မစွန်းစေရပါဘူး... စိတ်ချလက်ချသွားပါ"

လီယုချိန်သည် လက်နှစ်ဖက်ယှက်၍ နတ်လေပွေအဘွားကို အကြိမ်ကြိမ် ဂါရဝပြုလေ၏။

နတ်လေပွေဘွားဘွားမှာ အမည်နှင့်လိုက်အောင် ကိုယ်ဖော့ပညာ၌ ကျွမ်းကျင်သူဖြစ်သည်။

ဤသိုင်းလောက၌ သူမအား ကိုယ်ဖော့ပညာနှင့်ပတ်သက်၍ ယှဉ်ပြိုင်ရဲသူ မရှိပေ။

နတ်လေပွေ ဘွားဘွား၏အမည်မှာ'ဟုဇန်'ဖြစ်သည်။

ထို့ပြင် နတ်လေပွေဘွားဘွားသည် နဂါးဓားလီယုချိန်အား နဂိုကပင် ခင်မင်ရင်းစွဲရှိသူဖြစ်နေသည်။

လီယုချိန်၏စိတ်ဓာတ်ကိုလည်း သိရှိထားသူဖြစ်သည်။

ထို့ကြောင့် လီယုချိန်လွတ်လပ်စွာ သွားရောက်နိုင်ရန် သမီးဖြစ်သူအား စောင့်ရှောက်ပေးခြင်းဖြစ်သည်။

"ဖေဖေ... မြန်မြန်ပြန်လာခဲ့နော်"

လီရှုရှုက လက်ကလေးဝှေ့ယမ်း၍ ကျန်ရစ်ခဲ့လေ၏။

လီယုချိန်သည် သိုင်းသမားအစုအဝေးကို ဂါရဝပြုလျက် ပြေးထွက်သွားလေတော့၏။



အချို့က လီယုချိန်အား ရဲရင့်သူဟု ချီးကျူးကြ၏။ အချို့က မိုက်မဲသူဟု ဝေဖန်ကြ၏။ အချို့က ရူးသွပ်သူမှု မှတ်ချက်ချကြ၏။

သို့သော် အားလုံးသောလူများ၏မျက်နှာ၌မူ စိုးရိမ်ပူပန်မှု အရိပ်အယောင်များ ယှက်သန်းနေသည်သာ။

✣✣✣

(၃)

## ဖြိုင်ဘက်နစ်ဦး

မိုးထိတောင် အလယ်၌ သိုင်းသမားတို့စုရုံးရောက်ရှိနေသည်မှာ သုံးရက်တိုင်တိုင် ရှိသွားလေပြီ။

သူတို့သည် နဂါးဓားလီယုချိန်ကို စောင့်နေကြခြင်းဖြစ်သည်။

ယခုအချိန်အထိ ပြန်ဆင်းလာသောသိုင်းသမားမှာ တောင်ကွဲလက်သီး ချူကွန်စွန်းတစ်ယောက်သာ ရှိခဲ့သည်။

နဂါးဓား လီယုချိန် တက်သွားသည်မှာ သုံးရက်ရှိနေလေပြီ။ မည်သည့် အကျိုးအကြောင်းမျှ မသိရသေးပေ။



နတ်လေပွေဘွားဘွားသည် တွတ်တီးတွတ်တာဖြင့် စကားတတ်ပှသော လီရှုရှုအား ချစ်ခင်မိသည်။

သူ့ဖခင် တောင်ပေါ်တက် သွားသည့်အချိန်တွင်း၌ သူ့ဖခင်အား သတိမရစေရန် အလုပ်တစ်ခု ပေးထားရန် နတ်လေပွေဘွားဘွား စဉ်းစားသည်။

သူသည် လီရှုရှုအား ပေးထားရန် အလုပ်ကို စဉ်းစားမိလိုက်သည်။

သူမတတ်မြောက်ထားသည့် ကိုယ်ဖော့ပညာကို လီရှုရှုအား သင်ပေးထားရန်တည်း။

သူမ ကိုယ်ဖော့ပညာသင်ရန် လွယ်ကူစေရန်အတွက် အဘွားသည် လီရှုရှုအား နတ်ဆေးဖြူသုံးလုံးကို တိုက်ကျွေးသည်။

ထိုနတ်ဆေးဖြူသုံးလုံးမှာ အစွမ်းထက်၏။ လီရှုရှုမှာ ဘွားဘွား၏ပညာကို ခံယူရန် အဆင်သင့်ဖြစ်သွားလေ၏

သူမသည် ဖခင်မရှိသဖြင့် နတ်လေပွေဘွားဘွား၏ ကိုယ်ဖော့ပညာများကို အပတ်တကုတ် သင်ယူနေသည်။

ပညာသင်ယူနေချိန်တွင်တော့ ပညာထဲ စိတ်ရောက်နေတတ်သော်လည်း ပညာသင်ချိန်မှအပဖြစ်သော အချိန်တွင်မူ သူမ၏ဖခင်အား သတိရတော့သည်။

"ဘာလိုလိုနဲ့ ဖေဖေ တောင်ပေါ်တက်သွားတာ သုံးရက်တောင် ရှိသွားပြီနော် ဘွားဘွား"

"ဩော်... သမီးရယ် သူတောင်ထိပ်ကို ရောက်သွားလို့နေ
မှာပေါ့ သမီးရယ်"

နတ်လေပွေဘွားဘွားသည် လီရှုရှုအား အားပေးနှစ်သိမ့်
လိုက်ရသော်လည်း သူကိုယ်တိုင်မှု နဂါးတေးလီယုချိန်အတွက် စိတ်ပူ
နေလေပြီ။

တောင်ထိပ်သို့ သွားသည့်ခရီးသည် နှစ်ရက်မျှသာ ကြာ
မည်။ နှစ်ရက်ဆိုသည်မှာ အလွန် အချိန်ပေးထားခြင်းဖြစ်သည်။

တစ်ရက်နှစ်ရက်မှ ပြန်မလာလျှင် မိမိပါ လိုက်ရမည်လော
ဟု ဝေခွဲမရဘဲ ရှိနေသည်။

ထိုအချိန်အတွင်း လီရှုရှု သူ့အဖေထံ အတွေးမရောက်စေ
ရန် ကိုယ်ဖော့ပညာကို ဖိသင်ပေးလေ၏။

သူ့ရည် ရွယ်ချက်မှန်သည်။ လီရှုရှုသည် သူ့အဖေအား မ
တွေးနိုင်တော့ချေ။

ဆယ်ခါအတွေးရောက်မည့်အစား တစ်ခါသာအတွေး
ရောက်တော့သည်။

ဤသို့ပညာသင်ကြားပေးရင်း ငါးရက်မြောက်နေ့သို့ ရောက်
ရှိလာခဲ့လေ၏။

"အဘွား... ဖေဖေ တောင်ပေါ် တက်သွားတာ ဒီနေ့ဆို ငါး
ရက်ရှိပြီ၊ တစ်ခုခုများဖြစ်နေပြီလား မသိဘူး၊ သမီးလိုက်သွားချင်
တယ် အဘွားရယ်"



နတ်လေပွေအဘွားသည် သက်ပြင်းချလိုက်၏။

ဤခရီးမှာ အသက်အန္တရာယ်ပင် စိုးရိမ်ရသော ခရီးလမ်း
ဖြစ်သည်မဟုတ်ပါလော။

အသက်အန္တရာယ်စိုးရိမ်ရသဖြင့် သိုင်းသမားများပင်
တောင်လယ်စခန်း၌ စုဝေးနေထိုင်ကြရသည် မဟုတ်ပါလား။

ဤနုနုနယ်နယ် သမီးငယ်ကလေးမှာ အဘယ်သို့လျှင် ဤခ
ရီးကြမ်းကြီးကို တက်နိုင်ပါမည်နည်း။

"သမီးလိုက်သွားလို့ ဘယ်ဖြစ်မှာလဲကွယ်၊ သိုင်းသမားဆို
တာ တော်ရုံတန်ရုံကို ဂရုစိုက်တာမဟုတ်ဘူးကွယ့်၊ လူကြီးကြီးတွေ
ဖြစ်တယ်၊ ဒီသိုင်းသမားတွေတောင် ဒီတောင်လယ်စခန်းမှာ စုဝေး
ပြီးစောင့်နေတာ၊ တောင်ပေါ် မတက်ရဲလို့ဘဲကွယ်"

"ဟင့်အင်း... ဟင့်အင်း သမီးဖေဖေ အန္တရာယ်တွေ့နေ
တာကြာပြီ၊ အခုငါးရက်တောင် ရှိသွားပြီ၊ သမီးလိုက်သွားမှာပဲ"

နတ်လေပွေအဘွားက အတန်တန် ဖျောင်းဖျသည်။ သို့
သော် လီရှုရှုက ခေါင်းမာသည်။

သူမက အဘွားမလိုက်လျှင် ရှိပါစေ၊ သူမတစ်ယောက်
တည်း တက်မည်ဟု ပြောနေသည်။

နောက်ဆုံးအဘွားသည် အလျှော့ပေးရတော့သည်။ သူမ
သည် ဤကလေးမကို စောင့်ရှောက်မည်ဟု ကတိပေးထားခဲ့ရသည်
မဟုတ်ပါလော။

"ကဲ... ဒီလောက် သမီးသွားချင်လှတာ အဘွားလိုက်ပို့ပေးရတော့မှာပေါ့"

နတ်လေပွေအဘွားသည် သက်ပြင်းချလိုက်၏။ လီရှုရှုအားလိုက်ပို့ရန် စိတ်လေးလေးနှင့်ဆုံးဖြတ်ရလေတော့၏။

"ဒါမှ တို့အဘွားကွ၊ ဒါကြောင့် အဘွားကို သမီးက ချစ်တာ"

လီရှုရှုသည် ဖြီးကောင်ပေါက်မလေးဖြစ်၍ နတ်လေပွေအဘွားအား တရွတ်ရွတ် နမ်းလေတော့၏။

နတ်လေပွေအဘွားမှာ စိတ်ရှုပ်နေသည်။

"သမီး... သမီးဟာ တကယ့်ကလေးပဲ၊ ဒီခရီးလမ်းရဲ့အန္တရာယ်ကို ဘယ်လိုမှမသိပါလား၊ ဒီလမ်းဟာ သေလမ်းသမီးရဲ့ သေလမ်း"

"ဟို... သမီးက အန္တရာယ်တွေလဲ မကြောက်ဘူး၊ သေလမ်းလဲ မကြောက်ဘူး၊ အဘွားတစ်ယောက်လုံး ရှိတာပဲ"

အဘွားအိုမှာ သက်ပြင်းသာ ချနေရတော့သည်။

"နောက်ပြီး သမီးက အစုသိုင်းပညာ တတ်နေပြီ၊ သမီးဝင်တိုက်မှာပေါ့၊ ဘယ်လိုရန်သူမျိုးလာမလဲ၊ လာစမ်းပါစေ၊ သမီးကရှင်းပစ်လိုက်မယ်"

ဟန်နှင့်မာန်နှင့်ပြောနေသော လီရှုရှုကိုကြည့်ပြီး နတ်လေပွေအဘွား ရယ်ချင်လာ၏။ သူမရယ်ချင်စိတ်ကို မမျိုသိပ်နိုင်ဘဲ ရယ်မောမိတော့၏။



"အေးပါ... ညည်းရန်သူနဲ့တွေ့တော့မှ ထွက်မပြေးနဲ့ ကြားလား"

"အိုး... တွေ့ချင်သလောက် ရန်သူကိုတွေ့ပါစေ၊ တွေ့တော့မှ သမီးသတ္တိကို အဘွားတွေ့ရမယ်"

"ကောင်းပါပြီတော်... ရန်သူနဲ့တွေ့တော့မှ ညည်းရဲ့မဟာသတ္တိကြီးကို ကြည့်ရမယ်"

သူတို့သည် တောင်ပေါ်တက်ရန် ပြင်ဆင်ကြတော့သည်။ ဝါရင့်သိုင်းသမားကြီး ချင်းချိန်နှင့် အခြားသိုင်းသမားများက ဝိုင်းဝန်းဖျောင်းဖျကြ၏။

အဘွားမှာ လီရှုရှု၏စိတ်သဘောကို သိရှိသဖြင့် အန္တရာယ်ကိုသိမြင်သော်လည်းသွားရန် ဆုံးဖြတ်ပြီးကြောင်း ပြောဆိုရသည်။

"ကဲ... သမီး၊ တောင်ပေါ်တက်ကြစို့"

လီရှုရှုနှင့် အဘွားဟုဇန်တို့သည် တောင်ပေါ်သို့တက်ရန် ပြင်ဆင်ကြတော့၏။

မကြာမီ သူတို့နှစ်ယောက်သည် တောင်ပေါ်သို့ တက်ကြလေတော့၏။

အဘွားဟုဇန်အနေနှင့် တက်သွားလျှင် တောင်ပေါ်သို့ ခေတ္တခဏနှင့် ရောက်နိုင်သော်လည်း လီရှုရှုကိုစောင့် နေရသဖြင့် စိတ်သွားတိုင်း ကိုယ်မပါဘဲ ဖြစ်နေသည်။

ထိုစဉ် တောင်ပေါ်မှ သိုင်းထိမ်သီးကြီးအချို့ ပြေးဆင်းလာ

သည်ကို တွေ့ကြရလေသည်။

သိုင်းသမားအချို့က အော်ဟစ်သတိပေးသွားသည်။

"ဗျို့... အဘွားဟုဇန် ရှေ့ဆက်မတက်နဲ့"

သူတို့သည် အော်ဟစ်ရင်း ဆက်ပြေးသွားသည်။ နောက်ထပ် သိုင်းသမားများ ပြေးဆင်းလာပြန်သည်။

"အဘွားဟုဇန် ပြန်ဆင်း... ပြန်ဆင်း"

အဘွားနှင့် လီရှုရှုတို့သည် ပြေးဆင်းလာနေသူများကို ကြည့်နေလိုက်၏။

တောင်ပေါ်မှ ဆင်းလာသူများမှာ အတွင်းအား အလွန်ကောင်းသူများဖြစ်ကြောင်း အဘွားသိသည်။

သူတို့သည်ပင် ထွက်ပြေးလာကြသဖြင့် အဘွားမှာ စဉ်းစားရသည်။

ဒုတိယပြေးဆင်းလာသူမှာ ကိုယ်ဖော့ပညာအစွမ်းထက်သူတစ်ဦး ဖြစ်သည်။

ထိုသူ ပြေးဆင်းလာသည့်အတွက်လည်း အဘွား စဉ်းစားရပြန်သည်။

သူတစ်ယောက်တည်းဆိုလျှင် အကြောင်းမဟုတ်။ လီရှုရှုကလေး ပါနေသည်။ ဤသည်မှာ အကြောင်းဖြစ်သည်။

လီရှုရှုမှာ ဘာမျှမသိ။ မည်သည့်အန္တရာယ်မဆို ရင်ဆိုင်မည်သာ ဖြစ်သည်။



ထို့ကြောင့် ဒုက္ခရောက်ချင်း ရောက်လျှင် လီရှုရှုသာ ဖြစ်ပေလိမ့်မည်။

မိမိမှာ မီးစဉ်ကြည့်ကာ၍ ရသည်။ ခုခံကာကွယ်နိုင်သည်။ အခြေအနေမဟန်က ရှောင်တိမ်းနိုင်သည်။

ထို့ကြောင့် သူသည် ဆက်မတက်ဘဲ ဤနေရာတွင် ခေတ္တစခန်းချရန် ဆုံးဖြတ်လိုက်မိသည်။

"ကဲ... သမီး ကြားတဲ့အတိုင်းပဲ၊ ခု သတိပေးသွားတဲ့သိုင်းသမားတွေကြီးတွေဟာ သိုင်းလောကမှာ ကျော်ကြားတဲ့လူတွေချည်းပဲ၊ သူတို့တောင်မခံနိုင်ဘဲ ဆုတ်ခွာပြေးခဲ့ရတယ်ဆိုတော့ အန္တရာယ်က မသေးလှဘူးထင်တယ် သမီးရဲ့၊ အဘွားက တစ်ရက်တန်သည် နှစ်ရက်တန်သည် စောင့်ကြည့်ချင်သေးတယ်"

လီရှုရှုသည် မျက်နှာညှိုးသွားလေသည်။

"အဘွားကလဲ သူတို့သိုင်းပညာတော်ကြမှာတော့ အမှန်ပါပဲ... ဒါပေမယ့် ကြောက်စိတ်ရှိမှာ သူရဲဘောကြောင်မှာတော့ သူတို့ကို ဘယ်သူမှမမိဘူး၊ သူတို့ဆင်းပြေးလာတာကို ကြည့်ပါလား"

သူမက ဆက်ပြောသည်။

"သူတို့ဟာ ရန်သူကိုပြန်ချဖို့ မစဉ်းစားသေးဘူး၊ ပြေးဖို့ပဲ စဉ်းစားနေတာ၊ လာပါ အဘွားရယ် သမီးတို့က ခံတိုက်ကြမယ့်သူတွေပဲ ဥစ္စာ"

အဘွားက....

"မဟုတ်ဘူး သမီးရဲ့၊ သူတို့လဲ ပြန်ခုခံကြပါတယ်ကွယ်၊ မနိုင်လို့ ထွက်ပြေးလာကြတာပါ၊ သူတို့ဟာ လူကဲ့ရဲ့ ခံပြီး ဘယ်ထွက်ပြေးကြမှာလဲ၊ ချူကွန်စွန်းပြောတဲ့အတိုင်း ဒီရန်သူကို လုံးဝမယုဥ်နိုင်လို့ ပြန်ပြေးလာကြတာပါ"

လီရှုရှုက....

"အဘွားကလဲ ကြောက်နေပြန်ပြီ၊ သမီးက ဟိုဆင်းပြေးသွားတဲ့ သိုင်းသမားကြီးတွေလိုတော့ အဘွားကြောက်မှာ မဟုတ်ဘူးလို့ထင်နေတာ အခုတော့ ဒုက္ခပါပဲ"

လီရှုရှုသည် နတ်လေပွေအဘွားကိုပင် သူရဲဘောကြောင်သူဟု စွပ်စွဲနေလေပြီ။

ထိုစဉ် သူတို့ရောက်ရှိနေသည့်နေရာသို့ အဆိပ်လက်နက်ပုန်းပစ်ခတ်ရာ၌ ကျွမ်းကျင်လှသော ရွှေပိတုန်းအဘွားလင်ဆိုသည့် အဘွားကြီးတစ်ဦး ရောက်ရှိလာတော့သည်။

နတ်လေပွေအဘွား ဟုဇန်သည် မျက်နှာတစ်ချက်ပျက်သွား၏။

အဘယ်ကြောင့်ဆိုသော် အဘွားလင်သည် အဘွားဟုဇန်၏ ကျောင်းတော်က ရန်စရှိသူတစ်ဦး ဖြစ်နေဖြင်းကြောင့်ပေတည်း။

နတ်လေပွေအဘွား ဟုဇန်က လီရှုရှုအား တီးတိုးပြောသည်။

"သမီး ခပ်ဝေးဝေးမှာနေပါ၊ ဒီအဘွားကြီးဟာ အဘွားရဲ့ရန်သူတစ်ဦးကွယ့်၊ အဘွားနဲ့တစ်ပွဲတစ်လမ်းတော့ အကဲစမ်းရမှာ သေချာတယ်၊ ခပ်ဝေးဝေးမှာ ရှောင်နေပါ သမီးရယ်"

လီရှုရှုက ခေါင်းခါ၏။

"မသွားဘူး... အဘွားဘက်က ဝင်တိုက်ပေးမယ်"

လီရှုရှု၏စကားကိုကြားသောအခါ နတ်လေပွေအဘွား ဟုဇန် ပြုံးမိ၏။

"မဖြစ်ပါဘူး သမီးရယ်၊ သမီးတတ်ထားတဲ့ပညာလေးက မတောက်တခေါက်ပါ၊ သမီးက လီမှာပါတယ်၊ အဘွားတို့ကိစ္စ အဘွားတို့ပဲ ရှင်းပါ့မယ်"

နတ်လေပွေအဘွား ဟုဇန်က ချော့မော့ပြောဆိုသဖြင့် လီရှုရှုမှာ ကျောက်တုံးကြီးတစ်တုံးအကွယ်၌ သွားရောက်ပုန်းအောင်းလိုက်ရသည်။

အဘွားကြီးနှစ်ဦး မျက်နှာချင်းဆိုင် ရင်ဆိုင်လိုက်သည်ကို တွေ့မြင်လိုက်ရတော့သည်။

နတ်လေပွေအဘွား ဟုဇန်မှာ ဆံပင်ဖြူဖြူနှင့်ဖြစ်သည်။

ရွှေပိတုန်းအဘွားလင်မှာ ဆံပင်နီကြောင်ကြောင်နှင့် ဖြစ်သည်။

သူတို့၏ရုပ်ရည်အဝတ်အစားကို ကြည့်ဖို့မလိုချေ၊ ဆံပင်ကို ကြည့်ရုံနှင့် သူတို့နှစ်ဦးကို ခွဲခြားသိနိုင်သည်။

"ကဲ... ဆံဖြူမ ညည်းက မသိဘူးလား၊ ကျုပ် ဒီဂါရဝမြုံ့ပွဲ

ကို တက်မယ်ဆိုတာ"

ရွှေပိတုန်းအဘွားလင်က လက်ညှိုးငေါ်ငေါ်ထိုး၍ ရန်တွေ့သည်။

နတ်လေပွေအဘွားကမူ ရွှေပိတုန်းအဘွားလောက် ဒေါသမကြီးပါ။

"သိသားပဲ... ဆံနီမ၊ ရှင့်ကို ဂရုစိုက်စရာမလိုလို့ ကျုပ်လာခဲ့တာပေါ့"

သူမက ဆက်၍ပြောလိုက်၏။

"ရွှေပိတုန်းကိုကြောက်တယ်ဆိုတာ ကျုပ်ရာဇဝင်မှာ မရှိဘူး၊ ရှင် အဲဒါကို သိထား"

ရွှေပိတုန်းအဘွားလင်မှာ သူမအား ရွှေပိတုန်းဟု ပြောဆိုလိုက်သဖြင့် ဆတ်ဆတ်ထိမခံနိုင်အောင် ဖြစ်သွား၏။

"အေး... ဒါဖြင့်ရင် ညည်းနဲ့ကျုပ် မိုးထိတောင်ဂါရဝပြုပွဲမှာ တစ်ပွဲတစ်လမ်းလောက် အကဲစမ်းကြရအောင်၊ မုန့်လေပွေ ဟုဇန်ဘယ်လိုဆိုတာကို ကျုပ်က ချိုးဖဲ့ပြလိုက်မယ်"

နတ်လေပွေအဘွား ဟုဇန်မှာ သူမအား မုန့်လေပွေဟု ခေါ်ဆိုလိုက်သဖြင့် အကြီးအကျယ် ဒေါပွသွားသည်။

"အေး... မိုးထိတောင်ဂါရဝပြုပွဲမှာ ညည်းဆံပင်တွေကို တစ်ပင်စီနုတ်ပစ်မယ်"

"ဟား... ဟား... ဟား... ကြည့်ကြသေးတာပေါ့၊ ညည်းဆံ



ပင်ဖြူတွေပဲ ပြုတ်ကွက်မလား ကျုပ်ဆံပင်တွေပဲ ပြုတ်ထွက်လာမလားလို့"

ဤသို့ဖြင့် အဘွားအိုနှစ်ဦးမှာ ဂါရဝပြုပွဲတွင် ယှဉ်ပြိုင်မည့်သိုင်းပြိုင်ပွဲသို့မရောက်တော့ဘဲ ထိုနေရာတွင်ပင် နှစ်ဦးသားယှဉ်ပြိုင် တိုက်ခိုက်ကြတော့သည်။

အဘွားဟုဇန်သည် အလွန်လျင်မြန်စွာ ရွှေပိတုန်းအဘွားလင်၏ဆံပင်များကို ဆွဲယူလိုက်၏။

ဆံပင်များကို ဆွဲမိမည်ကဲ့သို့ ဖြစ်သွား၏။

ထိုအခါ အဘွားလင်သည် လာရောက်ဆွဲယူသည့် အဘွားဟုဇန်၏လက်များကို သူ့လက်သည်းရှည်ကြီးများနှင့် ပေါက်ချလိုက်၏။

အဘွားဟုဇန်၏လက်ဖျားမှာ အဘွားလင်၏ဆံပင်များကို ဆုပ်ကိုင်မိရန် တစ်ထွာခန့်အလိုတွင်မှ နောက်ဆုတ်သွားရလေသည်။

ထို့နောက် ဘွားဘွားလင်သည် သူ၏ရှည်လျားသော လက်သည်းကြီးများနှင့် ကုတ်ခြစ်ရန် ကြိုးစားတော့၏။

ထိုလက်သည်း ရှည်ကြီးများနှင့် ကုတ်ခြစ်မိလျှင် မလွယ်ပေ။ အဆိပ်တက်ပြီး တဒင်္ဂအတွင်း သေသွားမည်ဖြစ်သည်။

ဘွားဘွားဟုဇန်က ရွှေပိတုန်းဘွားဘွားအား ကိုင်ပေါက်လိုက်ရာ ဘွားဘွားလင်မှာ ကျောက်တုံးကြီးတစ်တုံးဖြင့် သွားရောက်ဆောင့်မိလေ၏။

ရွှေပိတုန်းဘွားဘွားသည် သတိမလစ်ချေ။ သူသည် အဆိပ်လက်နက်ပုန်းများဖြင့် ပစ်ခတ်လေတော့သည်။

"ဗွီး... ဗွီး... ဝှစ်"

ရွှေများ ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားသည်။ သို့သော် ဘွားဘွားဟုဇန်မှာ အလွန်ပေါ့ပါးစွာ ရှောင်တိမ်းနိုင်သဖြင့် လက်နက်ပုန်းများသည် ဘွားဘွားအား ထိမှန်အောင် မပစ်ခတ်နိုင်ဘဲ ရှိနေရသည်။

ဘွားဘွားဟုဇန်မှာ လူတစ်ဖက်စာမျှရှိသည့် ကျောက်တုံးကြီးဖြင့် ရွှေပိတုန်းဘွားဘွားလင်အား ပစ်ပေါက်လိုက်တော့သည်။

ဘွားဘွားလင်သည် ကျောက်တုံးကြီးအား လက်ဝါးစောင်းနှင့် ရိုက်ချလိုက်၏။

"ဝုန်း...."

ကျောက်တုံးကြီးမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေလွင့်စဉ်သွား၏။

"ဟင်... ညည်းက တော်တော် အစွမ်းထက်နေတယ်ပေါ့။ ညည်း ဘယ်လောက်စွမ်းနေသလဲဆိုတာ ကြည့်ကြသေးတာပေါ့"

သူမသည် ယင်းသို့ပြောပြီးသည်နှင့် သူမကိုင်စွဲထားသော ကျောက်လက်နက်တုတ်ကောက်ဖြင့် လွှဲပစ်လိုက်၏။

"ဗွီ... ဟီ... ဟီ"

ကျောက်လက်နက်တုတ်ကောက်သည် တဗိုးဗိုးဖြင့် ဘွားဘွား ဟုဇန်ထံသို့ လွင့်စဉ်လာလေ၏။



ဘွားဘွားသည် အထက်သို့ခုန်တက်လိုက်၏။

သူမသည် ကျောက်လက်နက်အား ခုန်ကန်လိုက်သည်။ ကျောက်လက်နက် တုတ်ကောက်သည် အပိုင်းပိုင်း ကြိုးပြတ်ထွက်သွားလေ၏။

"ဟဲ... ဟဲ... ဟဲ ဆံနီပိတုန်းမ နင့်တောင်ဝှေးမရှိတော့ဘူး မဟုတ်လား၊ နင် လေးဘက်ထောက်ပြီး လမ်းလျှောက်ပေတော့"

"အေး... ငါက နင့်လို သေခါနီး ဆံဖြူဇရာထောင်းနေတဲ့ အဘွားကြီးမဟုတ်ဘူး၊ ငါ တောင်ဝှေးကိုင်တာက ငါ လမ်းလျှောက်ဖို့ မဟုတ်ဘူး၊ ရန်သူကို လက်နက်အဖြစ် တိုက်ဖို့ဟဲ့"

ရန်သူတော်ဟောင်း အဘွားကြီးနှစ်ယောက် တိုက်ခိုက်နေသည်ကို လီရှုရှုတွေ့ရသည်။ သူတို့၏တိုက်ကွက်ထဲသို့ ဝင်ရောက်တိုက်ခိုက်ဖို့ရန် မလွယ်ကူပေ။

"အင်း... သူတို့နှစ်ယောက် ခုလို လက်ရည်တူညီနေတော့ တော်ရုံနဲ့ တိုက်ပွဲကြီးဟာ ပြီးဆုံးမှာမဟုတ်ဘူး၊ ဘွားဘွားဟုဇန်ဟာ တိုက်ခိုက်နေရတော့ ငါ့ကိုလဲ မတားနိုင်ဘူး၊ ငါ့ကိုမတားနိုင်ခင် ငါ တောင်ပေါ်ကိုတက်သွားမှ ဖြစ်မယ်"

ထိုသို့တွေးမိသဖြင့် လီရှုရှုလည်း တိုက်ပွဲကို ကျောခိုင်းလျက် တောင်ပေါ်သို့တက်သွားလေတော့သည်။

❖❖❖

## (၄)
## သွေးပလွေရှင်

တောင်ပေါ်၌ တောင်ကွဲလက်သီးပြောပြသော လူငယ်ကို သူမ တွေ့ရသည်။

လူငယ်ကား သူမထက် တစ်နှစ်၊ နှစ်နှစ်ခန့်သာ ကြီးသည်။ လူငယ်ကလေး ဖြစ်သည်။

သူသည် ဝတ်ရုံနီကို ခြုံမထားပါ။ နီရဲသော၊ အထက်အောက်ဝတ်ရုံကို ဝတ်ဆင်ထားပါသည်။

သူသည် ကျောက်တုံးတစ်တုံးထက်ဝယ် ထိုင်နေပြီး ကျောက်စိမ်းပလွေအား ကိုင်လျက် လီရှုရှုအား ကြည့်၍နေလေ၏။



လီရှုရှု သူ့အနီးသို့ရောက်သောအခါ ကျောက်တုံးပေါ်မှ ခုန်ဆင်းလိုက်၏။

"ဟေ့... မိန်းကလေး၊ ဘယ်လဲ"

သူနှင့်သက်တူရွယ်တူလောက်ရှိသည့် လူငယ်ကလေးတစ်ဦးက သူမအား လူကြီးပုံစံနှင့် မိန်းကလေးဟုခေါ်လိုက်သဖြင့် သူမသည် မကျေမနပ်ဖြစ်သွားလေ၏။ ထိုလူငယ်အား လှမ်းကြည့်လိုက်သည်။

ထိုလူငယ်သည် ပြုံး၍ကြည့်နေသည်။ ရန်လိုသောအမူအရာ လုံးဝမရှိချေ။

"ဘယ်လဲလို့မေးရအောင် ကျွန်မသွားမယ့်နေရာကို သိရင် ရှင်က လိုက်ပို့ပေးမလို့လား"

လီရှုရှုက အမြင်ကတ်၍ တမင်ရွဲ့ပြီးတော့ မေးလိုက်သည်။

"ဟား... ဟား...ဟား... မင်းကိုလိုက်ပို့ဖို့ နေနေသာသာ ရေ့ခြေလှမ်း တစ်လှမ်းတိုးဖို့တောင် ငါ ခွင့်မပြုနိုင်ဘူး"

လူငယ်က ပြောပြီး ရယ်နေသဖြင့် လီရှုရှုမှာ ပို၍မခံမရပ်နိုင်အောင် ဖြစ်သွားသည်။

တောင်ကွဲလက်သီးနှင့် ထိပ်သီး သိုင်းပညာရှင်တို့ကား တောင်ပေါ်မှ ပြေးဆင်းခဲ့လေပြီ။

သို့သော် သူမသည် ထိုလူငယ်အား အနည်းငယ်မျှပင် ကြောက်ရွံ့စိတ်မရှိခဲ့ပေ။

ထိုလူငယ်အား သူမ မကြောက်သည်မှာ အကြောင်းရှိသည်။

ထိုလူငယ်၌ ကြမ်းတမ်းခက်ထန်သော အမူအရာလည်းမရှိ။ ထွားကျိုင်းသန်မာသော ခန္ဓာကိုယ်အချိုးအဆစ်လည်းမရှိ။

ဤ လူငယ်အား အဘယ်ကြောင့် ကြောက်ရွံ့ရမည်နည်း။ လီရှုရှု လုံးဝမဂရုမစိုက်ချေ။

"ရှင်ကလား ကျွန်မကို တစ်လှမ်းတောင် သွားခွင့်မပြုတာ"

"ဟုတ်တယ်"

"ရှင်က ခွင့်မပြုရအောင် ဒီမိုးထိတောင်က ရှင်အပိုင်စားရထားတဲ့ တောင်မို့လား"

ကက်ကက်လန်အောင် ရန်တွေ့လိုက်သောမိန်းကလေး၏ အသံကြောင့် လူငယ်သည် ပြုံးလိုက်သည်။

"ဩော်... ငါက မင်းကိုဒေါင်းမလေးလား အောက်မေ့ပါတယ်၊ လက်စသတ်တော့ မင်းက ကျားသစ်မလေးဖြစ်နေတာကိုး"

လီရှုရှု မကျေမနပ်ဖြစ်သွားသည်။

"ဒေါင်းမ ဖြစ်ဖြစ် ကျားသစ်မ ဖြစ်ဖြစ်... ရှင်နဲ့မဆိုင်ဘူး၊ ရှင် လမ်းဖယ်ပေးပါ"

"ဘာဖြစ်လို့ ဖယ်ပေးရမှာလဲ၊ ငါ့ဆီက မင်းလိုမိန်းကလေးမပြောနဲ့ သိုင်းထိပ်သီးကြီးတွေတောင် ပြန်ပြေးဆင်းရတယ်၊ မင်းလမ်းမှာ မတွေ့ခဲ့ဘူးလား"



"သူတို့က သွေးမရှိတဲ့သိုင်းသမားတွေပဲ၊ သူတို့ကို ထည့်မပြောနဲ့"

"ဟ... ထည့်မပြောလို့ ရမလားကွ၊ သူတို့ဟာ သိုင်းထိပ်သီးကြီးတွေကွ"

"ကျွန်မကတော့ သူတို့ ဘာကြီးတွေဖြစ်နေပါစေ၊ အောက်ဆင်းပြေးသွားတဲ့အတွက် ဘာမှ ဂရုမစိုက်ဘူး"

"မင်းက ငါ့ကို မကြောက်ဘူးပေါ့"

"ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ ရှင်ကလဲ လူ၊ ကျွန်မကလဲ လူ၊ လူလူချင်းပဲ"

"ဒါဆိုရင် ငါကတော့ လမ်းမဖယ်ပေးဘူး၊ ငါ့ကိုကျော်ဖြတ်နိုင်ရင် ကျော်ဖြတ်ပေတော့"

ထိုအခါ လီရှုရှုက လူငယ်အား တွန်းဖယ်ပြီး ဖြတ်ကျော်ရန်ကြိုးစားသည်။

လူငယ်က သူမ၏လက်မောင်းကလေးအား ဖမ်းဆွဲလိုက်၏။

သူမ၏မျက်နှာ၌ ပန်းသွေးရောင်ဖျန်းသွားသည်။

သက်တူရွယ်တူ ယောကျ်ားလေးတစ်ဦးက ပထမဦးဆုံးအကြိမ် သူမ၏လက်မောင်းကို ကိုင်ဆွဲခြင်းတည်း။

သူမသည် ရှက်ရွံ့စွာဖြင့် လူငယ်ကလေးအား မျက်လုံးလှန်ကြည့်သည်။

လူငယ်ကလည်း သူမ၏လက်မောင်းကလေးအား မလွှတ်ဘဲ စိုက်ကြည့်နေမိသည်။

သူလည်း ရင်ခုန်သလို တုန်ယင်နေသလို ဖြစ်နေသည်။

"ကျွန်မလက်ကို လွှတ်ပါ"

လီရှုရှုက ရန်းသည်။ သို့သော် လူငယ်ကလေး၏လက်မှာ ပြုတ်တူကြီးပမာ သန်မာလှသည်။

"လွှတ်နော်... ကျွန်မလက်ကို"

"မလွှတ်ဘူး... မင်းကိုလွှတ်ရင် မင်းက ငါ့ကို ဖြတ်ပြေးမှာ"

တစ်ဦးနှင့်တစ်ဦး ကြည့်မိပြန်သည်။ သူတို့နှစ်ဦးမှာ သက်တူရွယ်တူခန့်သာ ဖြစ်သည်။

အလွန်ဆုံးကြီးလျှင် ယောက်ျားကလေး ဖြစ်သောလူငယ်က တစ်နှစ်၊ နှစ်နှစ်ခန့်သာ ကြီးမည်ဖြစ်သည်။

"မပြေးဘူး... လွှတ်"

"မင်းစကားကို ယုံရမှာလား"

"ဒါကတော့ ရှင်လဲ လူပဲ၊ သိမှာပေါ့၊ လူဆိုတာ အသိဉာဏ်ရှိတဲ့ သတ္တဝါပဲ၊ ဒီတော့ ကတိတစ်လုံးကိုလဲ ထိန်းသိမ်းတတ်ရမယ်၊ ကတိတစ်လုံးအတွက် အသက်စွန့်ပွဲတဲ့လူ ဖြစ်ရမယ်၊ ရှင် အဲဒါတွေကို နားလည်ရဲ့လား"

မိန်းကလေးထံမှ လေးနက်သောစကားများကို ကြားရသဖြင့် လူငယ်သည် မိန်းကလေး၏လက်ကို လွှတ်ပေးလိုက်၏။



ထိုအခါ လီရှုရှုသည် မျက်နှာကြောကို လျှော့ချလိုက်သည်။ တင်းမာမှုများ ပျောက်ကွယ်သွားသဖြင့် သူ့မျက်နှာကလေးသည် ချောမောသွားသည်။

"အေး... အဲဒီလိုမျက်နှာကြောကို လျှော့ချလိုက်စမ်းပါ၊ လူကလဲ ငယ်ငယ်ရွယ်ရွယ်လေး၊ မျက်နှာကလေးကလဲ လှလျက်သားနဲ့"

လီရှုရှု ရင်ခုန်သွားသည်။ သို့သော် သူမက အလျှော့မပေးချေ။

"အဲဒါ ရှင့်အလုပ်လား၊ ရှင်က တားဆီးနေတဲ့လူ၊ ကျွန်မက တောင်ပေါ်တက်ဖို့ လုပ်နေတဲ့လူ၊ ရှင်နဲ့ကျွန်မဟာ ရန်သူတွေပဲ၊ ရှင် ဘာမှပြောနေစရာ မလိုဘူး၊ ရန်သူဆိုတာ တိုက်မယ် ခိုက်မယ် သတ်မယ် ဖြတ်မယ်ဆိုတဲ့စကားပဲ ပြောရမယ်"

"ငါ တားဆီးနေရတာကလဲ အကြောင်းရှိလို့ပေါ့၊ မင်း တောင်အောက်ကို ပြန်ဆင်းသွားရင် ငါ ဘာမှပြောစရာအကြောင်း မရှိတော့ဘူး"

လီရှုရှုက ရယ်မောလိုက်၏။

"တောင်အောက်ကို ဆင်းဖို့လာတာ မဟုတ်ဘူးရှင့်၊ တောင်ပေါ်တက်ဖို့ လာတာ၊ ရှင် ဖယ်ပေးပါ"

"ဝမ်းနည်းပါတယ် မိန်းကလေး၊ ငါကတော့ ခွင့်မပြုနိုင်ဘူး၊ တစ်ခုတော့ ရှိတယ်၊ မင်းကို ငါ ပလွေမှုတ်ပြမယ်၊ အဲဒီတေးတစ်ပုဒ်

ကိုဆုံးအောင် နားထောင်နိုင်ရင်တော့ မင်းကိုသွားခွင့်ပေးမယ်၊ တောင်ပေါ်တက်ခွင့်ပြုမယ်"

လီရှုရှုသည် တောင်ကွဲလက်သီး၏စကားများကို ကြားယောင်မိသည်။

ပလွေသံသည် နားထောင်သူ၏နားအား ကွဲစေသည်ဟု ဆိုသည်။

တောင်ကွဲလက်သီး၏ပါးစပ်မှ အန်ကျသောသွေးများ၊ နားမှထွက်သောသွေးများကို မြင်ယောင်လာသည်။

သို့သော် သူမသည် အတွေ့အကြုံ မများသေးသောအပျိုပေါက်အရွယ်သာ ဖြစ်ပါသည်။

လူငယ်၏စိန်ခေါ်မှုသည် သူမအား မခံချင်စိတ် ဖြစ်ပေါ်စေသည်။

ထိုမခံချင်စိတ်ကြောင့်ပင် လူငယ်၏စိန်ခေါ်မှုကိုလက်ခံရန် ဆုံးဖြတ်လိုက်၏။

ပလွေသံကြောင့် နားကွဲ၍သေလျှင်လည်း သေပါစေတော့။

"ကောင်းပြီ... ရှင့် ပလွေသံကို ကျွန်မ နားထောင်မယ်၊ ရှင့် တေးတစ်ပုဒ်ကိုဆုံးအောင် နားထောင်နိုင်ရင်တော့ ကျွန်မကို တောင်ပေါ် တက်ခွင့်ပြုရမယ်နော်"

"အေးပါ ခွင့်ပြုမှာပါ"

"သေချာတယ်နော်"



"ငါ ယောကျ်ားပါကွ"

"ကဲ... ရှင့်ပလွေကို မှုတ်ပေတော့"

လူငယ်သည် သူ၏ကျောက်စိမ်းပလွေအား စတင်သီမှုတ်လေတော့၏။

ထိုစဉ် ကျောက်တုံးအကွယ်တစ်ခုမှ တစ်စုံတစ်ယောက်သည် ချောင်းမြောင်းနားထောင်နေ၏။ ထိုသူသည် လက်များကို လှုပ်ရှားလိုက်၏။

"ဝှစ်... ဝှစ်"

လေတိုးသံ မဆိုစလောက်ထွက်သွားသည်။

ထိုသူ၏လက်နက်ပုန်းများမှာ အလွန်သေးငယ်လှသဖြင့် လူငယ်မှာ လုံးဝသတိမပြုမိပေ။

ထိုလက်နက်ပုန်းနှစ်ခုသည် လီရှုရှု၏ နားရွက်နောက်နားရှိ အာရုံကြောကို သွားရောက်ထိမှန်လေ၏။

မည်မျှ ထိုလက်နက်ပုန်း၏ထိခိုက်မှု ညင်သာသနည်းဆိုသော် လီရှုရှုသည်ပင် မသိလိုက်ချေ။

ထိုလက်နက်ပုန်းများမှာ ကျောက်စိမ်းပလွေ၏စွမ်းအားကို မကြားစေရန် ထိုသူက ပစ်လွှတ်လိုက်သည့်လက်နက်ပုန်းများ ဖြစ်သည်။

လူငယ်သည် ပလွေကို သီမှုတ်နေ၏။

လီရှုရှုသည် ဘာမှမဖြစ်သလို ပလွေသံကို နားထောင်နေ

၏။ တကယ်တော့ သူမသည် ပလွေသံကို မကြားဝံ့တော့ချေ။

လူငယ်ကား မိန်းမပျိုလေး ဣန္ဒြေမပျက်နားထောင်နေ
သည်ကို အံ့အားသင့်နေ၏။

လူငယ်သည် ချွေးပြန်သည်အထိ ကျောက်စိမ်းပလွေကို
မှုတ်နေ၏။

နောက်ဆုံး တေးတစ်ပုဒ်သာ ဆုံးသွားသည်။ မိန်းကလေး
အား ပလွေသံက မည်သို့မျှ ဒုက္ခမပေးနိုင်ခဲ့ချေ။

ထိုအခါ ကျောက်တုံးအကွယ်မှ လူသည် နောက်ထပ် လက်
နက်ပုန်းနှစ်ခုနှင့် ပစ်လိုက်ပြန်၏။

"ဝှစ်... ဝှစ်"

ထိုလက်နက်ပုန်းနှစ်ခုသည် ပထမလက်နက်ပုန်းနှစ်ခုအား
ပြုတ်ကျသွားစေသည်။ ပိတ်နေသောအာရုံကြောများကို ပြန်ဖွင့်ပေး
လိုက်ခြင်းသာ ဖြစ်သည်။

ထိုလူ၏လှုပ်ရှားမှုကို လူငယ်သည်လည်းကောင်း၊ လီရှူရှူ
သည်လည်းကောင်း လုံးဝမတွေ့လိုက်ကြချေ။

ထိုလူ၏လှုပ်ရှားမှုကလည်း လွန်စွာ ပိရိသေသပ်သည်။

လူငယ်မှာ မိန်းကလေးအား လွန်စွာ အံ့ဩနေ၏။

"မင်း... မင်း ငါ့ပလွေသံကို တကယ်နားထောင်နိုင်တာကိုး"

မိန်းကလေးက မဲ့ရွဲ့လိုက်၏။

"ဟင်း... ဟင်း... ရှင့်ပလွေသံကို ကျွန်မက စကားထဲထည့်



ပြောမနေဘူး၊ ကဲ... ကျွန်မတောင်ပေါ်ကို တက်နိုင်ပြီလား"

လူငယ်မှာ သူ့ကတိအတိုင်း ခွင့်ပြုလိုက်ရတော့၏။

"ငါ့နာမည်က သွေးပလွေရှင် ထိုက်ပိုးရှန်လို့ ခေါ်ပါတယ်၊
ငါ့ကတိအတိုင်း မင်းကို မိုးထိတောင်ထိပ်ဆီကို ခေါ်သွားပါတော့
မယ်"

"အဲဒါ အကောင်းဆုံး အစီအစဉ်ပဲ"

လူငယ်သည် လီရှူရှူအား တောင်ထိပ်သို့ ဦးဆောင်ခေါ်ဝင်
သွားလေတော့၏။

လီရှူရှူသည် ပတ်ဝန်းကျင်အား ကြည့်ရှုပြီး လူငယ်နောက်
သို့ လိုက်သွား၏။

တောင်ထိပ်သို့တက်ရောက်ရာတွင် လူငယ်သည် အခက်အ
ခဲမရှိဘဲ တက်နိုင်သည်။ လီရှူရှူကတော့ အနည်းငယ် အခက်အခဲတွေ့
ရသည်။

သို့သော် သူမသည် လူငယ် ထိုက်ပိုးရှန်ထံမှ အကူအညီ
မတောင်းချေ။ သူမဘာသာ ဖြစ်အောင်တက်သည်။

တောင်ထိပ်သို့ရောက်သောအခါ အဆောက်အဦကြီးတစ်
ခုကို တွေ့ရှိရသည်။

အပြာရောင်ဆေးများ သုတ်ထားပြီး အလွန် ဖြိုးဆန်သော
အဆောက်အဦကြီးဖြစ်သည်။

ထိုအဆောက်အဦကြီးထဲ၌ သူဖခင် လီယုချိန်သော်လည်း

ကောင်း၊ ဝိညာဉ်နှုတ်လက်ညှိုး အဘိုးယန်စီသော်လည်းကောင်းရှိရမည်ဟု လီရှုရှုထင်သည်။ ထို့ကြောင့် ဝမ်းသာသွားလေ၏။

သို့သော် သူ့ဖခင်နှင့် အဘိုးယန်စီအစား ထူးဆန်းသော အဘိုးအိုတစ်ဦးကိုသာ တွေ့ရှိရသည်။

ထိုအဘိုးကြီး၏မုတ်ဆိတ်ဖြူကြီးမှာ အလွန်ရှည်လျားလှသည်ဖြစ်ရာ ကြမ်းပြင်နှင့်တိုက်နေတော့၏။ တစ်ခုထူးဆန်းသည်မှာ သူ့မုတ်ဆိတ် သူ မနင်းမိခြင်းဖြစ်သည်။

သူ့မုတ်ဆိတ်က ရှည်သလောက် သူ့အရပ်က ပုလှသည်။ လီရှုရှုတွေ့ရသည်မှာ အဘိုးအိုလူပုကလေးပင်တည်း။

လူပုအဘိုးအိုက သွေးပလွေရှင်နှင့်ပါလာသော လီရှုရှုအား အံ့သြစွာ ကြည့်နေလေ၏။

သွေးပလွေရှင်ကလည်း လူပုအဘိုးအို၏ အံ့သြမှုကို သိသည်။ ထို့ကြောင့် ကပျာကယာ ရှေ့သို့ထွက်ပြီး ရှင်းပြ လိုက်လေ၏။

"ဘိုးဘိုး ဟိုချုးခင်ဗျား၊ ဟောဒီမိန်းကလေးကို ကျွန်တော်ခေါ်လာလို့ အဘိုး အံ့သြနေတယ်မဟုတ်လား၊ မအံ့သြပါနဲ့၊ ဟောဒီမိန်းကလေးဟာ ကျွန်တော့် ကျောက်စိမ်းပလွေရဲ့ တေးသံကို အံ့သြစွာ နားထောင်နိုင်ခဲ့သူ ဖြစ်ပါတယ်၊ ဒါကြောင့် သူဟာ ကျွန်တော့်ကို အနိုင်ရရှိသွားပါတယ်၊ ဒါကြောင့် အဘိုးဟိုချုးထံ ခေါ်ဆောင်လာခြင်း ဖြစ်ပါတယ်"

အဘိုးဟိုချုးမှာ ပို၍ အံ့အားသင့်သွားရသည်။



သူသည် လီရှုရှုအား အကဲခတ်လိုက်၏။ ဤမိန်းကလေးမှာ သိုင်းပညာ မတတ်မြောက်ကြောင်း သူသိလိုက်သည်။

"မိန်းကလေးက ဘာကိစ္စနဲ့ တောင်ပေါ် တက်လာချင်ရတာလဲကွယ်"

ဘိုးဘိုးဟိုချုးသည် လီရှုရှုအား မေးမြန်းလိုက်၏။

လီရှုရှုကလည်း ရဲရင့်စွာ ဖြေကြားသည်။

"ကျွန်မရဲ့ဖခင် နဂါးဓားလီယုချိန်နဲ့ တွေ့ချင်လို့ပါ၊ ကျွန်မရဲ့ဖခင်ဟာ တောင်ပေါ်ကိုလွန်ခဲ့တဲ့ ငါးရက်က တက်လာခဲ့ပါတယ်၊ သူတောင်ပေါ်တက်တုန်းက ခဏပါပဲလို့ ပြောသွားပါတယ်၊ ကျွန်မကလဲ မြန်မြန်ပြန်ဆင်းဖို့ မှာလိုက်ပါတယ်၊ ဒါပေမယ့် သူဟာ ငါးရက်ကြာတဲ့အထိ တောင်ပေါ်မှာ ကြာနေပါတယ်၊ သူပြန်ဆင်းမလာနိုင်တာနဲ့ ကျွန်မ တက်လာတာပါ"

အဘိုးဟိုချုးသည် မျက်မှောင်ကြုတ်သွားလေ၏။

သူသည် လီရှုရှု၏ဖခင် လီယုချိန်နှင့်ပတ်သက်၍ တစ်ခွန်းမှ တုံ့ပြန် ပြောကြား ခဲ့ခြင်း မရှိချေ။

သူသည် လီရှုရှုအား စကားတော့ပြောသည်။ သို့သော် သူ့ဖခင် လီယုချိန်အကြောင်းတော့ မဟုတ်ချေ။

"ဒီမှာ မိန်းကလေးရဲ့၊ ဟောဒီ မိုးထိတောင်ပေါ်မှာ တခြားအရေးကြီးတဲ့ပြဿနာတွေ ပေါ်နေခဲ့တယ်၊ အဲဒါကို မင်း သိရဲ့လား"

လီရှုရှုက....

"သိလဲမသိဘူး... သိလဲမသိချင်ဘူး၊ ကျွန်အဖေအကြောင်းပဲ သိချင်တယ်"

"အဲဒါ ခက်တာပေါ့... မင်းက ဒီမှာ အရေးတကြီးဖြစ်နေရတဲ့အထဲ သခွပ်ပင်က မီးတကျည်ကျည် လာလုပ်နေတာကိုး၊ အကောင်းဆုံးကတော့ မင်းတောင်အောက်ကို ပြန်ဆင်းသွားပါကွယ်၊ ဒီမှာဘေးအန္တရာယ်တွေ ရှိတယ်ကွယ့်၊ ဒီဘေးအန္တရာယ်တွေဟာ မင်း အပေါ်ကို ကျရောက်လိမ့်မယ်"

ဘိုးဘိုးဟိုချူး၏စကားများမှာ ခြိမ်းခြောက်စကားများ ဖြစ်နေသည်။

လီရှုရှုသည် ထိုခြိမ်းခြောက်စကားကို မကြောက်ပါ။ မျက်ကန်းတစ္ဆေမကြောက်သည့်ပုံစံမျိုး ဖြစ်ပါသည်။

သူမသည် မည်သည့် ဘေးအန္တရာယ်မျှ မတွေ့ဖူးသေးချေ။ ထို့ကြောင့် အန္တရာယ်ဆိုသည်မှာ ချိုနှင့်လားဟု မေးမည့်မိန်းကလေးမျိုး ဖြစ်နေပါသည်။

"ကျွန်မကတော့ ကျွန်မ ဖခင်ကိုတွေ့ရမှ ပြန်နိုင်မယ်၊ ဘိုးဘိုးဟိုချူး သိရင်ပြောပြပါ၊ မသိရင်လဲ ကိစ္စမရှိပါဘူး၊ ကျွန်မဘာသာ ကျွန်မအဖေကိုတွေ့အောင် ရှာပါ့မယ်၊ ပြန်တော့ မပြန်ပါရစေနဲ့"

"နင့်အဖေ ဘယ်ရောက်နေတယ်ဆိုတာ ငါ မသိဘူးကွယ့်"

သို့သော် လီရှုရှုသည် မျက်လုံးကို အလကားမထားပါ။ အငြိမ်မထားပါ။ သူမသည် နေရာတကာကို လျှောက်ကြည့်နေပါသည်။

ထိုစဉ် ကုလားထိုင်တစ်လုံးမှ သူမဖခင်၏ဓားကို တွေ့လိုက်သောအခါ သူမစိတ်ထဲ၌ ဖခင်အတွက် စိုးရိမ်သွား၏။

ထို့နောက် မိုးထိတောင်ကိုလည်း သက်မကင်းဖြစ်သွားသည်။

သူမ၏ဖခင်သည် သူ့ဓားနှင့်ဘယ်သောအခါမှ ကင်းကွာခဲ့သည်မဟုတ်ပေ။

တစ်စုံတစ်ခုတော့ ဖြစ်နေပြီဟူ၍ သူမ တွက်ချက်သည်။

"အဘိုးဟာ လူကြီးတစ်ယောက်ပါ"

"အဲဒါ ဘာဖြစ်လဲ"

"လိမ်ပြောတာတော့ မကောင်းပါဘူး"

"ဘာလိမ်လို့လဲ မိန်းကလေးရဲ့"

လီရှုရှု ဒေါသထွက်သွား၏။

"ဖေဖေ့အကြောင်း အဘိုးသိလျက်နဲ့ တမင်လိမ်ပြောနေတာ၊ မသိဘူးလို့ပြောတာ လိမ်ပြောတာ မဟုတ်ဘူးလား"

အဘိုးဟိုချူးလည်း ဒေါသထွက်သွားလေ၏။ သူသည် လီရှုရှုအား လက်ညှိုးငေါက်ငေါက်ထိုး၍လိုက်သည်။

"ဟေ့... မိန်းကလေးရဲ့၊ မင်းက ဘာဖြစ်လို့ ငါ့ကို ဒီလိုစွပ်စွဲရတာလဲ"

အဘိုးဟိုချူးသည် အော်ဟစ်မေးမြန်းလိုက်လေ၏။ အမှန်

မှာ အဘိုးဟိုချူးမှာ သိုင်းလောကထိပ်သီးတစ်ဦးဖြစ်ပြီး သူ့အား အချို့က 'မုတ်ဆိတ်ဖြူအဘိုး' ဟူ၍ လည်းကောင်း၊ 'လောရှည်ဟိုချူး' ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

"ကျွန်မကို အဘိုးတို့ လိမ်လို့မရဘူးရှင့်"

"ဟ... ငါတို့က ဘာများလိမ်လို့လဲ"

"ကျွန်မဖေဖေရဲ့ အသုံးအဆောင်ပစ္စည်းလေးတစ်ခု ဒီအခန်းထဲမှာ ရှိနေတယ်၊ ဒီတော့ ကျွန်မဖခင်ကို အဘိုးမသိဘူးဆိုတာ ညာနေတာပဲ၊ ကျွန်မ ကောင်းကောင်းသိတာပေါ့၊ ကျွန်မဖေဖေကို တစ်စုံတစ်ခုလုပ်ထားလို့ကတော့ ကျွန်မနဲ့တွေ့မယ်"

"ဟော... မင်းက ငါ့ကိုကြိမ်းနေတယ်"

အဘိုးဟိုချူးက ရယ်မောလေ၏။ သိုင်းပညာလုံးဝမတတ်သော မိန်းကလေးတစ်ယောက်က သူကဲ့သို့ သိုင်းထိပ်သီးတစ်ယောက်အား ကြိမ်းဝါးနေသည်မှာ ရယ်မောစရာပင် မဟုတ်ပါလား။

✣✣✣



(၅)

## ကျညီသူမီးလက်ဝါး

အဘိုးဟိုချူး၏ရယ်မောသံမှာ လီရှုရှုအား လှောင်ပြောင်သကဲ့သို့ ရှိနေ၏။

သို့အတွက် လီရှုရှုသည် အဘိုးဟိုချူးကို ဒေါသဖြစ်သွားလေ တော့သည်။

လီရှုရှုက အဘိုးဟိုချူးအား စိန်ခေါ်လိုက်တော့၏။

"ကြိမ်းတာ မဟုတ်ဘူး၊ စိန်ခေါ်နေတာ စိန်ခေါ်နေတာ သိလား၊ အဘိုးလိုလူမျိုးကို ကျွန်မက မတိုက်ဘဲနဲ့ ရှောင်ပြေးလိုက်ချင်သေးတယ်၊ သိုင်းကွက် ငါးကွက်တိတိ ကျွန်မကိုထိအောင် တိုက်ပြ

စမ်းပါ၊ အဲဒီငါးကွက်အတွင်း ထိအောင်မတိုက်နိုင်ရင် အဘိုးအရှုံးပဲ"

"ဟား... ဟား... ဟား"

အဘိုးဟိုချူးသည် မုတ်ဆိတ်ရှည်ကြီး လှုပ်ယမ်းကာ ရယ်မောနေလေ၏။

သွေးပလွေရှင် ထိုက်ပိုးရှန်သည် လီရှုရှုအား စိုးရိမ်စွာ သတိပေးလေ၏။

"မိန်းကလေး နင်တယ်ခက်ပါလား၊ နင် စိန်ခေါ်နေတာ ဘယ်သူလဲဆိုတာ သိရဲ့လား"

"သူ ဘယ်သူလဲဆိုတာ သိဖို့မလိုပါဘူး"

"ခက်တော့တာပဲ၊ အဲဒါ ဘယ်သူမှတ်သလဲ သိုင်းထိပ်သီးကြီး လောရှည်အဘိုး ဟိုချူးလို့ခေါ်တယ်၊ နင်သတိထားပြီး တိုက်၊ သူ့တိုက်ကွက်က နင် မလွတ်နိုင်ဘူး"

"အို... ဘာပဲဖြစ်ဖြစ် ကျွန်မ ဂရုမစိုက်ဘူး"

လီရှုရှုသည် သွေးပလွေရှင် ထိုက်ပိုးရှန်အား ဒေါသနှင့်ပင် ပြောလိုက်၏။

သိုင်းထိပ်သီးဟိုချူးကလည်း ဤမိန်းကလေးသည် သိုင်းပညာမတတ်ကျွမ်းဟု ခန့်မှန်းထားရာ နှစ်ကွက်သုံးကွက်နှင့် အနိုင်တိုက်နိုင်မည်ဟု သူ ယုံကြည်သည်။ သူသည် စိတ်ထဲတွင် လုံးဝမထည့်ချေ။

"ငါးကွက်တောင် တိုက်ရမယ်မထင်ဘူး"



အဘိုးဟိုချူးက ပြောသည်။ သူသည် လီရှုရှုအား အထင်သေးပြီး ကြွက်ကို ကြောင်ကစားသို့ သိုင်းကွက်ဖြင့် စတင်တိုက်ခိုက်လေတော့သည်။

အဘိုးဟိုချူးတိုက်သည့် တိုက်ကွက်မှာ အရိုးဆုံး အစင်းဆုံး သိုင်းကွက်ဖြစ်သည်။

လီရှုရှုအား လုံးဝအထင်မကြီးသဖြင့် ဤသိုင်းကွက်ကို သုံးခြင်းဖြစ်၏။

လီရှုရှုမှာ လွန်ခဲ့သည့်ငါးရက်အတွင်း နတ်လေပွေအဘွား၏ ကိုယ်ဖော့ပညာကို အပြင်းအထန်သင်ကြားခဲ့လေရာ ကျွမ်းကျွမ်းကျင်ကျင်မဟုတ်သည့်တိုင် အတော်အသင့် တတ်မြောက်ခဲ့သည်။

သူမသည် ယခု အဘိုးဟိုချူးက စတင်တိုက်ခိုက်သောအခါ ထိုပညာကို သုံးတော့၏။

သူမ တတ်ထားသည့်ကိုယ်ဖော့ပညာမှာ အဘိုးဟိုချူးတိုက်သည့် ကကြီးရေက သိုင်းကွက်ထက်တော့ အဆင့်မြင့်သည်။

ထို့ကြောင့် သူမသည် လွယ်ကူစွာ ရှောင်တိမ်းသွားနိုင်၏။

လီရှုရှုသည် ကိုယ်ဟန်သေးသွယ်သည်။ သိုင်းရာဇာကြီးတစ်ဦး၏သမီးဖြစ်၍ ဇီဇသွေးပါရှိသည်။

ကိုယ်တိုင်က ကြိုးစားသဖြင့် ငါးရက်သာ လေ့ကျင့်သင်ကြားရသော်လည်း ကိုယ်ဖော့ပညာကို အတော်အတန်တတ်ကျွမ်းသည်။

သူမသည် အဘိုးဟိုချူး၏တိုက်ခိုက်မှုကို ရှောင်တိမ်းရှာ၍ စိတ်သွားတိုင်း ကိုယ်ပါခဲ့လေ၏။

အဘိုးဟိုချူးသည် လီရှုရှုကို အထင်သေးဆဲ ရှိနေသေးသည်။

"ဟဲ... ဟဲ... မင်းက ရှောင်နိုင်တယ် ဟုတ်လား"

လီရှုရှုက....

"အဘိုး... စကားမများပါနဲ့၊ ကျွန်မကို ထိတောင် တိုက်ပါ"

"တိုက်မှာပါ... တိုက်မှာပါ"

အဘိုးဟိုချူးသည် ဒုတိယတိုက်ကွက်ကို တိုက်ပြန်လေတော့၏။

ထိုတိုက်ကွက်ကိုလည်း ခပ်ပေါ့ပေါ့ပင် တိုက်လိုက်သည်။ လီရှုရှုသည် နတ်လေပွေအဘွား၏ ကိုယ်ဖော့ပညာကိုသုံး၍ ရှောင်တိမ်းသွားနိုင်ခဲ့ပြန်၏။

ဘေးမှ ပွဲကြည့်ပရိသတ်အဖြစ် ကြည့်နေသော သွေးပလွေရှင်ပင် အံ့သြခြင်းကြီးစွာ ကြည့်နေမိလေ၏။

သွေးပလွေရှင်၏စိတ်ထဲ၌....

"ဒီမိန်းကလေးရဲ့ ကိုယ်ဖော့ပညာက တကယ်ကောင်းတာပဲ၊ သိုင်းပညာတော့ တတ်ဟန်မတူဘူး"

သူသည် ဆက်တွေးနေလေ၏။

"နောက်ပြီး သူ့အတွင်းအားက ဒီလောက် မကောင်းဘူး၊ ဒါနဲ့တောင် ငါ့ရဲ့ကျောက်စိမ်းပလွေရဲ့ တေးသံကို သူ နားထောင်နိုင်တာ အံ့သြစရာပဲ၊ သူ့နားတွေ ဘာများဖြစ်သလဲမသိဘူး"



ကျောက်စိမ်းသွေးပလွေရှင် ထိုက်ပိုးရှန်သည် လီရှုရှုအကြောင်း နားမလည်နိုင်စွာ တွေးနေ၏။

သူတွေးနေစဉ် အဘိုးဟိုချူးသည် သိုင်းကွက်ငါးကွက် တိုက်ပြီးသွားလေပြီ။

ငါးကွက်စလုံး လီရှုရှုအား မထိချေ။ အဘိုးဟိုချူး ရှုံးသွားချေပြီ။

နောက်ဆုံး တိုက်ကွက်ကိုထုတ်လိုက်သောအခါ လီရှုရှု၏ပဝါစလေးကိုသာ အဘိုးဟိုချူး မိလိုက်သည်။

သွေးပလွေရှင် ထိုက်ပိုးရှန်သည် မိန်းကလေးဘက်မှ ဝမ်းသာမိသလို ဖြစ်နေ၏။

လီရှုရှုသည် ဝမ်းမြောက်ဝမ်းသာ အော်ဟစ်လိုက်သည်။

အဘိုးဟိုချူးကတော့ သူ အထင်သေးမိသည်ကို နောင်တရမိလေသည်။

လီရှုရှုက....

"အဘိုး... ကျွန်မ နိုင်ပြီ"

အဘိုးက မကျေမချမ်းဖြင့် ပြောသည်။

"အေးပါကွာ... မင်း နိုင်သွားပြီပေါ့"

အဘိုးသည် သူ့ကတိအတိုင်း အရှုံးပေးလိုက်ရလေ၏။

လီရှုရှုသည် အပျိုပေါက်သာသာမျှသာဖြစ်ရာ လူ့စိတ်လူ့သဘာဝကို နားမလည်ချေ။

အဘိုးဟိုချူး၏စိတ် မချင့်မရဲဖြစ်နေသည်ကိုလည်း ဂရုမစိုက်ချေ။

အဘိုးဟိုချူးကို စကားအနိုင်လုပြောနေ၏။

"အဘိုး ကျွန်မကို မနိုင်တော့ဘူး မဟုတ်လား"

ဟိုချူးက....

"ကလေး... ဟုတ်ပါတယ်၊ မင်းရဲ့ကိုယ်ဖော့ပညာက ကောင်းလှပေသကိုး"

လီရှုရှု၏မျက်လုံးများသည် အဘိုးဟိုချူး၏ခါးဆီသို့ ရောက်သွား၏။

အဘိုးခါးတွင် ပန်းရောင်ယပ်တောင်ကလေးတစ်ခု ထိုးထားသည်ကို သူမ မြင်တွေ့လိုက်ရသည်။

လီရှုရှုသည် ထိုယပ်တောင်ကလေးအား လိုချင်တပ်မက်သွား၏။

လီရှုရှုသည် ယပ်တောင်ကလေးကို ဖျတ်ခနဲလုကာ ထိုနေရာမှ ထွက်ပြေးသွားလေတော့၏။

"ဟေ့... ဟေ့... မိန်းကလေး"

အဘိုးဟိုချူးမှာ ထိုမျှသာ အော်နိုင်သည်။ လီရှုရှုသည် ကိုယ်ဖော့ပညာကို အစွမ်းကုန်အသုံးပြုကာ ထွက်ပြေးသွားလေ



တော့၏။

အဘိုးဟိုချူးသည် လီရှုရှုအား မီအောင် လိုက်နိုင်ပါသည်။ သို့သော် ဟိုချူးသည် သူရှုံးထားသော မိန်းကလေးတစ်ဦးအား မလိုက်လိုချေ။

"ကဲ... မင်းပဲ သူ့ဆီက ယပ်တောင်ကို ပြန်ယူပေးပါတော့ကွာ"

သူသည် အနီးရှိ သွေးပလွေ့ရှင်အား တာဝန်ပေးစေခိုင်းလိုက်လေ၏။

"အဲဒီယပ်တောင်ကို မရရအောင် ပြန်ယူခဲ့ကွာ၊ ဒီမိန်းကလေးနောက်ကို ငါ မလိုက်ချင်ဘူး"

"ဟုတ်ကဲ့ပါ အဘိုး"

သွေးပလွေ့ထိုက်ပိုးရှန်သည် ခုန်ထ၍ လိုက်ပါသွားတော့သည်။

မလိုက်ရင် မဖြစ်ချေ။ အဘိုးဟိုချူးက အမိန့်ပေးလိုက်သည် မဟုတ်ပါလား။

ယပ်တောင်ကလေးပြန်လည်ရရှိရန်မှာ သူ့တာဝန် ဖြစ်သွားလေသည်။

သွေးပလွေ့ရှင် ထိုက်ပိုးရှန်သည် လီရှုရှုမည်သည့်အရပ်သို့ ပြေးမည်ကို စဉ်းစားသည်။

သူမသည် တောင်ပေါ်၌ လှည့်ပတ်နေမည် မဟုတ်ချေ။

တောင်အောက်သို့သာ ဆင်းပြေးရမည်။

သူသည် ဤသို့တွက်ဆမိသည်နှင့်အလျောက် တောင်အောက်သို့ ပြေးဆင်းလာလေသည်။

သူပလွေမှုတ်၍ တားဆီးသည့် နေရာသို့ ရောက်လာသည်။ ဤနေရာ၌ သူရှာဖွေကြည့်သည်။ မ တွေ့ချေ။ သူသည် ဆက်ဆင်းလာသည်။

ထိုက်ပိုးရှန် တွေးထင်သည့်အတိုင်း လီရှူရှူသည် အောက်သို့ ဆင်းလာသည်။

နတ်လေပွေအဘွားနှင့်ရွှေပိတုန်းအဘွားတို့ တိုက်ခိုက်သည့် ကျောက်လွင်ပြင်နေရာသို့ ရောက်ရှိလာသည်။

ထိုနေရာ၌ သိုင်းအဘွားနှစ်ဦး အပြင်းအထန် တိုက်ခိုက်သွားသဖြင့် သစ်ပင်များကျိုးပဲ့ခြင်း၊ ကျောက်တုံးများပြိုကွဲခြင်း အစရှိသည့် ဖရိုဖရဲအားလုံးကို သူမတွေ့ရှိရသည်။

ထို့ပြင် ဆံဖြူအထွေးလိုက် ဆံနီအထွေးလိုက် တွေ့ရှိရသဖြင့် အဘွားအိုနှစ်ဦးမှာ အပြင်းအထန်တိုက်ခိုက်သွားကြကြောင်း သူမ သိရှိရသည်။

လီရှူရှူသည် သူ၏ဆရာမကြီးဖြစ်သော နတ်လေပွေအဘွားအတွက် လွန်စွာ စိုးရိမ်သွားသည်။

"ဘုရား... ဘုရား၊ အဘွားဟုခန် ယှဉ်မှယှဉ်နိုင်ပါ့မလား"

သူမသည် အားကိုးစရာဆို၍ ဤအဘွားတစ်ယောက်သာ



ရှိသည် မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ဖခင်ဖြစ်သူ လီယုချိန်သည် ဤတောင်၌ ပျောက်သွားခဲ့သည်။

သူမ၏ဖခင်ကို တွေ့အောင်ရှာမည်ဟု သူဆုံးဖြတ်ခဲ့လေသည်။

အကယ်၍ ဖခင်ဖြစ်သူအား တစ်စုံတစ်ယောက်က အန္တရာယ်ပေးခဲ့လျှင်လည်း ထိုအန္တရာယ်ပေးသူကို ပြန်လည်လက်စားချေမည်ဟု သန္နိဋ္ဌာန်ချထားခဲ့သည်။

"ဖေဖေ့ကိုလဲ ရှာမတွေ့၊ အဘွားကိုလဲရှာမတွေ့နဲ့ ငါတော့ ဒုက္ခရောက်ပြီ"

သူမသည် ဆက်၍ တွေးနေသည်။

"ငါ နှစ်ယောက်ကိုရှာရမလို ဖြစ်နေပြီ၊ တောင်ခြေသစ်တောထဲအထိ လိုက်ရှာရတော့မှာပဲ"

သူမသည် ထိုသို့တွေးတောပြီး တောင်ခြေတောအုပ်ထဲအထိ ဆင်းချသွားတော့သည်။

သူမသည် သူမတတ်မြောက်ထားသည့် ကိုယ်ဖော့ပညာကို သုံးကာ ပြေးထွက်သွားသည်။

လိုအချိန်၌ သူမ၏ရှေ့၌ လူတစ်ယောက် ဘွားခနဲပေါ်လာသည်။ ထိုလူသည် သစ်ပင်ပေါ်မှခုန်ချလာခြင်း ဖြစ်သည်။

လီရှူရှူနှင့်တိုက်လုတိုက်ခင် ဖြစ်သွားရလေသည်။

ထိုသူကား ဆံပင်နီကြင်ကြင်နှင့် အဘွားအိုကြီးတည်း။ ရွှေပိတုန်း အဘွားပေတည်း။

ရွှေပိတုန်းအဘွားသည် လီရှုရှုအား အကျည်းတန်စွာ စိုက်ကြည့်နေသည်။

"ဟင်… ရွှေပိတုန်း အဘွားပါလား"

ရွှေပိတုန်းအဘွားမှာ နတ်လေပွေအဘွားကို အနိုင်မတိုက်နိုင်ချေ။

နတ်လေပွေအဘွားသည် သူမအား တိုက်ခိုက်ပြီး ထွက်ပြေးသွားခဲ့သည်။ ထို့ကြောင့် ဤနေရာမှနေ၍ နတ်လေပွေအဘွားကို လာချောင်းနေခဲ့ခြင်းဖြစ်သည်။

နတ်လေပွေအဘွားကို စောင့်နေသော်လည်း နတ်လေပွေအဘွားကိုမတွေ့။

သူ့တပည့်ဖြစ်သူ လီရှုရှုအား တွေ့လိုက်ရသဖြင့် လီရှုရှုအား ရန်လုပ်ရန် တားဆီးလိုက်ခြင်းဖြစ်၏။

ရွှေပိတုန်းအဘွားသည် သူ၏နီကြင်သောဆံပင်ပွယောင်းယောင်းကို နောက်သို့လှန်တင်ရင်း….

"ဟေ့ကောင်မလေး… နင့်အဘွားကြီးကော ဘယ်မလဲ"

ရွှေပိတုန်းအဘွားသည် ခါးကုန်းနေသူဖြစ်သည်။ မျက်နှာကြီးမှာလည်း ကျက်သရေမရှိလှချေ။

သူမက မဲ့မဲ့ရွဲ့ရွဲ့နှင့်မေးလိုက်သောအခါ လီရှုရှု အမြင်ကပ်သွားလေသည်။

"ဟေ့ကောင်မလေး ငါမေးနေတာ မကြားဘူးလား"

အဘွားကြီး၏ပြောဆိုမှုသည် ယဉ်ကျေးပျူငှာခြင်း မရှိကြောင်းတွေ့ရသည်။

လီရှုရှုသည် အဘွားကြီး၏ဆက်ဆံမှုကို ဘဝင်မကျချေ။

သူမအား အဘွားကြီးက ဒုက္ခပေးနိုင်သည်ကို သူမသိဘဲဖြစ်နေသည်။

သူမသည် မျက်စောင်းထိုးလျက် အဘွားကြီးကို ပြန်ကြည့်လိုက်သည်။ ဘာစကားမျှ မပြောချေ။

ရွှေပိတုန်းအဘွားက….

"ဟေ့… မှင်စာမလေး မေးနေတာ မကြားဘူးလား၊ နင်နားပင်းနေသလား"

ရန့်ရင်း ကြမ်းတမ်းစွာ ငေါက်ငမ်းပြောဆိုလိုက်သည့်အသံသည် လီရှုရှု၏နားထဲသို့ ကြမ်းတမ်းစွာ တိုးဝင်သွားသည်။

လီရှုရှု အငေါ်တူးလေပြီ။

"မသိဘူးရှင့်၊ သိလဲ မပြောနိုင်ဘူး"

ဘွားဘွားကား ဆွေ့ဆွေ့ခုန်သွားလေ၏။

"အောင်မယ်လေး… အောင်မယ်လေး၊ နင့်လို မှင်စာမလေးကများ ငါလိုလူကို မလေးမခန့်နဲ့၊ ပါးစပ်ဆွဲဖွဲ့လိုက်လို့ မစွာနိုင်ဘဲဖြစ် သွားမယ်၊ မလောက်လေး မလောက်စားကများ"

"ဖွဲ့ချင်တိုင်း ဖွဲ့လို့ရမလား... အဘွားကြီးရဲ့၊ ကျွန်မမှာလ ခြေနဲ့လက်နဲ့ပဲ"

"လူက လက်တစ်ဝါးရိက်စာ မရှိဘူး၊ အပြောက တယ်စွာ တာပဲ၊ ဟင်းရွက်ကန်စွန်းရွက်သည် ကျနေတာပဲ၊ ကက်ကက်လန်လို့"

လီရှူရှူကား တကယ့် လီရှူရှူပေတည်း။

"ခေါင်းဖြူ စွယ်ကျိုးကြီးကတောင် ကျွန်မကို ငါးစိမ်းသည် လို ဆက်ဆံခဲ့တာပဲ၊ ကျွန်မက ကန်စွန်းရွက်သည်လို ဆက်ဆံတော့ ဘာဖြစ်သလဲ၊ ရှင့်ကို အဲဒီလိုဆက်ဆံမှ တော်ကာကျမယ်"

"ကြည့်စမ်း... ကလေးလေးမို့ ငါက ပါးစပ်နဲ့ပဲပြောနေတာ ကို လူပါးဝလို့"

ရွှေပိတုန်းအဘွားကြီးကား ဒေါသကြီးနေလေပြီ။

"သိကြသေးတာပေါ့... ဒီမှင်စာမလေးကို ငါ့အကြောင်းပြ လိုက်မယ်"

အဘွားကြီးသည် ဆက်၍ပြောလိုက်၏။

"ကဲ... နင်ရှောင်နိုင်ရင် ရှောင်စမ်း"

အဘွားကြီးသည် လေထဲခုန်တက်လျက် တစ်ရှိန်ထိုးရိုက်ချ လိုက်သည်။

ထိုအချိန်၌ လီရှူရှူသည် ဘိုးဘိုးဟို့ချူး၏ ဃပ်တောင်က လေးကျသွားသဖြင့် ကုန်းကောက်လိုက်ချိန်နှင့် တိုးနေသောကြောင့် အဘွားကြီး၏ရိုက်ချက်ကို ငုံ့ရှောင်လိုက်သကဲ့သို့ ဖြစ်သွားသည်။



အဘွားကြီး၏ရိုက်ချက်မှာ လီရှူရှူ၏ဦးခေါင်းပေါ်မှ ကျော် တက်သွားသည်။ လွှဲတက်သွားသည်။

"ဝိုး...."

"ဝိုး...."

ရွှေပိတုန်းအဘွား၏ရိုက်ချက်မှာ အနီးရှိ သစ်ပင်တစ်ပင် အား ရိုက်လိုက်မိရာ သစ်ပင်သည် အမြစ်မှကျွတ်၍ ပြိုလဲသွား၏။

"သြော်... နင်က အတော်ပညာတတ်နေသကိုး"

သူမ၏ရိုက်ချက်ကို လီရှူရှူက ရှောင်လိုက်သည်ဟု ထင်မှတ် နေ၏။ သူမ၏ဒေါသကို ပို၍ထိုးဆွသလို ဖြစ်သွားသည်။

အဘွားအိုကြီးသည် မျက်တောင်နီကြီးနှင့်ကြည့်ပြီး လွှားခနဲ ခုန်ကာ ကန်ကျောက်လိုက်လေ၏။

လီရှူရှူမှာ ထိုကန်ချက်အား မည်သို့ကာကွယ်ရမည်မသိ ပေ။ ထို့ကြောင့် သူမသည် ကြောက်အား လန့်အားဖြင့် အပေါ်သို့ခုန် တက် လိုက်သည်။

သူမ၏ခန္ဓာကိုယ်သည် ဝါဖတ်ကလေးကဲ့သို့ အပေါ်သို့ လွင့်မြောက်တက်သွား၏။ သူမ၏ခန္ဓာကိုယ်မှာ အလွန်ပေ့ါပါးနေ သည်။

"ဘုန်း...."

"ဖြောင်း...."

သူမသည် အပေါ်မှအောက်သို့ ပြန်ကျလာလေ၏။ သူမ

သည် ရွှေပိတုန်းအဘွားကို တွေ့ရပါလေပြီ။ အဘွားကြီးသည် မြေ
ပေါ်၌ ဖင်ထိုင်လျက်လဲကျနေ၏။

သူမသည် အလွန်အံ့သြသွား၏။ သို့သော် မကြာမီ အံ့သြ
ပြေပျောက်သွားသည်။

အဘယ်ကြောင့်ဆိုသော် အရုပ်ရည်ရည်နှင့် စုတ်ပြတ်ပေ
ရှေနေသော အဘိုးကြီးတစ်ဦးသည် အဘွားကို ခါးထောက်ရပ်ကြည့်
လျက် ရှိနေသောကြောင့်တည်း။

အဖြစ်မှာ ဤသို့တည်း။ အဘွားသည် လီရှုရှုကို ခုန်၍ကန်
လိုက်၏။

သို့သော် လီရှုရှုမှာ အပေါ်သို့ခုန်တက်သွားသဖြင့် လီရှု
အား မထိပေ။

ထိုစဉ် အဘိုးအိုဝင်လာပြီး လက်ဝါးနှင့်ရိုက်ချလိုက်သဖြင့်
အဘွားအိုလွင့်စဉ်သွားပြီး ဖင်ထိုင်လျက်လဲကျနေခြင်း ဖြစ်သည်။

"သိုင်းပညာမတတ်တဲ့ ကလေးတစ်ယောက်ကို ဘာဖြစ်လို့
များ အနိုင်ကျင့်ချင်ရတာလဲ စုန်းမကြီးရဲ့"

အဘိုးအိုသည် ခါးထောက်ရင်း မေးမြန်းလိုက်လေ၏။

ရွှေပိတုန်းအဘွားသည် စိတ်ဆိုးမာန်ဆိုးဖြင့် ထရပ်၏။

"ဟဲ့... နင်နဲ့ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ သုဘရာဇာရဲ့"

အဘိုးအိုက အော်ဟစ်ရယ်မောတော့သည်။

"ဟား... ဟား... ဟား"



အဘွားအိုက...

"ဘာရယ်တာလဲ"

"နင်က ငါ့ကို သုဘရာဇာလို့ပြောတယ်၊ နင့်ရုပ်ကိုရော နင်
မှန်ထဲကြည့်မိရဲ့လား၊ သင်္ချိုင်းထဲက တစ္ဆေက ကြောက်ရတဲ့ရုပ်က
များ ပြောရတယ်ရှိသေး"

"အေး... နင့်ကို သုဘရာဇာလို့ပြောတာ နည်းနည်းတောင်
ပိုသွားသေးတယ်၊ အဲဒီထက် လျှော့ပြောဖို့ကောင်းတာ၊ နင် မဆိုင်
ရင် ဘေးမှာ အေးအေးဆေးဆေးဝင်ထိုင်နေ"

"ငါက ဘယ်လိုအေးအေးနေနိုင်မှာလဲ၊ ငါက မတရားတဲ့လု
ကိုကြည့်မနေတတ်ဘူး၊ မတရားတာလုပ်တဲ့လူကိုတွေ့ရင် ကန့်ထုတ်
ပစ်တတ်တယ်၊ ငယ်ငယ်ကလေးက အခုအထိရှိနေတဲ့အကျင့်ပဲ"

"အေး... နင်က ငါ့ကိုကန့်ထုတ်မယ်လို့ ပြောတာပေါ့လေ"

"သိပ်ဟုတ်တာပေါ့၊ ငါ အဲဒီလိုလုပ်မှာပဲ၊ နင် ကလေးကို
အနိုင်မကျင့်ရင်တော့ တစ်မျိုးပေါ့"

"အေး... ငါကတော့ နောက်မဆုတ်နိုင်ဘူး၊ မိုက်ရိုင်းတဲ့
အဲဒီကောင်မလေးကိုဆက်ပြီး ဆုံးမဦးမယ်"

ရွှေပိတုန်းအဘွားသည် လီရှုရှုအား တိုက်ခိုက်ရန် ဟန်ပြင်
သည်။

ထိုအခါ အဘိုးအို စိတ်မရှည်တော့ပေ။ အဘိုးအိုသည် လွှား
ခနဲခုန်ပြီး ရွှေပိတုန်းအဘွားအား ကန်ပစ်လိုက်၏။

"ဝုန်း...."

"ဖြောင်း...."

"ဒိုင်း...."

အဘွားအိုမှာ ရှောင်တိမ်းရန် ကြိုးစားသော်လည်း မရှောင်တိမ်းနိုင်ပေ။ လွင့်စဉ်သွားပြီး သစ်ပင်နှင့်ရိုက်မိကာ ရပ်တန့်သွားလေ၏။

ရွှေပိတုန်းအဘွားသည် ချက်ချင်း ပြန်ထလာ၏။ သူသည် အဘိုးအိုနှင့် ရင်ဆိုင်လိုက်သည်။

"နင်က ငါ့ကို ကိုယ်ထိလက်ရောက် စော်ကားတာပေါ့လေ၊ အခု ငါ့ အကြောင်းသိစေရမယ်"

ထိုသို့ပြောပြီးသည်နှင့် အဘွားအိုသည် လက်တစ်ဖက်ဝှေ့ယမ်းလိုက်၏။

အရောင်ဝင်းခနဲ တစ်ချက်ဖြစ်သွားပြီး လေတိုးသံသဲ့သဲ့ပေါ်လာသည်။

အဘိုးအိုထံ လက်နက်ပုန်းတစ်ခု ပြေးဝင်လာလေ၏။

သို့သော် အဘွားအို၏လက်နက်ပုန်းမှာ အဘိုးအိုအား လုံးဝဒုက္ခမပေးပါ။

အဘိုးအိုက လက်ဝါးနှင့်ရိုက်ချလိုက်ရာ ကျယ်လောင် မြည်ဟည်းပြီး ပေါက်ကွဲသွားလေ၏။

"ဝုန်း...."



မီးပွားများလည်း လွင့်စဉ်သွားသည်။

ဤသေးငယ်သော လက်နက်ကလေးကိုပေါက်ကွဲစေတတ်သော လက်နက်အဖြစ် တီထွင်ထားနိုင်သော ရွှေပိတုန်းအဘွား၏ စွမ်းရည်မှာ လက်ဖျားခါလောက်သည်။

သို့သော် သူ့လက်နက်ပုန်းလည်း အရာမရောက် ဖြစ်ရလေပြီ။ ထို့ကြောင့် အဘွားအိုမှာ မျက်နှာပျက်သွားခဲ့ရသည်။

သို့သော် အဘွားအို အံကြိတ်လိုက်၏။ အဘိုးအိုအား အသေအလဲ တိုက်ခိုက်မည်ဟုဆုံးဖြတ်ပြီး အံကြိတ်ခြင်းပေတည်း။

"နင်... ဒီလောက်စွမ်းလှတာ ငါ့လက်နက်ပုန်းတွေကို ရိုက်စမ်း"

သူမသည် ပြောပြောဆိုဆို လက်နက်ပုန်းများကို တစ်ခုပြီး တစ်ခု ပစ်လွှတ်လေတော့၏။

လက်နက်ပုန်းများသည်လည်း တရှန်းရှန်း မြည်ပြီး ပေါက်ကွဲနေသည်။ အသံများ ဆူညံနေတော့သည်။

ထိုအခါကျမှ ထိုအဘိုးအို မည်သူမည်ဝါဖြစ်သည်ကို အဘွားအို သိရှိတော့သည်။

ထိုအဘိုးအိုကား မီးလက်ဝါး ဟန်ဖချင်းပေတည်း။

သူမသည် အံ့သြစွာ ရေရွတ်လိုက်၏။

"အောင်မယ်... ဒီလိုဆိုတော့လဲ နင်ကသိသားပဲ"

ဟန်ဖချင်းသည် တဟားဟား ရယ်မောလေတော့၏။

ဟန်ဖချင်း ရယ်မောနေစဉ် ရွှေပိတုန်းအဘွားသည် လှစ်ခနဲ ပြေးထွက်သွားသည်။

"ဟား... ဟား... ဟား... ဒီလိုဆိုတော့လဲ ကြောက်တတ်သားပဲ၊ တစ်ချိုးတည်း ပြေးတာပဲ"

မီးလက်ဝါး ဟန်ဖချင်းက ထိုသို့ပြောပြီး လီရှုရှုအား လှည့်ကြည့်ရာ ယုံကြည်ကိုးစားသော မျက်လုံးကလေးများဖြင့် ကြည့်ရှုနေသော လီရှုရှုအား တွေ့မြင်လိုက်ရလေ၏။

မီးလက်ဝါး ဟန်ဖချင်းသည်လည်း လီရှုရှုအား ကြင်နာစွာ ကြည့်မိသည်။

လီရှုရှုကလည်း ဟန်ဖချင်း၏စိတ်ထားကိုသိလိုက်သဖြင့် ယုံကြည်ကိုးစားမိသည်။

"မီးလက်ဝါး ဟန်ဖချင်း"

သိုင်းလောကထိပ်သီးကြီး၏နာမည်ကို မသိသူ မရှိပေ။ မသိသူမှာလည်း သိုင်းလောကသား မဟုတ်ချေ။

လီရှုရှုကဲ့သို့သော မိန်းကလေးမှာ ဟန်ဖချင်၏နာမည်ကို မည်သို့မျှမကြားသိနိုင်ပေ။

သူမဖခင်မှာ သိုင်းလောကရာဇာတစ်ဦးဖြစ်သော်လည်း သူမအား သိုင်းလောကနှင့်ပတ်သက်၍ မည်သည်ကိုမျှ အသိမပေးခဲ့ချေ။

သူမသည် ဟန်ဖချင်းအား ဂါရဝပြုလိုက်၏။



"ကျေးဇူးတင်ပါတယ် အဘိုး၊ အဘိုးရဲ့သိုင်းပညာကို သမီး ကြည့်ရတာ သိပ်အံ့သြတာပဲ"

ဟန်ဖချင်းသည် မိန်းကလေးသိုင်းပညာမကတတ်သည်ကို သိရှိ၏။

သိုင်းထိပ်သီး ရွှေပိတုန်းဘွားဘွားကို စိန်ခေါ်တိုက်ခိုက်ခဲ့သည့်သတ္တိကို သူချီးကျူးသည်။

ဤပွဲမှာ ဒဏ်ရာရရှိရုံမျှမက သေပင်သေကျေနိုင်ပေသည်။ ထို့ပြင် မိန်းကလေး၏စိတ်ဓာတ်ကိုလည်း သူခန့်မှန်းမိသည်။

ဤမိန်းကလေးသည် သေရမည်ကိုကြောက်ရွံ့ပုံမရချေ။

✥✥✥

(၆)

ဆရာနှစ်ဦးရန်ပွဲ

"မင်း သိုင်းပညာတတ်သလားကွယ်"

မိန်းကလေး၏အဖြေကို တိတိကျကျ သိလို၍ မေးလိုက်ခြင်းဖြစ်သည်။

လီရှုရှုက....

"မတတ်ပါဘူး အဘိုး"

"အင်း... အင်း... ကောင်းသကွာ"

သူသည် ဤမျှသာပင် ပြောမိသည်။ သိုင်းပညာထိပ်သီးရှေ့ဝိတုန်းအဘွားအား ဤ သိုင်းပညာ ဘာမျှမတတ်သည့်မိန်းက



လေးက စိန်ခေါ်တိုက်ခိုက်ခဲ့သည် မဟုတ်ပါလား။

အဘိုးအိုက ဆက်ပြောလိုက်၏။

"မိန်းကလေးက သိုင်းပညာမတတ်ဘဲနဲ့ သူ့ကို ဘယ်လိုလုပ်ယှဉ်ပြိုင်နိုင်မှာလဲ"

"ခြေလက်ရှိတာပဲ အဘိုးရယ်၊ ဒီခြေလက်နဲ့ ယှဉ်ပြိုင်မှာပေါ့"

"ဟား... ဟား... ဟား... ခြေလက်ရှိတိုင်း ယှဉ်ပြိုင်လို့မရဘူး၊ သိုင်းပညာဆိုတာ သိမ်မွေ့နက်နဲတယ်"

"ဘယ်လိုပဲဖြစ်ဖြစ် သေသေကျေကျေ သမီးကတော့ တိုက်မှာပဲ"

"ဟား... ဟား... ဟား"

မီးလက်ဝါးဟန်ဖချင်းသည် သူမ၏စကားအား သဘောကျပြီး အော်ဟစ်ရယ်မောလေတော့၏။

"ကြိုက်ပြီ...."

လီရှုရှုသည် မီးလက်ဝါးဟန်ဖချင်းနှင့်အတူ လိုက်လံရယ်မောသည်။

"ဟင်း... ဟင်း.... ဒါဆို အဘိုးက သမီးကို သိုင်းသင်ပေးပါလား"

"ဘာလဲကွယ်... မိန်းကလေးရဲ့"

"သမီးကို သိုင်းသင်ပေးပါ အဘိုးရယ်"

"သမီး တကယ်တတ်ချင်လို့လား"

"တတ်ချင်ပါတယ် အဘိုးရယ်"

"သိုင်းပညာသင်ပေးလို့ ရပါတယ်၊ ဒါပေမယ့် သိုင်းပညာတတ်တဲ့လူဟာ သစ္စာရှိရတယ်၊ သစ္စာမရှိတဲ့လူဟာ မကြာခင် သေတာပဲကွယ်"

မီးလက်ဝါးက လီရှုရှု၏မျက်လုံးများကို အကဲခတ်ရင်း ပြောလိုက်၏။

"အို... သမီးက သစ္စာရှိပါတယ် အဘိုးရယ်"

လီရှုရှုက စိတ်အားထက်သန်စွာ ပြောလိုက်လေ၏။

မီးလက်ဝါးက....

"ဒါဖြင့် သမီး သစ္စာဆိုနိုင်ပ့ါမလား"

"ဆိုရဲတယ် အဘိုး"

မီးလက်ဝါးသည် လွန်စွာ သဘောကျသွား၏။ လီရှုရှု၏စကားပြော ပြတ်သားပုံကို သူကြိုက်သည်။

"ဒီလိုဆိုရင် လိုက်ဆို"

မီးလက်ဝါးသည် ရှေ့မှ တိုင်ပေး၏။ လီရှုရှုက နောက်မှ လိုက်ဆိုသည်။

မီးလက်ဝါး ကျေနပ်သွား၏။ သူ၏အင်္ကျီအိတ်ထဲမှ နက်မှောင်သော ဆေးလုံးသုံးလုံးကို ထုတ်ပေးသည်။

"ရော့သမီး.. ဒီဆေးလုံးလေးတွေကို သောက်လိုက်"



လီရှုရှုက လှမ်းယူပြီး မျိုချလိုက်၏။

မီးလက်ဝါးက....

"ဒီဆေးတွေကို သမီးက ဘာဆေးတွေလို့ထင်သလဲ"

"မသိဘူးလေ... သမီးက အဘိုးကိုယုံတော့ ဘာဆေးတွေလို့ ဆန်းစစ်မနေတော့ပါဘူး"

"ကောင်းလိုက်လေ... အဲဒီဆေးတွေဟာ အတွင်းအားတိုးဆေးတွေပဲကွယ်၊ နောက်တစ်လပြည့်သွားရင် ကျန်တဲ့ဆေးဖြူခြောက်လုံးကို သောက်ရဦးမယ်၊ ဒီဆေးတွေကို သိုင်းကိုးဆင့် အတွင်းအားဆေးလို့ ခေါ်တယ်"

မီးလက်ဝါး၏စကားများကို ကြားရသောအခါ လီရှုရှုဝမ်းသာသွားလေ၏။ မီးလက်ဝါးက ဆက်ပြောလေ၏။

"အေး... ဒီပထမ ဆေးသုံးလုံးကိုသောက်ပြီး ကျန်ဆေးလုံးခြောက်လုံးကို မသောက်ရရင်တော့ နှလုံးကွဲပြီးသေဆုံးရလိမ့်မယ်။ ဒါမှမဟုတ် သွေးကြောလေကြောတွေပိတ်ပြီး လေဖြတ်သွားမယ် သမီး၊ ဒုက္ခိတ ဖြစ်သွားမယ်"

လီရှုရှု ထိတ်လန့်သွားသည်။ ကျန်ဆေးခြောက်လုံးမှာ မည်သည့်နေရာ၌ ရောက်ရှိနေမှန်း မသိချေ။

နောက်တစ်လနေမှ သောက်ရမည်ဟု ပြောနေသည်။

သို့သော် လီရှုရှုမှာ ဆေးသုံးလုံးကိုသောက်ပြီးသည်နှင့် ချက်ချင်းအကျိုးကျေးဇူးကို ခံစားရတော့သည်။

သူမ၌ ခွန်အားများ ပြည့်ဖြိုးလာသလို ခံစားရ၏။ လူသည် ခုန်ချင် ကချင်သလို ဖြစ်လာသည်။

"ကဲ... သမီး၊ ဆေးနက်သုံးလုံးကိုသောက်ပြီးတော့ စိတ်ထဲမှာ ဘယ်လိုခံစားနေရသလဲကွယ်"

လီရှုရှုက....

"တစ်မျိုးကြီးပဲ အဘိုးရဲ့၊ သွေးတွေက စစ်စစ်နဲ့တိုးနေသလို ခံစားနေရတယ်၊ ခုန်ချင်ပေါက်ချင်လဲ ဖြစ်နေတယ်၊ စိတ်ဓာတ်တက်ကြွသလိုဖြစ်နေတယ် အဘိုး"

မီးလက်ဝါးက....

"အေး... အဲဒါခွန်အားတွေ တိုးပွားနေတာပဲ၊ ရော့... ဟောဒီ ကျောက်ခဲကိုကိုင်ပြီး ညှစ်ကြည့်စမ်း"

မီးလက်ဝါးက ကျောက်ခဲတစ်လုံးကို ပစ်ပေးလိုက်ရာ လီရှုရှုက ဖမ်းယူလိုက်သည်။

သူမသည် ကျောက်ခဲကို ပွတ်ခြေကြည့်၏။ ကျောက်ခဲသည် ကြေမွသွားလေ၏။

လီရှုရှုသည် အလွန်ဝမ်းမြောက်သွားသည်။

သူမသည် ကျောက်ခဲကြီးတစ်လုံးကိုယူပြီး လေထဲသို့လွှင့်ပစ်လိုက်ရာ ယခင်ကနှင့်မတူ သူမ၌ လွှင့်ပစ်နိုင်သော ခွန်အားကြီးရှိနေကြောင်း သူမ တွေ့ရှိရသည်။

ကျောက်ခဲမှာလည်း အဝေးသို့လွှင့်ထွက်သွားသည်။



"ဟုတ်တယ် အဘိုးရေ၊ သမီးအားတွေ ပြည့်လာပြီ၊ အရင်ကနဲ့ လုံးဝမတူတော့ဘူး၊ ဝမ်းသာလိုက်တာ"

လီရှုရှုသည် ခုန်ပေါက်ပြောဆိုလေ၏။

မီးလက်ဝါးက....

"ဒါက ပဏာမသဘောပဲရှိသေးတယ်၊ နောက်ပြီး တဖြည်းဖြည်း ခွန်အားတွေတိုးပွားလာမယ် စောင့်ကြည့်ဦးလေ"

မီးလက်ဝါး၏ပြောစကားကြောင့် လီရှုရှုသည် နောက်တစ်လကြာမှသောက်ရမည့် ဆေးလုံးခြောက်လုံးကို သောက်ချင်မိတော့သည်။ လက်ရှိဆေးသုံးလုံးကပင် အစွမ်းပြနေသည်မဟုတ်ပါလား။

"အဘိုးကို ကျွန်မ ကျေးဇူးတင်ပါတယ်၊ အဘိုးကျေးဇူးကို သမီး ဘယ်လိုဆပ်ရမှန်းတောင် မသိတော့ပါဘူး"

"သစ္စာရှိဖို့တော့လိုတယ် သမီးရဲ့"

"စိတ်ချပါ... သမီး သစ္စာစောင့်သိပါ့မယ်"

ထိုစဉ် နတ်လေပွေအဘွားသည် ကျောက်တုံးကြီးတစ်တုံးပေါ် ခုန်ပျံရောက်ရှိလာသည်။

"လီရှုရှု...."

နတ်လေပွေအဘွား၏အသံမှာ စူးရှလှသည်။

"သမီး လမ်းမှားနေပြီ၊ မင်းဆရာတင်လိုက်တဲ့ အဘိုးကြီးဟာ သိုင်းလောကမှာ အင်မတန်ဆိုးသွမ်းမိုက်ရိုင်းတဲ့ ဒုစရိုက်သိုင်းသမားကြီး ဖြစ်တယ်"

လီရှုရှုမှာ အုံ့ညြသွားသည်။

"အဘိုးဟာ သမီးရဲ့ကျေးဇူးရှင်တစ်ဦးပါ အဘွား"

နတ်လေပွေအဘွားက....

"အေး... အဲဒါ မင်းကိုလိမ်ညာနေတာကွယ့်၊ တကယ်တေ
သူဟာ လူဆိုးလူမိုက်ကြီး တစ်ဦးပဲ၊ မင်းကို တပည့်မွေးပြီး လူကော
တွေကို တိုက်ခိုက်ခိုင်းမလို့"

သူမသည် မီးလက်ဝါးဟန်ဖချင်းကို ကြည့်လိုက်ပြီး....

"ရှင် ကလေးကို လမ်းမှားရောက်အောင် မဖြားယောင်း
နုနုနယ်နယ် ဘာမှမသိတဲ့ ကလေးတစ်ယောက်ကို ဒီလိုလမ်းမှာ
ပို့ ဆောင်တာဟာ မကောင်းပါဘူး"

မီးလက်ဝါးသည် ဒေါသဖြစ်သွား၏။

"နတ်လေပွေ ဆံဖြူမ၊ နင့်ပါးစပ်ပိတ်ထားစမ်း မပိတ်
ငါ့လက်နဲ့ လိုက်ပိတ်ပေးရလိမ့်မယ်"

နတ်လေပွေအဘွားက မှဲ့မှဲ့ရွှဲ့ရွှဲ့ ပြောသည်။

"မပိတ်နိုင်ဘူးရှင့်... လူကောင်းတစ်ဦး လူငယ်တစ်ဦး
ရိုက်သားကောင်ဖြစ်သွားမှာကို ကျုပ်က ကြည့်နေရမှာလား၊ အဲ
တော့ ကျုပ်က အဖြစ်မခံနိုင်ဘူး"

"တော်တော်လျှာရှည်တဲ့ အဘွားကြီးပဲ၊ လျှာကိုဖြတ်ပ
အေးမယ်"

စကားဆုံးသည်နှင့် မီးလက်ဝါးဟန်ဖချင်းသည် လွှားခနဲ



အုပ်လိုက်သည်။ နတ်လေပွေအဘွားဟုဇန်အား လက်ဝါးနှင့်ရိုက်ချ
လာလေ၏။

"ဝုန်း...."

နတ်လေပွေအဘွားက ရှောင်တိမ်းလိုက်၏။ ရိုက်ချက်မှာ
သစ်ပင်တစ်ပင်အား ထိသွားသည်။ ထိုသစ်ပင်မှာ မီးဟုန်းဟုန်း
တောက်လောင်သွား၏။

"တောက်"

မီးလက်ဝါးမှာ နတ်လေပွေအဘွားအား မထိလိုက်သဖြင့်
ဒေါသဖြစ်သွားသည်။ တောက်ခေါက်လိုက်သည်။

သူသည် သူ၏ လက်နှစ်ဖက်ကိုစုစည်း၍ လေထဲသို့ဝှေ့
ယမ်းလိုက်ရာ လေအေးနှင့် လေပူကို ခွဲခြားပြီးသားဖြစ်သွား၏။

"လေမျှည်းခြား"

ထိုသိုင်းကွက်မှာ လေမျှည်းခြားသိုင်းကွက် ဖြစ်သည်။ သူ
သည် စုရုံးရရှိထားသော လေပူများအား နတ်လေပွေအဘွားထံသို့
ရိုက်လွှတ်လိုက်၏။

နတ်လေပွေသည် ရှောင်တိမ်းပြီး သူမ၏ဓားနှစ်လက်ကို
ပစ်လွှင့်လိုက်၏။ ဓားနှစ်လက်သည် လေတိုးသံတဝိုးဝိုးမြည်လျက်
မီးလက်ဝါးထံသို့ သွားသည်။

"ဖောင်း...."

"ထန်း...."

"ထန်း...."

မီးလက်ဝါးရိုက်ချလိုက်သောအခါ ဓားနှစ်လက်သည် ပြတ်
တောက်သွား၏။

"ဟား... ဟား... ဟား"

မီးလက်ဝါးသည် တဟားဟား ရယ်လေသည်။

မီးလက်ဝါးက....

"ကဲ.. ဘာတတ်နိုင်သေးလဲ"

မီးလက်ဝါးသည် ပြောပြောဆိုဆိုဖြင့် ခုန်ပျံပြီး နတ်လေ
အဘွားအား တိုက်ခိုက်သည်။ နတ်လေပွေအဘွားကလည်း ခုန်
ရှောင်တိမ်းသည်။

လီရှူရှူသည် မီးလက်ဝါးဟန်ဖချင်းနှင့် နတ်လေပွေအဘွာ
အိုတို့၏တိုက်ပွဲကို မကြည့်ရဲအောင် ဖြစ်နေရသည်။

နတ်လေပွေအဘွားသည် သူမ၏ပထမဆရာဖြစ်သည်
ဆေးဖြူသုံးလုံးကိုကျွေးပြီး ကိုယ်ဖော့ပညာသင်ပေးခဲ့သည်။

ဤပညာဖြင့် မိုးထိတောင်ထိပ်မှ အဘိုးဟိုချူးကို ရှော
တိမ်းနိုင်ခဲ့သည်။ သူမအပေါ် သံယောဇဉ်ရှိသောလက်ဦးဆရာပ

မီးလက်ဝါး ဟန်ဖချင်းမှာလည်း သူမအပေါ် သံယော
ရှိရှာသူပင်။

အဘွားလင်၏ရန်မှ ကယ်တင်ပေးခဲ့သည်။ အတွင်းအာ
ဆေးနက်သုံးလုံးအား တိုက်ကျွေးခဲ့သည်။



သို့သော် နတ်လေပွေအဘွားက မီးလက်ဝါးဟန်ဖချင်းအား
ဒုစရိုက်သိုင်းသမားဟု စွပ်စွဲနေလေပြီ။

နတ်လေပွေအဘွားသည် ကျောက်တုံးကြီးများအား ကိုင်
မြှောက်လျက် မီးလက်ဝါးထံသို့ ပစ်လွှတ်သည်။

မီးလက်ဝါးက ထိုကျောက်တုံးကြီးများအား သူ့လက်ဝါးနှင့်
ရိုက်ချလေရာ ကျောက်တုံးကြီးများမှာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေ
သွားရလေသည်။

နတ်လေပွေအဘွားမှာ ကြံရာမရတော့ချေ။ သစ်ပင်တစ်
ပင်အား ဆွဲနှုတ်ပြီး ထိုသစ်ပင်ဖြင့် လက်နက်အဖြစ် တိုက်ခိုက်တော့
သည်။

မီးလက်ဝါးက လက်ဝါးနှင့်ရိုက်ရာ ထိုသစ်ပင်ကို မီးများ
လောင်မြိုက်လာသဖြင့် နတ်လေပွေအဘွားမှာ သစ်ပင်ကိုလွှတ်ချ
လိုက်ရသည်။

ထိုစဉ် မီးလက်ဝါးသည် နတ်လေပွေအဘွားထံ ခုန်ဝင်လာ
ပြီး လက်ဝါးနှင့်ရိုက်လေသည်။ နတ်လေပွေအဘွား ရှောင်သော်
လည်း မလွတ်တော့ချေ။

"ဝုန်း...."

နတ်လေပွေအဘွားမှာ လွင့်စဉ်ထွက်သွားသည်။

"ဟား... ဟား... ဟား"

မီးလက်ဝါးက တဟားဟား ရယ်မောလိုက်၏။

"ခေါင်းဖြူအဘွားကြီး... ဒီကလေးမရဲ့ပဏာမဆရာဖြစ်လို့ ကျုပ် ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါရှုပ်ရင်တော့ အသေပဲ"

သူသည် လီရှုရှု၏လက်ကိုဆွဲခေါ်ကာ ထွက်ပြေးသွားတော့သည်။

နတ်လေပွေအဘွားမှာ အတွင်းဒဏ်ရာပြင်းထန်စွာရလျက် ကျန်ရစ်လေ၏။



(၇)

## အတိတ်ဇာတ်ကြောင်း

မီးလက်ဝါးနှင့် လီရှုရှုတို့ထွက်ခွာသွားပြီးနောက် ထိုနေရာသို့ အစိမ်းရောင်ပိုးဝတ်စုံဝတ်ဆင်ထားသော လူငယ်တစ်ယောက်သည် ရောက်ရှိလာလေသည်။

ထိုလူငယ်သည် အလွန်ပေါ့ပါးသည်။ သူသည် မြေပြင်၌ပြေးလိုက် သစ်ပင်များပေါ်၌ တစ်ပင်ပြီးတစ်ပင် ခုန်ကူးလိုက်ဖြင့် စောစောက တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာသို့ ရောက်လာခဲ့လေ၏။

"အင်း... အင်း... အင်း"

သစ်ပင်အောက်မှ ညည်းညူသံကိုကြားလိုက်သောအခါ သူ

သည် သစ်ပင်အောက်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ ဒဏ်ရာရနေသော နတ်လေပွေအဘွားဟုစန်အား တွေ့ရှိသွားလေသည်။

"ဟာ... အဘွားကြီးတစ်ဦး ဒဏ်ရာရနေတာပဲ"

သူသည် သစ်ပင်ပေါ်မှခုန်ချပြီး အဘွားအိုဆီသို့ သွားလေတော့၏။ အဘွားအိုအား ပွေ့ထူလိုက်သည်။

သူသည် မြေပြင်အား ကြည့်လိုက်ရာ မကြာခင်က တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရှိလိုက်သည်။

နတ်လေပွေအဘွား၏ဒဏ်ရာအား အစိမ်းရောင်ဝတ်စုံလူငယ်က ကြည့်ရှုလိုက်၏။

အဘွားအို၏ကျောပြင်၌ လက်ဝါးရာ အမည်းကြီးတစ်ခုအား တွေ့ရှိရသည်။ မီးကျွမ်းထားသည့်လက်ဝါးရာမျိုး ဖြစ်နေသည်။

"ဟင်... မီးလက်ဝါးရဲ့ဒဏ်ရာကြီးပါလား"

အစိမ်းရောင်ဝတ်စုံဝတ် လူငယ်က အံ့အားသင့်ပြီး ရေရွတ်မိ၏။

အတွင်းဒဏ်ရာရနေသော နတ်လေပွေအဘွားသည် မျက်စိမှိတ်ထားရာမှ မျက်လုံးဖွင့်ကြည့်လေသည်။

ဤလူငယ်၏ပြောပုံဆိုပုံမှာ မီးလက်ဝါးကိုသိနေပုံ ပေါ်နေသည်။

"မင်း... မီးလက်ဝါးကိုသိလို့လား"



နတ်လေပွေအဘွားဟုစန်က လေသံနှင့် မေးလိုက်၏။

"သိတာပေါ့ အဘွားရယ်၊ ကောင်းကောင်းသိတာပေါ့"

လူငယ်က ပြန်ပြောလေသည်။

နတ်လေပွေအဘွားက...

"ငါ့နာမည် နတ်လေပွေအဘွားဟုစန်လို့ ခေါ်တယ်၊ ငါ့ကို မီးလက်ဝါးဟန်ဖချင်း ဒုက္ခပေးသွားတာ၊ သူ့ကို ငါတားတဲ့အဖြစ်ကို ကြည့်ဦးလေ"

"ပြောပါ အဘွား"

"သိုင်းလောကက မဟုတ်တဲ့ မိန်းမပျိုလေးတစ်ဦးကို သူက တပည့်အဖြစ် မွေးဖို့ကြိုးစားနေတာကွယ်၊ ငါက မမွေးနဲ့ သူဟာ ဒုစရိုက်သိုင်းသမား ဘာညာနဲ့ပြောမိလို့ ငါ့ကို အခုလို ဒုက္ခပေးသွားတာ"

"တောက်...."

နတ်လေပွေအဘွားဟုစန်၏စကားဆုံးသောအခါ အစိမ်းရောင်ဝတ်စုံဝတ်လူငယ်မှာ မကျေမချမ်းဖြစ်သွားပြီး တောက်တစ်ချက် ခေါက်လိုက်၏။

"ကျွန်တော် နည်းနည်းပဲ နောက်ကျသွားတယ်"

"ဟုတ်တယ်... ရှေ့ဆင့်နောက်ဆင့်ပဲ၊ သူတို့ထွက်သွားပြီး မင်း ရောက်လာတာပဲ"

"တောက်...."

"ဒါနဲ့ မင်း ဘယ်သူများလဲ"

"ကျွန်တော့်ကို အရှေ့ကျွန်းသခင်လေးလို့ အများက ခေါ်ကြပါတယ်၊ ကျွန်တော့်အဖေက အရှေ့ကျွန်းသခင်ကြီးပါ"

"ဟေ… မင်းဟာ အရှေ့ကျွန်းသခင်ကြီး ဝန်ထင်းဟောက်ရဲ့သား မဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော့်နာမည် ဝန်ဝေးစန်းပါ"

"မင်းဖခင်ဟာ ငါ့ရဲ့မိတ်ဆွေတစ်ဦးပါပဲကွယ်"

နတ်လေပွေအဘွားဟုဖနက အရှေ့ကျွန်းသခင်လေးအား ပြောပြလိုက်လေ၏။

"အို… အဘွားဟာ ကျွန်တော့်အဖေရဲ့မိတ်ဆွေ ဟုတ်ပါသလား ခင်ဗျာ"

"ဟုတ်ပါတယ်ကွယ်"

ထိုအခါ အရှေ့ကျွန်းသခင်လေးက သူ၏အစိမ်းရောင်အင်္ကျီအိတ်ထဲမှ အပ်ကလေးငါးချောင်းကို ထုတ်ယူလိုက်၏။

"အဘွားရဲ့အတွင်းဒဏ်ရာကို ကျွန်တော် ကုပေးပါရစေ"

အရှေ့ကျွန်းသခင်လေးသည် နတ်လေပွေအဘွား၏ကျောကိုလှပ်၍ မီးလက်ဝါးဒဏ်ရာအား အပ်ငါးချောင်းဖြင့်စိုက်ချလိုက်၏။

လက်ငါးချောင်း၏ထိပ်ဖျားများကို အပ်ငါးချောင်းဖြင့် စိုက်ခြင်းဖြစ်သည်။

ထိုစိုက်ထားသောအပ်များကို ပြန်လည်နှုတ်ယူလိုက်သောအခါ သွေးမည်းမည်းများ ယိုစီးကျလာလေ၏။

ထို့နောက် လက်ဝါးရာ အလယ်ဗဟို၌ အပ်များကို စုပေါင်းစိုက်လိုက်ပြန်၏။ ပြန်နှုတ်လိုက်သောအခါ သွေးမည်းမည်းတို့ စီးကျလာပြန်၏။

"သွေးပုပ်တွေ ကုန်သွားရင် နာကျင်နေတဲ့ ဝေဒနာလဲ ပျောက်သွားမှာပါပဲ"

အရှေ့ကျွန်းသခင်လေးသည် ဤသို့အကြိမ်ကြိမ် လုပ်ပေးသဖြင့် သွေးပုပ်သွေးမည်းတို့သည် တဖြည်းဖြည်း ထွက်သွားသည်။

ကျောမှ ညိုမည်းနေသည့်လက်ငါးချောင်းရာလည်း တဖြည်းဖြည်း ပျောက်သွားသည်။

နတ်လေပွေအဘွားလည်း နာကျင်သောဝေဒနာများ တဖြည်းဖြည်း ပပျောက်သွားလေ၏။

နတ်လေပွေအဘွားသည် အရှေ့ကျွန်းသခင်လေးအား ကျေးဇူးတင်မိလေ၏။

အရှေ့ကျွန်းသခင်လေးသည် ဆေးရွက်တစ်ရွက်ကိုထုတ်ယူကာ ဒဏ်ရာ၌ ကပ်ပေးပြန်သည်။

"အရှေ့ကျွန်းက ဆေးရွက်ကြီးပဲ အဘွား၊ ကျန်တဲ့သွေးပုပ်တွေကို ဒီဆေးရွက်က လုံးဝစုတ်ထုတ်ပေးလိုက်မှာပါ၊ အတွင်းဒဏ်မှန်သမျှ ပျောက်ကင်းတဲ့ဆေးရွက်မျိုးပေါ့"

ကြင်ကြင်နာနာနှင့် ပြုစုကုသပေးနေသော အရှေ့ကျွန်းသ

ခင်လေးအား အဘွားဟုဇန်က ငေးမောကြည့်ပြီး မေးလိုက်၏။

"မင်းက ပြည်မကို ဘာကိစ္စနဲ့ဝင်လာတာလဲ၊ မင်းဖခင် ဝန်ထင်းဟောက်ရော ကျန်းမာရဲ့လားကွယ့်"

ထိုမေးခွန်းကိုမေးလိုက်သောအခါ အရှေ့ကျွန်းသခင်လေးသည် မျက်နှာထားတင်းမာ ခက်ထန်သွားလေ၏။

"ကျွန်တော် မီးလက်ဝါးကို လက်စားချေမလို့ ပြည်မကို တက်လာခဲ့တာပါ အဘွား"

"ဟင်... ဘယ်လို"

"ကျွန်တော့်ဖခင်ဟာ မီးလက်ဝါးလက်ချက်နဲ့သေဆုံးခဲ့တာပါ၊ ကျွန်တော့်ဖခင်ကို သူသတ်ဖြတ်ပြီး အကျဉ်းခန်းကနေ သူ ထွက်ပြေးသွားခဲ့တာပါ"

"ဘယ်လိုများ ဖြစ်တာလဲကွယ်၊ အဘွားကို ပြောစမ်းပါ"

နတ်လေမွေ အဘွားဟုဇန်က စိတ်မကောင်းစွာဖြင့် ပြောလိုက်လေ၏။

အရှေ့ကျွန်းသခင်လေးသည် ဒေါသစိတ်နှင့် အတိတ်မှအဖြစ်အပျက်တို့အား ပြန်လည်ပြောပြလေ၏။

✣✣✣

အရှေ့ကျွန်းသခင်ကြီး ဝန်ထင်းဟောက်တို့၏လှေကြီးသည် ကမ်းနဖူးသို့ ဆိုက်ကပ်လာလေ၏။ သူတို့ ပြန်လည်ဆိုက်ရောက်လာကြပေပြီ။



ဟိုရင်ဖုန်းသည် ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်၏။ ဟိုရင်ဖုန်းသည် ဝန်ထင်းဟောက်၏ဇနီးဖြစ်သည်။

ဟိုရင်ဖုန်းသည် ကမ်းပေါ်မှ ပဝါစအပြာကလေးကို လှုပ်ခါပြလျက်ရှိလေ၏။

"အစ်ကိုဝန်... အစ်ကိုဝန်"

လှေပေါ်မှ ခန့်ညားသော လူတစ်ယောက်ဆင်းလာ၏။ ထိုသူကား အရှေ့ကျွန်းသခင်ကြီး ဝန်ထင်းဟောက်ပေတည်း။

ဝန်ထင်းဟောက်ကလည်း ဇနီးသည်အား ပြန်လည်လက်ပြလေ၏။

ထို့နောက် ဇနီးသည်ရှိရာ ကမ်းစပ်သို့တက်လာသည်။ ဇနီးသည်၏လက်ကို ယုယစွာ ကိုင်ဆွဲသည်။

ဟိုရင်ဖုန်းသည် ခင်ပွန်းဖြစ်သူအရှေ့ကျွန်းသခင်ကြီး၏ ရင်ခွင်ထဲသို့ တိုးဝင်လိုက်သည်။

"အစ်ကိုဝန်သွားတာ ကြာလိုက်တာနော်"

"ကြာတာပေါ့ ညီမရယ်၊ ဟို... မီးလက်ဝါးဆိုတဲ့လူဆိုးကို မမိမချင်း ဘယ်ပြန်လို့ရမလဲ၊ ဒီလူဆိုးက အတော်စွမ်းတာ ညီမရဲ့၊ အစ်ကိုတစ်ယောက်တည်းဆိုရင် မနိုင်ဘူး၊ သိုင်းလောကထိပ်သီးတွေ ဝိုင်းဖမ်းပေးလို့ မိလာခဲ့တာ"

"ဟင်... ဟုတ်လား"

"သူတို့က ဖမ်းဆီးပြီး ဘယ်မှာ အကျဉ်းချထားရမလဲ
စဉ်းစားနေကြတယ်၊ နောက်ဆုံးအရှေ့ကျွန်းမှာပဲ အကျဉ်းချဖို့ ဆုံ
ဖြတ်ကြတယ်၊ ဒါကြောင့် အစ်ကိုက သူ့ကိုတာဝန်ယူ ခေါ်လာခဲ့ရတာ
ပေါ့"

ဝန်ထင်းဟောက်သည် လှေဆီသို့လက်ညှိုးညွှန်၍ ပြော
လိုက်သည်။

ဟိုရင်ဖုန်းသည် လှေဆီသို့ကြည့်လိုက်၏။ ဓားသိုင်းသမား
အချို့သည်သံကြိုးခတ်ထားသော လူတစ်ယောက်ကို ဝန်းရံဖမ်းဆီး
ထားကြသည်။

"ညီမ အဲဒီကလူဆိုးကို တွေ့သလား"

"တွေ့တယ် အစ်ကို"

"သိုင်းလောကမှာ အင်မတန်ဆိုးသွမ်းတဲ့လူဆိုးတစ်ဦးပေါ့
သူ့နာမည်က မီးလက်ဝါး ဟန်ဖချင်းတဲ့"

အရှေ့ကျွန်းသခင်ကြီး ဝန်ထင်းဟောက်က သူ့ဇနီးအား
ပြောပြနေစဉ် ဓားသမားများသည် သံကြိုးအထပ်ထပ်ရစ်ပတ်ထား
သော မီးလက်ဝါးဟန်ဖချင်အား တွန်းထိုးဆွဲခေါ်လာကြ၏။

ဤသို့ဖြင့် ဟန်ဖချင်းသည် ဝန်ထင်းဟောက်ရှေ့သို့ ရောက်
ရှိလာ၏။

ဝန်ထင်းဟောက်ကို ဟန်ဖချင်းက မီးဝင်ဝင်းတောက်သော



မျက်လုံးများဖြင့် စိုက်ကြည့်လိုက်သည်။

"မင်းကို ငါ မကျေဘူးဟေ့၊ ငါ မသေသရွေ့ မင်း အနာဂတ်
မကောင်းဘူးဆိုတာ သိထားဟေ့ ဝန်ထင်းဟောက်"

မီးလက်ဝါးဟန်ဖချင်းသည် ဝုန်းခနဲ ထလိုက်လေ၏။ ကမ်း
စပ်၌ အတော်ဝရုန်းသုန်းကားဖြစ်သွားသည်။

သို့သော် ဓားသမား လေးယောက်က ဟန်ဖချင်းအား ထိန်း
သိမ်းလိုက်သည်။

သံကြိုးအထပ်ထပ် ရစ်ပတ်ထားသော ဟန်ဖချင်းသည်
မည်သို့လွတ်ထွက်နိုင်ပါ အံ့နည်း။

"မီးလက်ဝါးအကြောင်း သိရမယ်ဟေ့"

ဓားသမားလေးယောက်က ဆွဲခေါ်သွားကြ၏။

ဟိုရင်ဖုန်းက....

"ကြောက်စရာကြီး အစ်ကိုရယ်၊ သူ့မျက်လုံးတွေက ကျားရဲ
တစ်ကောင်လိုပဲနော်၊ နီရဲတောက်ပြောင်နေတာပဲ"

ဝန်ထင်းဟောက်က....

"သူဟာ အတော်တော့ ခုခံနိုင်တယ်၊ ဒါပေမယ့် နောက်ဆုံး
သူမတတ်နိုင်ပါဘူးလေ၊ အဖမ်းခံရတာပါပဲ၊ ကဲ... အခု ကြည့်ပါ
လား၊ သူဟာ အကျဉ်းသားဖြစ်နေပြီ၊ မကြာခင်မှာ မရဏဂူထဲမှာ
သူ့ကို ပိတ်လှောင်ထားရလိမ့်မယ်"

ဝန်ထင်းဟောက်သည် ဇနီးသည်အား အိမ်ဂေဟာသို့ ခေါ်

ဆောင်သွားလေသည်။

ဟိုရင်ဖုန်းက....

"ညီမစိတ်ထင် အစ်ကိုတော့ ညီမ ကလေးမျက်နှာမြင်နေတဲ့ အချိန်ကို အမီမရောက်နိုင်တော့ဘူးလို့ ထင်နေတာ"

"အိုး... ညီမက မွေးရက်စေ့နေလို့များလား"

"ဒီတစ်ရက်နှစ်ရက်အတွင်း မွေးမယ်လို့ သမားတော်ကြီးတွေက ပြောကြတာပဲ၊ မနက်ကတော်င် ဗိုက်နာနေသေးတယ်"

"ဒါဖြင့် အစ်ကိုရောက်လာတာ အချိန်မီပဲပေါ့နော်"

"အို... အို ပြောရင်းဆိုရင်း ဗိုက်နာလာပြီ အစ်ကို... အစ်ကို"

"ကဲ... လာ... လာ၊ မြန်မြန် အိမ်ရောက်အောင် သွားကြစို့နော်"

ဝန်ထင်းဟောက်သည် ဝေါစင်များကို အမြန်ဆုံး ပြန်ယူစေသည်။ အစောင့်များကလည်း ဝေါစင်များကို အပြေးအလွှား ယူလာကြ၏။

"ကဲ... မင်းတို့ သခင်မလေးကို ဝေါစင်ပေါ်တင်ပြီး စံအိမ်ကို အမြန်ဆုံးရောက်အောင် ပြန်ပေတော့၊ ဝေါစင်ကိုလဲ သိပ်မယိမ်းစေနဲ့တော်ကြာ ဝေါစင်ပေါ်မှာတင် မွေးသွားဦးမယ်"

ဝန်ထင်းဟောက်သည် ဇနီးဖြစ်သူကို ဝေါစင်ပေါ်သို့တင်ပေးလိုက်၏။ သူသည် ဝေါစင်ဘေးမှ အပြေးကလေးလိုက်သည်။

စံအိမ်သို့ရောက်သည်နှင့် ဟိုရင်ဖုန်းသည် ကလေးမျက်နှာ



မြင်လေတော့၏။ သားဦးယောကျ်ားအား မွေးဖွားလေ၏။

"ဟား... ဟား... ဟား၊ ငါ... ငါ သားယောကျ်ားရှင် ဖြစ်ပြီကွ"

သူသည် ဝမ်းသာအားရ အော်ဟစ်ရယ်မောရင်း ဟန်ဖချင်း၏အခြေအနေကိုကြည့်ရန် ထွက်လာခဲ့လေ၏။

သူသည် ထိုနေ့တစ်နေ့လုံး ပျော်ရွှင်နေသည်။ သူသည် ဟန်ဖချင်းအား မရဏဂူထဲ ထည့်ထားသည်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟန်ဖချင်းက အော်ဟစ်ကြိမ်းမောင်းသည်ကို ရယ်စရာစဖွယ် ဟာသသဘောထားခဲ့သည်။

"ဟေ့... ဝန်ထင်းဟောက် ငါ ဒီမရဏဂူထဲက ထွက်တဲ့နေ့ဟာ မင်းအတွက် သေနေ့ပဲမှတ်ဟ"

"အေး... လွတ်မြောက်အောင် ကြိုးစားပါဦးကွာ"

"အေး... ငါက လွတ်မြောက်အောင် ကြိုးစားမှာပဲ၊ ငါ သေရင်တောင် မင်းတို့မလွယ်ဘူး၊ မင်းတို့အေးအေးချမ်းချမ်း ဘယ်တော့မှ မနေရဘူးကွ"

"ဟား... ဟား... ဟား"

ဝန်ထင်းဟောက်သည် ရယ်မောခဲ့လေ၏။

ယခုအချိန်၌ ဝန်ထင်းဟောက် ရယ်နိုင်လေပြီ။

မီးလက်ဝါး ဟန်ဖချင်း မည်မျှကြိမ်းမောင်းမောင်း မည်မျှခြိမ်းခြောက်ခြိမ်းခြောက် မီးလက်ဝါးဟန်ဖချင်းကို သူအမျက်မထွက်

ချေ။ သူ့လက်ခုပ်ထဲမှ ရေဖြစ်နေပြီ မဟုတ်ပါလား။

မီးလက်ဝါးကို ဖမ်းမမိခင်တုန်း အချိန်များကတော့ ကြောက်ရသည်။

ဤသို့ရယ်မောနိုင်နေသည် မဟုတ်ပေ။ မီးလက်ဝါးသည် သူ့ရန်သူမှန်သမျှကို ဒဏ်ရာတစ်ခုတော့ပေးနိုင်ခဲ့သည်သာ ဖြစ်၏။

အခုတော့ သူသည် မီးလက်ဝါးဟန်ဖချင်းကို မမှုတော့ပေ။ မမှုစရာ အကျဉ်းသားဖြစ်နေခဲ့လေပြီ။

ထို့ကြောင့် ရယ်မောခြင်း ဖြင့်သာ တုံ့ပြန်ခဲ့သည်။ သူသည် မီးလက်ဝါးကိုဂရုစိုက် အရေးယူစရာ သတ္တဝါအဖြစ် မမြင်တော့ပေ။

ဤမရဏာဂူထဲရှိနေသမျှ သိုင်းလောက တစ်ခုလုံး အေးချမ်းနေမည်တည်း။

အရှေ့ကျွန်း မရဏာဂူထဲ မီးလက်ဝါး အကျဉ်းချခံစားရစဉ် အရှေ့ကျွန်းသခင်လေး ဝန်ဝေးစန်းအား မွေးဖွားသန့်စင်ခဲ့ပါလေ၏။

+++



(ဂ)

## ဆရာမွေးမှားခြင်း

နှစ်ပေါင်းနှစ်ဆယ်....။

မရဏာဂူထဲ၌ မီးလက်ဝါးအကျဉ်းကျနေသည်မှာ နှစ်ပေါင်းနှစ်ဆယ်မျှ ရှိလေပြီ။ အရှေ့ကျွန်းသခင်လေး ဝန်ဝေးစန်းတစ်သက် ရှိခဲ့ပြီ။

မီးလက်ဝါးဟန်ဖချင်းသည်လည်း မရဏာဂူကြီးထဲ၌ အနှစ်နှစ်ဆယ်မျှ အကျဉ်းကျနေခဲ့ရလေပြီ။

ကျောက်သားအတိပြီးသော မှောင်မိုက်သည့်ဂူထဲ၌ မသေထမင်း၊ မသေဟင်းကိုစား၍ အသက်ရှင် နေခဲ့သည်မှာ နှစ်ပေါင်းနှစ်

ဆယ်တိတိ ရှိနေလေပြီ။

မီးလက်ဝါးသည် စိတ်၊ ဖွဲထက်သန်လှသူဖြစ်၏။

သူသည် မရဏဂူထဲရောက်ရှိသည့်နေ့ရက်မှစ၍ အတွင်းအားလေ့ကျင့်တော့သည်။

သူသည် ကျောက်ဂူ၏အနားအသားများကို ရိုက်ဖြို့လေ့ကျင့်ခဲ့၏။

တစ်စတစ်စ ကျောက်သားနံရံထုများကို ဖြိုခွဲခဲ့၏။ အနှစ်နှစ်ဆယ်မျှ ကြာမြင့်လာသောအခါ ကျောက်နံရံကြီး၌ လူတစ်ကိုယ်စာထွက်ပေါက် ပေါ်ထွက်လာတော့သည်။

မရဏဂူကို ဖောက်ထွက်နိုင်သော မီးလက်ဝါး၏အတွင်းအားမှာ အထွတ်အထိပ်သို့ရောက်နေလေပြီ။

သူသည် နေ၏အလင်းရောင်ကိုတွေ့လိုက်သည်နှင့် အပျော်ကြီးပျော်သွားလေတော့၏။

သူသည် အရှေ့ကျွန်းသခင်ကြီး ဝန်ထင်းဟောက်အား ချက်ချင်းသတိရလေ၏။

"ဟား... ဟား... ဟား"

သူသည် ကျယ်လောင်စွာ ရယ်မောလိုက်၏။ မရဏဂူဖောက်ထွင်းနိုင်သူမှာ အတွင်းအား အလွန်ကြီးမားမှသာ ဖြစ်နိုင်ပေမည်။

မီးလက်ဝါးသည် အတွင်းအား အလွန်ကြီးမားသူတစ်



ယောက် ဖြစ်သွားလေပြီ။

"ဝန်ထင်းဟောက်ရေ.. ငါလာပြီဟေ့"

သူသည် အော်ဟစ်ကြိမ်းဝါးရင်း ဝန်ထင်းဟောက်ရှိရာအရပ်သို့ ထွက်ခွာလာလေတော့၏။

သူ၏နာကြည်းမှုများကို မျိုသိပ်ထားခဲ့ရသော မီးလက်ဝါးဟန်ဖချင်းသည် အရှေ့ကျွန်းသခင်ကြီး၏စံအိမ်ဆီသို့ လျင်မြန်စွာရောက်ရှိလာ၏။

အရှေ့ကျွန်းသခင်ကြီးသည် မီးလက်ဝါးအား တွေ့မြင်လိုက်ရသောအခါ အကြီးအကျယ် အံ့သြတုန်လှုပ်သွားလေတော့၏။

မီးလက်ဝါးနှင့်သူသည် သူသေကိုယ်သေ တိုက်ခိုက်ရတော့မည်ကို သိလိုက်သည်။

သူသည် နံရံမှ'နေဝန်းနီ'ဓားအား ဆွဲထုတ်လိုက်၏။

"မင်း... လွတ်လာပြီလား"

"ဟား... ဟား... ဟား ငါ မင်းကိုသတ်ဖို့ လွတ်လာပြီ"

အရှေ့ကျွန်းသခင်ကြီး ဝန်ထင်းဟောက်သည် အတွင်းအားအရာ၌ မီးလက်ဝါးကိုမမီချေ။

သူ စကားပြောနေစဉ် မီးလက်ဝါးက ခုန်ကန်လိုက်၏။ ကန်ချက်သည် တည့်တည့်ကြီးထိသည်။

"ဖြောင်း...."

ဝန်ထင်းဟောက်သည် လွင့်ထွက်သွား၏။

"ဟား... ဟား... ဟား... မင်း ဒီနေ့ သေနေ့စေ့ပြီကွ ဝန်ထင်းဟောက်ရ"

ဝန်ထင်းဟောက်သည် ရူးလဲထလိုက်၏။ သူသည် မီးလက်ဝါးကို မယှဉ်နိုင်တော့ကြောင်း သိသည်။ သူ အသေခံ၍ တိုက်ရပေတော့မည်။

"ဗိုး... ဗိုး... ဗိုး"

"ရွှမ်း... ရွှမ်း... ရွှမ်း"

သူသည် နေဝန်းနီဓားကြီးအား ဝှေ့ယမ်း၍'အရဏ်ဦး'တိုက်ကွက်ကို ထုတ်သည်။

သူသည် မီးလက်ဝါးအား ဆက်တိုက်ထိုးခုတ် တိုက်ခိုက်လေတော့၏။

မီးလက်ဝါးသည် ထိပ်တိုက်ရင်မဆိုင်ဘဲ ရှောင်တိမ်းသွားသည်။

"ဗိုး... ဗိုး... ဗိုး"

မီးလက်ဝါးသည် ဆက်တိုက်ပင် ရှောင်သည်။ သို့သော် ငါးကွက်သို့ရောက်သောအခါ နေဝန်းနီဓားကြီး၏ဓားချက်အထိ ခံလိုက်ရသည်။

"ရွှမ်း...."

သွေးများ ဖြာကျလာလေ၏။

"အား...."



မီးလက်ဝါးသည် အော်ဟစ်လိုက်၏။ သူသည် သွေးထွက်နည်းစေရန် သွေးကြောများကိုပိတ်လိုက်သည်။

ထို့နောက် မီးလက်ဝါးသည် ဝန်ထင်းဟောက်အား သတိထား၍ ယှဉ်ပြိုင်လေတော့၏။

မီးလက်ဝါးသည် ခြောက်ကွက်မြောက် နေဝန်းနီဓား၏ တိုက်ကွက်ကိုရှောင်တိမ်းလျက် အော်ဟစ်မာန်သွင်းရင်း ခုန်ဝင်သွားသည်။

"ဟေး...."

"ဗိုး...."

"ဖြောင်း...."

"အား...."

မီးလက်ဝါး၏ရိုက်ချက်သည် ဝန်ထင်းဟောက်အား ပြင်းထန်စွာ ရိုက်ချမိလေ၏။

ဝန်ထင်းဟောက်မှာ လွင့်စဉ်ထွက်သွားသည်။ မီးလက်ဝါး၏ရိုက်ချက်သည် သူ၏လက်ပြင်အား ပြင်းထန်စွာ ရိုက်မိသဖြင့် လက်မောင်းတစ်ဖက်ပြုတ်ကျမတတ် နာကျင်သွားလေ၏။

နေဝန်းနီဓားကြီးမှာမူ လွတ်မသွားချေ။ သူသည် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားနိုင်သေးသည်။

"အစ်ကိုဝန်...."

ဟိုရင်ဖုန်း၏အသံပေတည်း။ ဟိုရင်ဖုန်း ရောက်လာပေပြီ။

သူမသည် သူမ၏ခင်ပွန်းသည်ထံ ပြေးသွား၏။ သို့သော် ဝန်ထင်းဟောက်ထံ မရောက်ပါ။

မီးလက်ဝါးက လမ်းမှခုန်ပျံပြီး ဟိုရင်ဖုန်းကို ဖမ်းဆီးချုပ်ကိုင်လိုက်သည်။

"ဟား... ဟား... ဟား ဝန်ထင်းဟောက်၊ မင်းရဲ့ဇနီးမယား ငါ့လက်ထဲရောက်လာပြီ၊ ငါ ကြိုက်သလို သတ်နိုင်တယ်၊ ဒီမှာ တွေ့လား"

မီးလက်ဝါးသည် ဟိုရင်ဖုန်း၏လည်မျိုကို ညှစ်ပြလိုက်၏။ ဟိုရင်ဖုန်း မအော်နိုင်ပေ။ မျက်လုံးပြူးထွက်လာသည်။ နောက်မှ လက်ကိုပြန်လျှော့ပေးသည်။

"ဒါက ရုပ်ပျက်ဆင်းပျက် သတ်တာ၊ ကြိုက်တဲ့အကြောင်းကို ထိုးသတ်နိုင်သေးတယ်၊ မင်း တွေ့ပြီလား"

ဟိုရင်ဖုန်းမှာ မျက်လုံးပြူးကြီးဖြင့် ဝန်ထင်းဟောက်ကို ကြည့်နေလေ၏။

ဝန်ထင်းဟောက်မှာလည်း ဇနီးဖြစ်သူအား စိုးရိမ်ထိတ်လန့်စွာ ကြည့်နေမိသည်။

မီးလက်ဝါးက....

"ဝန်ထင်းဟောက်... မင်းလက်ထဲက ဓားကြီးကို လွှတ်ချလိုက်စမ်း"

သူ့အသံကြီးသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။



"ဟေ့ကောင်... ငါပြောနေတာ မကြားဘူးလား၊ မင်းလက်ထဲက ဓားကြီးကို လွှတ်ချလိုက်စမ်း"

ဝန်ထင်းဟောက်၏လက်ထဲမှ နေဝန်းနီဓားကြီးသည် ပြောင်လက်တောက်ပနေ၏။

ဝန်ထင်းဟောက်သည် သူ့ဓားကြီးကို ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်ရ၏။

"ကဲ... ငါ့ရှေ့ကို လျှောက်ခဲ့စမ်း"

မီးလက်ဝါးအမိန့်ပေးသည့်အတိုင်း ဝန်ထင်းဟောက်သည် တစ်လှမ်းချင်း လျှောက်လာရလေ၏။

ဟိုရင်ဖုန်းက....

"အစ်ကို... အစ်ကို သူ ညီမကိုလဲ သတ်မှာပဲ၊ အစ်ကို့ကိုလဲ သတ်မှာပဲ၊ အစ်ကိုသာ လွတ်အောင်ပြေးပါ"

ဝန်ထင်းဟောက်သည် ရပ်တန့်သွား၏။ သို့သော် သူသည် ဇနီးကိုပစ်ပြီး ပြေးလောက်အောင် သူရဲဘောမကြောင်ပါ။

"ကဲ... ဝန်ထင်းဟောက်၊ မင်း ရှေ့ကိုတိုးလာခဲ့စမ်းပါ၊ မင်း ဒီလောက် သတ္တိမကြောင်ပါဘူး"

ဝန်ထင်းဟောက်သည် ရှေ့သို့တိုးလာရလေ၏။

ဝန်ထင်းဟောက်က....

"မီးလက်ဝါး... ကျုပ်ဇနီးကိုတော့ မသတ်ပါနဲ့ဗျာ၊ ကျုပ်ကို သတ်ရရင် ကျေနပ်ပါတော့"

"ဟား... ဟား... ဟား၊ မင်း အခုတော့ မင်းဇနီးသေမှာ ကြောက်နေပြီပေါ့ ဟုတ်လား"

ဟိုရင်ဖုန်းက ငိုရှိုက်လျက် ပြော၏။

"ကျွန်မ... ကျွန်မ သေမှာမကြောက်ပါဘူး၊ အစ်ကိုသာ လွတ်အောင်ပြေးပါ"

မီးလက်ဝါးသည် တဟားဟား အော်ရယ်ရင်း....

"မင်းဟာ ငါ့ကိုအနှစ်နှစ်ဆယ်လောက် မရဏဂူထဲမှာ အကျဉ်းချခဲ့တယ်၊ ငါဟာ ငါ့ဘဝကို ဂူထဲမှာ မြှုပ်နှံထားခဲ့ရတယ်၊ ဒီတော့ ငါက မင်းကိုလက်စားချေရမှာပဲ၊ မင်းဟာ ငါ့ရဲ့ပထမဆုံးသော သားကောင်ပဲ၊ ငါ တရားပါတယ်နော်"

မီးလက်ဝါးသည် ဟိုရင်ဖုန်းအား အကြောပိတ်ပြီး ဘေးသို့ တွန်းဖယ်လိုက်၏။

ထိုအခါ ဝန်ထင်းဟောက်သည် သူ့ဇနီးဆီသို့ အာရုံရောက်သွား၏။

မီးလက်ဝါးသည် ဇနီးထံသို့ အာရုံရောက်သွားသည့် ဝန်ထင်းဟောက်၏ကျောပြင်သို့ လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

"ဘုန်း...."

"အား...."

မီးလက်ဝါးသည် ထိုလက်ဝါးကို အားကုန်ရိုက်လိုက်ခြင်း ဖြစ်သည်။



အတွင်းအား အကုန်ထည့်ပြီးရိုက်ထည့်လိုက်ခြင်းဖြစ်ရာ ဝန်ထင်းဟောက်သည် ပြင်းထန်စွာ လွင့်စဉ်ထွက်သွားပြီး အခန်းထောင့်၌ သေဆုံးသွားလေသည်။

ဝန်ထင်းဟောက်၏ကျောပြင်၌ ကြီးမားသောလက်ဝါးရာကြီး ညိုမည်းကျန်ရစ်သည်။

မီးလက်ဝါးသည် စံအိမ်တော်တစ်ခုလုံးရှိပစ္စည်းများအား ရိုက်ချိုးဖျက်ဆီးတော့သည်။

ထိုအခါ အိမ်တော်စောင့်သိုင်းသမားများ ပြေးဝင်လာပြီး တိုက်ခိုက်ကြရာ မီးလက်ဝါးက တဟားဟားအော် ရယ်ရင်း ထိုသူများအား မီးလက်ဝါးဖြင့် ရိုက်ချလေတော့၏။ အလောင်းချင်း ထပ်သွားသည်။

မီးလက်ဝါးသည် စိတ်ရှိလက်ရှိ သတ်ဖြတ်ပြီးမှ ထွက်ခွာသွားသည်။

အရှေ့ကျွန်းသခင်၏ ပစ္စည်းများမှာ ဖရိုဖရဲဖြင့် ပျက်ဆီးပြီး ကျန်ရစ်ခဲ့၏။

မီးလက်ဝါးထွက်သွားပြီး မကြာမီပင် စံအိမ်ကြီးဆီသို့ အရှေ့ကျွန်းသခင်လေး ဝန်ဝေးစန်း ရောက်ရှိလာလေ၏။

"ဟင်... ဖေဖေနဲ့မေမေ...."

သူသည် အော်ဟစ်ပြီး အပြေးကလေး ချဉ်းကပ်လာလေ၏။

အဖေကား သေပြီ၊ မအေကတော့ မသေသေးပေ။ မအေအား အကြောများ ဖွင့်ပေးလိုက်ရသည်။

မိခင်ဖြစ်သူက သားဖြစ်သူအား အဖြစ်အပျက်များကို ပြန်ပြောပြလေ၏။

သူသည် ဖခင်၏ကျောပြင်အား ကြည့်လိုက်၏။ မီးလက်ဝါး ဒဏ်ရာကြီးကို တွေ့လိုက်ရသည်။

ဖခင်သည် အတွင်းဒဏ်ရာပြင်းထန်စွာ ရရှိပြီး သေဆုံးသွားကြောင်း သိလိုက်မိ၏။

ဟိုရင်ဖုန်းသည် မျက်ရည်မကျတော့ပေ။

"သား... သား...မင်းအဖေကို မီးလက်ဝါးသတ်သွားတာကွယ့်၊ သူ အခုတော့ ထွက်ပြေးသွားပြီပေါ့"

ဝန်ဝေးစန်း၏ဒေါသများသည် ပေါက်ကွဲထွက်သွားလေ၏။

"ကျွန်တော် သူ့ကိုပြန်ပြီး လက်စားချေမယ်... မေမေ"

အရှေ့ကျွန်းသခင်လေးသည် လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး မီးလက်ဝါးထွက်ပြေးသွားသည့်ဘက်သို့ ငေးမျှော်ကြည့်မိလေ၏။

✣✣✣

အရှေ့ကျွန်းသခင်လေးသည် သူ့စကားကိုအဆုံးသတ်လိုက်



လေ၏။

သူ့အဖြစ်အပျက်ကိုပြန်ပြောပြ၍ ပြီးဆုံးသွားပြီတည်း။

နတ်လေပွေ အဘွားက....

"အင်း... ဒီအတိုင်းဆိုရင်တော့ သိုင်းလောကမှာ သွေးထွက်သံယိုမှုတွေ ပေါ်ပေါက်လာရဦးမှာပေါ့လေ"

ဝန်ဝေးစန်းက....

"သေချာတာပေါ့ အဘွားရယ်၊ ဒါပေမယ့် သူလွတ်သွားတယ်ဆိုတာ သိုင်းလောကက ဘယ်မသိဘဲရှိပါ့မလဲ၊ ဒီတော့ သိုင်းထိပ်သီးကြီးတွေက ဘယ်ကြည့်နေပါ့မလဲ၊ အင်းလေ... ဘယ်သူနှိမ်နှိမ် မနှိမ်နှိမ် ကျွန်တော်ကတော့ သူ့ကိုမဖြစ်မနေ ရှာရမှာပဲ၊ ကျွန်တော့်အဖေအတွက် သူ့ကိုပြန်လက်စားချေရမယ်"

"အေးကွယ်... မင်းမှာလဲ အကြောင်းရှိနေတဲ့လူဆိုတော့ ငါ မတားလိုပါဘူး၊ ဒါပေမယ့် မီးလက်ဝါးဆိုတာ အင်မတန် ကောက်ကျစ်ယုတ်မာတဲ့လူကွယ့်၊ ရက်စက်တဲ့နေရာမှာလဲ နှစ်ယောက်မရှိဘူး၊ သိုင်းလောကမှာ သူက တစ်ကိုယ်တော်လူဆိုးကြီးဖြစ်နေတဲ့လူကွယ့်၊ သူ့ကိုပေါ့ပေါ့ဆဆ သဘောမထားနဲ့ ကြပ်ကြပ်သတိထားရမယ်၊ ခုဆိုရင် သူ့အတွင်းအားက အင်မတန်ကြီးမားလာတာကွယ့်၊ မင်းသတိမထားဘဲ သူ့ကိုလိုက်ရှာရရင်တော့ မင်းပဲ ခံသွားရလိမ့်မယ်"

"ဟုတ်ကဲ့ အဘွား၊ အဘွားပြောတာတွေ ကျွန်တော်သ

ဘောပေါက်ပါတယ်၊ ကျွန်တော် သူနဲ့ယှဉ်ပြိုင်ဖို့ အစစအရာရာ သတိထားဆောင်ရွက်ပါ့မယ်"

နတ်လေပွေအဘွားသည် စိတ်သဘောထားဖြူစင်သော သတ္တိအရာ၌ ရဲရင့်နိုင်မာသော အရှေ့ကျွန်းသခင်လေး ဝန်ဝေးစန်းအတွက် လွန်စွာ စိုးရိမ်ပူပန်မိသည်။

"ကဲ...,အဘွားလဲ ဒဏ်ရာပျောက်ကင်းသွားပါပြီ၊ ကျွန်တော့်ကို သွားခွင့်ပြုပါတော့"

"အေးကွယ်... အဘွားကို မင်းကူညီခဲ့တာ မမေ့ပါဘူး၊ ကဲ... ကဲ... မင်းလဲ သွားစရာရှိတာ သွားပေဦးတော့"

"ဒါဖြင့် ကျွန်တော့်ကို ခွင့်ပြုပါဦး"

"အေးကွယ်... အေး... အေး"

အရှေ့ကျွန်းသခင်လေးသည် ထွက်ပြေးပျောက်ကွယ်သွားလေတော့၏။

နတ်လေပွေအဘွားဟုဇန်မှာ သစ်ပင်ခြေရင်း၌ လဲလျောင်းကျန်ရစ်၏။

"အင်း... မီးလက်ဝါး... မီးလက်ဝါး သိုင်းလောကကြီးတစ်ခုလုံး သွေးစွန်းပေအောင် လုပ်တော့မှာပဲကိုး... ဟင်း"

အဘွားအို ညည်းညူလိုက်မိသည်။

"ဩော်... လီရှုရှုဆိုတဲ့ မိန်းကလေးလဲ သူ့လက်ထဲပါသွားပြီ၊ ဆရာလူဆိုး လူမိုက်ဖြစ်ရင် တပည့်လဲ လူဆိုးလူမိုက်ပဲ ဖြစ်မှာပေါ့



ကွယ်"

နတ်လေပွေအဘွားသည် ဒုတိယအကြိမ် သက်ပြင်းချမိတော့သည်။

+++

(၉)

ရန်သူတပည့်

မွန်းတည့်ချိန်....။

နေသည် ဦးခေါင်းတည့်တည့်ပေါ်၌ ကျရောက်၏။

ထိုနေရောင်အောက်တွင် မိန်းမပျိုကလေး လီရှုရှုသည် နေကသိုဏ်းရှုနေသည်။

မီးလက်ဝါးသည် ကျေနပ်အားရစွာ ခေါင်းတညိတ်ညိတ်လုပ်နေလေ၏။

သူသည် မလှမ်းမကမ်းရှိ သစ်ပင်အောက်မှ လှမ်းကြည့်နေခြင်းဖြစ်သည်။



သူနှင့်မလှမ်းမကမ်းတွင် တောင်ကုန်းငယ်တစ်ခုရှိသည်။ ထိုတောင်ကုန်းငယ်ပေါ်တွင် လီရှုရှုထိုင်၍ နေကသိုဏ်းရှုနေခြင်းဖြစ်သည်။

လီရှုရှုသည် မီးလက်ဝါးထံမှ သိုင်းပညာများသင်ယူနေခြင်းဖြစ်သည်။

သိုင်းပညာသင်ယူရာတွင် စိတ်ဓာတ်အင်အား၊ ကိုယ်ခန္ဓာအင်အား ပြည့်စုံနေဖို့လိုသည်။

ထို့ကြောင့် မီးလက်ဝါးက အပြင်းအထန် လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။

မီးလက်ဝါးသည် နာမည်ရှိသည့်အတိုင်း အပူသိုင်းကိုအောင် မြင်ထားသူဖြစ်ရာ လီရှုရှုကိုလည်း အပူသိုင်းကို လေ့ကျင့်သင်ကြား ပေးခဲ့သည်။

ပူလောင်ခြင်းကို ခံနိုင်ရည်ရှိစေရန် မိန်းကလေးသည် အပူဒဏ်ခံနိုင်မည့် အလေ့အကျင့်များကို လေ့ကျင့်နေရခြင်းဖြစ်သည်။

မီးလက်ဝါးသည် အသက်ငယ်သလောက် ဖွံ့ဖြိုးသော သတ္တိရှိသော လီရှုရှုအား လွန်စွာ သဘောကျနေ၏။

တကယ်တော့ မီးလက်ဝါးသည် လီရှုရှုနှင့် သွေးပလွေရှင်တို့တွေ့ဆုံချိန်ကတည်းက မနီးမဝေးတွင် ရှိနေခဲ့သည်။

သွေးပလွေရှင်နှင့် လီရှုရှုတို့ပြောနေသည့် စကားများကိုလည်း သူ ကြားသိနေခဲ့ရသည်။

ထို့ကြောင့် သွေးပလွေရှင်၏နားအတွင်း နံရံတို့အား ဖောက်ခွဲနိုင်စွမ်းရှိသည့် တေးသံအား နားဆင်နိုင်စေရန် လီရှုရှု၏အကြားအာရုံများအား ပိတ်ပေးခဲ့သည်။

ထိုအခါ သွေးပလွေရှင်၏တေးသံသည် လီရှုရှုအား အစွမ်းမပြနိုင်ဘဲ ဖြစ်ခဲ့ရသည်။

သူသည် လီရှုရှု၏နောက် လျှောက်လိုက်ခဲ့သည်။ မိုးထိတောင်ထိပ်၌ အဘိုးဟိုချူးနှင့် လီရှုရှုတိုက်ခိုက်သည်ကိုလည်း စောင့်ကြည့်ခဲ့သည်။

လီရှုရှုသည် ကိုယ်ဖော့ပညာကို နတ်လေပွေအဘွားထံမှ ငါးရက်ခန့်သာ သင်ကြားခဲ့သော်လည်း အလွန်ပေါ့ပါးနေခဲ့သည်။

သူ၏ ကိုယ်ဖော့ပညာနှင့် ရဲရင့်မှုကို တွေ့ရှိပြီး မီးလက်ဝါးသည် လွန်စွာ သဘောကျသွားခဲ့၏။

သူသည် လီရှုရှုနောက်မှ ဆက်လိုက်လာခဲ့ရာ ရွှေပိတုန်းအဘွား၏ တိုက်ခိုက်မှုကို တွေ့ကြုံရပြီး ဝင်ရောက်ကူညီခဲ့၏။

မိန်းကလေးကလည်း သူ့ကိုအားကိုးယုံကြည်သွားရာ သူသိမ်းသွင်းဖို့ အခွင့်အရေး ရသွားလေ၏။

သူ ဤသို့တပည့်မွေးခြင်းမှာ အကြောင်းရှိ၏။ သူ့အား အနှစ်နှစ်ဆယ် အကျဉ်းချခဲ့သော သိုင်းထိပ်သီးများစွာသည် သိုင်းလောက၌ ရှိ၏။

ထိုသိုင်းထိပ်သီးများကို သူ လက်စားချေရပေမည်။ ထိုသို့လက်စားချေရာ၌ သူတစ်ယောက်တည်း ရှိနေ၍ မဖြစ်ပေ။ တပည့်တစ်ဦး ရှိရပေဦးမည်။

ထိုတပည့်မှာလည်း ကိုယ်စွမ်းကိုယ်စရှိသည့် တပည့်ဖြစ်ရပေမည်။ သူ့စကားကို ဦးလည်မသုန် နားထောင်သူလည်း ဖြစ်ရမည်။

ထိုစဉ် လီရှုရှုအား တွေ့ရခြင်းဖြစ်သည်။

ထို့ကြောင့် သူသည် လီရှုရှုအား လိုက်လံကူညီခဲ့ခြင်း ဖြစ်သည်။

သူမျှော်လင့်သည့်အတိုင်း မိန်းကလေးသည် သူ့အား အားကိုးယုံကြည်သွားပြီး သူ့တပည့်အဖြစ် ခံယူခဲ့၏။

သူကလည်း အပြင်းအထန် လေ့ကျင့်သင်ကြားပေးခဲ့သည်။

နေမွန်းတည့်ချိန်မှစ၍ တောင်ကုန်းထိပ်၌ နေကသိုဏ်းရှုခဲ့သော လီရှုရှုသည် နေစွယ်ကျိုးလေမှ လေ့ကျင့်မှု ပြီးစီးသွား၏

အမှောင်ရိပ် ကြီးစိုးလာလေပြီ။

လီရှုရှုသည် သူမ၏ဆရာ မီးလက်ဝါးရှိရာသို့ လျှောက်လာ၏။

"ကဲ... တပည့်ရေ လေ့ကျင့်မှု ဆက်လိုက်ကြဦးစို့"

"အဆင်သင့်ပါပဲဆရာ"

မီးလက်ဝါးသည် ထင်းတုံးကြီးများ မီးရှို့ထားသော မီးပုံကြီးဆီသို့ လီရှုရှုကို ခေါ်ဆောင်လာ၏။

ထိုမီးပုံကြီးအပေါ်၌ လင့်စင်ထိုးထား၏။ အောက်မှ မီးအ
ပူဟပ်သဖြင့် သာမန်လူသားသည် ထိုလင့်စင်ပေါ်၌ မည်သို့မျှမနေ
နိုင်ချေ။

မီးလက်ဝါးလေ့ကျင့်သည်မှာ တေဇောဓာတ်ကို အခြေခံ
သည့် သိုင်းလေ့ကျင့်ခန်းများဖြစ်၍ လီရှုရှုအား ဤသို့အပူတိုက် လေ့
ကျင့်ခန်းများ ပြုလုပ်စေခြင်းဖြစ်သည်။

လီရှုရှုသည် လင့်စင်ပေါ်ထိုင်၍ လေ့ကျင့်ခန်းများ ပြုလုပ်
၏။

သူ၏လေ့ကျင့်ခန်းများမှာ အလွန်ပြင်းထန်လှ၏။

လီရှုရှု၏ အသက်မှာ ငယ်လွန်းသဖြင့် ဤလေ့ကျင့်ခန်းများ
နှင့် မလိုက်ဖက်သကဲ့သို့ ဖြစ်နေ၏။

လီရှုရှု၏ ပညာလိုလားသည့်စိတ်ဓာတ်ကို မီးလက်ဝါးကျိတ်
၍ ချီးကျူးမိသည်။

သူသည် လီရှုရှု လေ့ကျင့်သည်များကို စိတ်ကျေနပ်စွာ
ကြည့်ရင်း မေးခနဲ အိပ်ပျော်သွား၏။

"ဆရာ… ညသန်းခေါင် ရှိသွားပြီ၊ သမီး ဘာဆက်လုပ်ရမ
လဲ"

မီးလက်ဝါးသည် ချက်ချင်းနိုးလာပြီ ခုန်ထလိုက်လေ၏။

"အေး… ရှိသေးတယ်"

လီရှုရှုအား ခေါ်ဆောင်သွားသည်။ မီးပုံကြီးလေးပုံအလယ်
သို့ ရောက်ရှိသွားသည်။

မီးပုံကြီးလေးပုံအလယ်၌ သမာဓိအားကျင့်ရသော ကျင့်
စဉ်လေ့ကျင့်ခန်းကို ပြုလုပ်စေသည်။

"အဲဒီမီးပုံလေးခုအလယ်ကောင်မှာ စိတ်အင်အားသမာဓိ
ကို ဆောက်တည်ရမယ့် လေ့ကျင့်ခန်းကွယ်"

လီရှုရှုသည် ဆရာညွှန်ပြသည့်အတိုင်း တင်ပျဉ်ခွေထိုင်
လိုက်သည်။ လက်နှစ်ဖက်ကို ပေါင်ပေါ်တင်ထားသည်။

ထို့နောက် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်မယှက်ထိုင်နေ
လေတော့သည်။

အပူများကား လီရှုရှုကိုယ်ထဲသို့ တဖြည်းဖြည်း စီးဝင်သကဲ့
သို့ ရှိနေသည်။

လီရှုရှု၏ အသွေးအသားများမှာ ဆူပွက်သကဲ့သို့ ရှိနေ
သည်။ လီရှုရှုကား ကြံ့ကြံ့ခံနေနိုင်သည်။

"အင်း… အင်မတန် စိတ်တည်ငြိမ်တဲ့ မိန်းကလေးပဲ၊ သတ္တိ
လဲ ရှိပါပေတယ်"

မီးလက်ဝါးသည် လီရှုရှုအား ကျိတ်၍ ချီးကျူးနေလေ
သည်။ ဤသို့ဖြင့် သူသည် မေးခနဲ အိပ်ပျော်သွားပြန်သည်။

"ဆရာ… အရုဏ်တက်သွားပြီ၊ မီးလဲ သေသွားပြီ၊ သမီး
ဘာဆက်လုပ်ရဦးမလဲ"

"ဪ… အေး… အေး"

မီးလက်ဝါးသည် အိပ်ရာမှ ထလိုက်သည်။

"သမီး ဆာရောပေါ့"

"ဆာလှတယ်လဲ မဟုတ်ပါဘူး ဆရာ"

"ဆာဆာ... မဆာဆာ အစာကိုတော့ ဖြည့်ပေးရမယ်"

သူသည် တဲကလေးတစ်ဆောင်အတွင်းသို့ လီရှုရှုအား ခေါ်ဆောင်သွားသည်။

စားပွဲပေါ်၌တင်ထားသည့် အစားအစာများကို ကျွေး သည်။

အုန်းသီး၊ ဥသျှစ်သီးအစရှိသည်။ အပူစာသစ်သီးများ ချည်း ဖြစ်သည်။

"အားရှိသွားအောင် အဲဒီသစ်သီးတွေ စားစမ်းပါကွယ်"

လီရှုရှုသည် အားရပါးရ စားသောက်လေသည်။ မီးလက်ဝါး သည် သူ့တပည့်မ စားသောက်နေသည်ကို ကျေနပ်အားရစွာ ကြည့် နေမိသည်။

"အေး... ကောင်းတယ်၊ လေ့ကျင့်ပြီဆိုရင်လဲ အပြတ်လေ့ ကျင့်မှ စားသောက်တယ်ဆိုရင်လဲ အပြတ်စားသောက်မှ အဲဒါ ကောင်းတယ်"

အတန်ကြာ စားသောက်ပြီးသောအခါ မီးလက်ဝါးက မေး လိုက်သည်။

"ကဲ... ဝဝလင်လင် စားပြီးပြီလား"



"ဟုတ်ကဲ့ ဆရာ"

"အဲဒါ အပူစားတွေချည်းပဲကွယ့်"

"ဟုတ်ကဲ့... သမီးက ဆက်လုပ်ရဦးမယ်"

"လုပ်ရဦးပေါ့... လုပ်ရဦးမှာပေါ့၊ လာ သမီး"

မီးလက်ဝါးသည် လီရှုရှုအား ခေါ်ဆောင်သွားသည်။ ရေ စည်သုံးလုံးချထားသည်ကို တွေ့ရသည်။

မီးလက်ဝါးက ရေစည်သုံးလုံးကို ညွှန်ပြပြီး....

"ပထမတစ်လုံးကတော့ သာမန်ရေပူပဲကွယ့်၊ ဒုတိယတစ် လုံးကတော့ ပထမရေစည်ထက် ပူတယ်၊ တတိယရေစည်ကတော့ အပူဆုံးပဲကွယ့်၊ အဲဒီရေပူတွေကို သမီးချိုးပေတော့"

မီးလက်ဝါးသည် ပြောပြီးသည်နှင့် ထွက်ခွာသွားလေ၏။

လီရှုရှုသည် သူ့ဆရာပြောသည့်အတိုင်း လိုက်နာလေ သည်။

အငွေ့တထောင်းထောင်းထနေသည့် ရေအားလုံးကို ချိုးပြီး သောအခါ အကြောအခြင်များလည်း ပပျောက်သွားတော့သည်။

မောပန်းနွမ်းနယ်မှုများလည်း ပပျောက်သွားတော့သည်။

ကုန်ခန်းသွားသည့် အင်အားများလည်း ပြန်ပြည့်လာသည် ဟု ထင်မှတ်ရလေသည်။

ရေပူကား သူမလေ့ကျင့်မှုအားလုံး၏ ဖြေဆေးပင်တည်း။

သူမ၏တစ်နေ့တာ လေ့ကျင့်မှုသည် ဤနံနက်ပိုင်းတွင် ပြီး

ဆုံးသွားလေသည်။

အဝတ်အစားများ လဲလှယ် ဝတ်ဆင်ပြီးသောအခါ မီးလက် ဝါးရောက်ရှိလာသည်။

မီးလက်ဝါးက....

"သမီး ပြီးသွားပြီလား"

"ဟုတ်ကဲ့... ပြီးသွားပါပြီ၊ သမီး ဘာဆက်လုပ်ရဦးမလဲ"

"ဘာမှမလုပ်နဲ့တော့၊ သမီးအိပ်ပေတော့၊ အားရပါးရ အိပ် ပျော်အောင် အိပ်ပေတော့"

မီးလက်ဝါး၏စကားကို လီရှုရှုသည် အပြည့်အဝလိုက်နာ သည်။

သူမသည် ဘာမျှစောဒက မတက်ဘဲ အိပ်တော့၏။ အိပ် ရာမှ နိုးလာသည်နှင့် သူမ၏ဆရာ မီးလက်ဝါးရောက်ရှိလာသည်။

"သမီး ဘာလုပ်ရဦးမလဲ ဆရာ"

မီးလက်ဝါးသည် လီရှုရှုအား ခေါ်ဆောင်သွားလေသည်။ အလွန်ကြီးမားသည့် မီးဖိုကြီးတစ်ဖိုသို့ ရောက်ရှိသွားသည်။

မီးဖိုကြီး၏အလယ်တွင် အိပ်ရာတစ်ခုရှိနေသည်။ အိပ်ရာ အောက်တွင် မီးဖိုကြီးကို တည်ဆောက်ထားခြင်းဖြစ်သည်။

"မီးဖိုကြီးပါလား ဆရာ"

"ဟုတ်တယ်... ရိုးရိုးမီးဖို မဟုတ်ဘူး"

"ဘာမီးဖိုလဲ ဆရာ"



"အပူလောင်တိုက်လို့ခေါ်တယ် သမီးရဲ့၊ တစ်နည်းအားဖြင့် အပူခံအိပ်ရာပေါ့ကွယ်၊ သမီးရဲ့တေဇောဓာတ်တွေကို နှိုးဆွပေးတဲ့ နေရာပေါ့၊ အိပ်လို့ အင်မတန်ကောင်းတယ်ကွယ့်"

လီရှုရှု အံ့သြသွားသည်။ သူ့ဆရာက အိပ်လို့ အင်မတန် ကောင်းသည်ဟု ပြောနေပါကလား။

"အခု သမီးကို လေ့ကျင့်ပေးတာတွေဟာ အပူကိုအခြေခံ တဲ့ အတွင်းအား ကျင့်စဉ်တွေပဲကွယ့်၊ အဲဒီအတိုင်းသာ သမီးမှန်မှန် လေ့ကျင့်သွားမယ်ဆိုရင် တစ်ချိန်မှာ သိုင်းရာဇာတစ်ဦးဖြစ်လာမှာပဲ၊ တစ်ခုပဲ လိုတယ်၊ ဘာလဲဆိုတော့ မီးမသေသေးတဲ့ မီးတောင်တစ်ခု နားကို သွားပြီး လေ့ကျင့်ပေးဖို့ပဲ၊ ဒါဆိုရင် အပူသိုင်းလေ့ကျင့်ခန်းကြီး ပြည့်စုံပြီ သမီး"

"အင်း... ဒါဆိုရင် သမီးတို့ မီးတောင်တစ်ခုပေါ် သွားနိုင်ရင် ကောင်းမယ်ထင်တယ်နော် ဆရာ"

"ကောင်းမယ်ထင်တယ် မဟုတ်ဘူး၊ တစ်နေ့မှာ သွားကို သွားရမယ်"

"သမီး လိုက်နာပါ့မယ်ဆရာ"

"ဒီအတိုင်းဆိုရင်တော့ သမီးသာ သိုင်းသမားကောင်းတစ် ယောက်ဖြစ်လာမှာ အမှန်ပဲ၊ စွမ်းရည်ထက်မြက်တဲ့သိုင်းသမားဟာ ရှားတယ်၊ သိုင်းလောကမှာ လက်ချိုးရေတွက်လို့ရတယ်၊ သမီးဟာ တစ်နေ့မှာ သိုင်းလောကထိပ်သီးတွေကို ယှဉ်ပြိုင်နိုင်တဲ့လူဖြစ်လာ

မှာ သမီးရဲ့၊ သမီးဟာ သိုင်းလောကမှာ ထုံးလိုခြေ ရေလိုနှောက်နိုင်တဲ့လူ ဖြစ်လာမှာကွ"

သူသည် အားရပါးရ ဆက်ပြောနေသည်။ သူ ပြောနေသည့် စကားများမှာ လီရှုရှု၏နားထဲ၌ ယမ်းထုပ်ကြီးပေါက်ကွဲသကဲ့သို့ ဖြစ်နေသည်။

"ဟား... ဟား... ဟား... သိုင်းလောကမှာ ကြီးကြီးကျယ်ကျယ်လုပ်နေတဲ့ လက်ညှိုးတို့မြကန်ဒေဝီတို့ နဂါးဓားတို့ဆိုတဲ့သိုင်းသမားကြီးတွေကိုတော့ တွေ့ကြဦးမှာပေါ့ကွာ"

"ရှင်...."

"အဲဒီသိုင်းသမားတွေပေါ့ကွ... ငါ လက်စားချေမယ့်သိုင်းသမားတွေဟာ သူတို့ဟာ သိုင်းလောက ရာဇာတွေပေါ့ကွာ၊ ဟင်း... ဟင်း...ဟင်း၊ သင်းတို့ ဘယ်လောက်ရာဇာလုပ်နိုင်မလဲ၊ တစ်ယောက်ပြီးတစ်ယောက် ဖိဖိနဲ့ခြေပြမယ်"

"ဘုရား... ဘုရား... ဘုရား"

လီရှုရှု စိတ်ထဲမှ ဘုရားတမိလေ၏။

အဘယ်ကြောင့်ဆိုသော် မီးလက်ဝါးကြီးမင်းဝမ်းလိုက်သည့် သိုင်းလောကရာဇာများတွင် သူ့ဖခင်၏နာမည်ပါနေသည် မဟုတ်ပါလား။

သူမဖခင်၏ ရန်သူတစ်ဦးထံတွင် သူမသည် တပည့်ခံမိနေလေပြီ။



သို့သော် သူမသည် မီးလက်ဝါးထံ၌ ကတိသစ္စာပြုထားမိပြီ။ တစ်လပြည့်လျှင် သောက်ရမည့်သိုင်းကိုးဆင့် ဆေးလုံးကလည်းရှိနေသည်။

ထိုဆေးလုံးကို သူမ မသောက်ရလျှင် နလုံးကွဲသေဆုံးနိုင်သည်။

သို့မဟုတ် လေဖြတ်ပြီး ဒုက္ခိတဖြစ်နိုင်ပေသည်။

ထိုဆေးလုံးကို သူမသောက်ပြီးမှသာ တစ်စုံတစ်ခု ပြုလုပ်နိုင်ပေမည်။

မီးလက်ဝါးက သူ့အား သိုင်းလောကဇာရာများက ဖမ်းဆီးပြီး မရဏလိုဏ်ဂူထဲ၌ အကျဉ်းချထားခဲ့သည်ကို ပြန်ပြောပြနေလေ၏။

လီရှုရှုမှာ သိုင်းပညာသင်လိုချင်ဇောဖြင့် တပည့်ခံခဲ့သည့် အဖြစ်ကို ပြန်လည်နောင်တရနေသည်။

"ကဲ... ကဲ... သမီး အနားယူပါ၊ သမီး မွေ့ရာပေါ် တက်ပြီး အိပ်ပေတော့၊ အိပ်ပျော်သွားခဲ့ရင် သမီးဟာ အပူသိုင်းသမားကောင်း တစ်ဦးဖြစ်လာဖို့ မဝေးတော့ပါဘူး"

"ဟုတ်ကဲ့ပါဆရာ"

လီရှုရှုသည် မီးမွေ့ရာပေါ် တက်အိပ်လိုက်၏။ အပူဒဏ်ကိုတော့ သူမ ကောင်းစွာခံနိုင်ပါသည်။

သို့သော် သူမ၏အတွေးများက ဝေနေသည်။

သူမ၏ဖခင်နဂါးဓား။ သူမ၏ဆရာ မီးလက်ဝါးဟန်ဖချင်း။ သူတို့သည် သူမ၏မျက်စိရှေ့သို့ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိနေကြပါသည်။

+++



## (၁၀)
## မီးလက်ဝါး၏ကလဲ့စား

မီးလက်ဝါးဟန်ဖချင်းသည် တပည့်ဖြစ်သူ လီရှုရှုအား တစ်လမပြည့်မီပင် အပူသိုင်းအစွမ်းထက်မြက်သော သိုင်းသမားတစ်ဦး ဖြစ်လာအောင် သင်ကြားပေးနိုင်ခဲ့သည်။

ဤသို့ဖြစ်ရခြင်းမှာ ဆေးခြောက်လုံး၏အစွမ်းကြောင့် ဖြစ်သည်။

နတ်လေပွေအဘွားဟုဇန်သည် သူမအား ဆေးဖြူသုံးလုံးကို တိုက်ကျွေးခဲ့၏။

ထိုဆေးကြောင့် ငါးရက်မျှ ကိုယ်ဖော့ပညာသင်ရုံဖြင့် အ

ခြားသူများ သုံးလမျှ သင်ရသကဲ့သို့ ထက်မြက်သွားခဲ့သည်။

မီးလက်ဝါး၏ ဆေးနတ်သုံးလုံးမှာလည်း သူမ၏အတွင်းအားများကို အလွန်တရာ တိုးပွားစေခဲ့သည်။

ဆရာလုပ်သူ၏ အပြင်းအထန် လေ့ကျင့်သင်ကြားပေးမှုကြောင့် အပူသိုင်းပညာရပ်များကိုလည်း နှံ့စပ်ကျွမ်းကျင်လာရသည်။

သူမသည် တစ်လမပြည့်မီမှာပင် သိုင်းလောက၏ထိပ်သီးများကို ယှဉ်ပြိုင်တိုက်ခိုက်နိုင်သော အခြေအနေသို့ ရောက်ရှိလာခဲ့တော့သည်။

"အင်း... ငါ့တပည့်ဟာ မဆိုးဘူး၊ ဘယ်သူမှ တစ်လအတောအတွင်း ငါ့တပည့်လို ထက်ထက်မြက်မြက် မဖြစ်နိုင်ဘူး"

မီးလက်ဝါး၏စိတ်ထဲမှ ပြောလိုက်လေ၏။

သူသည် သူ့တပည့်မ၏အခြေအနေမှန်ကို သိရှိသဖြင့် မိုးထိတောင်ပေါ်သို့တက်ရန် သိုင်းထိပ်သီးတို့အား လက်စားချေရန် ဆရာတပည့်ထွက်ခွာခဲ့လေသည်။

တောင်ပေါ်သို့မတက်မီ တောင်ခြေစခန်းတစ်ခု၌ လီရှုရှုနှင့် ပတ်သက်ပြီး စမ်းသပ်မှုတစ်ခုပြုလုပ်ရန် စဉ်းစားမိသည်။

ထို့ကြောင့် တောင်ပေါ်သို့မတက်သေးဘဲ တောအုပ်အတွင်း ရောက်ရှိလာသည့် သိုင်းသမားများကို စောင့်ကြည့်နေခဲ့လေသည်။

မိုးထိတောင်ခြေတောအုပ်ကား သစ်ကြီးဝါးကြီးများပေါက်



ရောက်ရာ စိမ့်ကြီးမြိုင်ကြီးဖြစ်၍ သားရဲတိရစ္ဆာန်များ ပေါများလှပေသည်။ တောကောင်များအား မကြာခဏတွေ့ရှိရသည်။

ဆရာတပည့်နှစ်ယောက်တို့သည် အလွန်ခေါ်ဝေဖားလှသည့် အပင်ကြီးတစ်ပင်ထက် တက်ရောက်နားနေကြလေ၏။

ထိုသစ်ပင်ကြီးမှာ ယောကျ်ားကြီးသုံးယောက်ဖက်လောက်ရှိသော သစ်ပင်ကြီးဖြစ်ရာ အလွန်ကြီးမားသည်။

သစ်ရွက်များမှာလည်း အလွန်စိပ်သည်။ ထိုသစ်ပင်ကြီးပေါ်၌ သူတို့ခိုနားနေကြခြင်း ဖြစ်သည်။

မီးလက်ဝါးသည် အသိရှိသော သိုင်းထိပ်သီးတစ်ဦးဦး သစ်ပင်အောက်သို့ရောက်ရှိလာလျှင် သူ့တပည့်မ လီရှုရှုနှင့်တိုက်ခိုင်းမည်ဟု တွေးထားသည်။

သူတို့သည် မြေပြင်မှလာမည့်သူများကိုသာ စောင့်ကြည့်နေကြခြင်းဖြစ်သည်။

ထိုအချိန်၌ သူတို့ကိုစောင့်ကြည့်နေသည့် သစ်ကိုင်းသစ်ခက်များကြားမှ နီနီရဲရဲ မျက်လုံးနှစ်လုံးကိုမူ သူတို့ သတိမထားမိခဲ့ကြချေ။

မျက်လုံးနီနီရဲရဲနှစ်လုံးသည် သူတို့ကိုစောင့်ကြည့်နေခဲ့လေသည်။

တောအုပ်အတွင်းသို့ ခရီးသွားတစ်စု ဝင်ရောက်လာကြပေပြီ။ မီးလက်ဝါးသည် ဝမ်းသာအားရ ထရပ်လိုက်၏။

"ဝေါင်း...."

"ဟိုက်...."

"သားကောင်ကြီးဟ"

အလွန်နက်မှောင်သော ကျားနက်ကြီးတစ်ကောင် မီးဝင်း ဝင်းတောက်သောမျက်လုံးအစုံဖြင့် ကြည့်ပြီး ဟိန်းလိုက်သည်။

မီးလက်ဝါးက....

"ဟား... ဟား... ဟား... တို့ကလဲ တို့ပဲကွ၊ သူ့နေရာကို တို့လာရောက်ကျူးကျော်မိနေတာကိုး"

လီရှူရှုကမူ မီးလက်ဝါးကဲ့သို့ မရယ်နိုင်ချေ။ ရုတ်တရက် ကြောက်လန့်သွားမိသည်။

ကျားနက်ဆိုသည်မှာ သိုင်းကွက်ကိုလည်း နားမလည်ချေ။ တိရစ္ဆာန်ဖြစ်၍ ဘာမျှစဉ်းစားနိုင်မည် မဟုတ်ချေ။

သူတို့လှုပ်သည်နှင့် ခုန်အုပ်ရန် ချောင်းနေလေပြီ။

မီးလက်ဝါးသည် လီရှူရှုအား ကြည့်လိုက်တော့ လီရှူရှုသည် ကျားနက်ကြီးအား မမှိတ်မသုန်ကြည့်နေသည်ကို တွေ့ရသည်။

သူသည် စိတ်ကူးတစ်ခုရရှိသွား၏။ သူသည် ရုတ်တရက် လှုပ်ရှားလိုက်၏။

ကိုယ်ဖော့ပညာကောင်းသူဖြစ်၍ သူသည် ရပ်နားနေသည့်သစ်ကိုင်းမှ အထက်သစ်ကိုင်းသို့ ခုန်ကူးသွားလေ၏။

"ကျား...."



မီးလက်ဝါးသည် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။ တကယ်တော့ သူသည် လီရှူရှုနှင့်ကျားနက်ကြီးကို ထိပ်တိုက်တွေ့ ပေးလိုက်ခြင်းသာ ဖြစ်သည်။

"ဝေါင်း...."

ကျားနက်ကြီးက လွှားခနဲခုန်အုပ်လိုက်သည်။ လီရှူရှုမှာ မ ရှောင်သာတော့ပေ။

လီရှူရှုသည် ခြေထောက်ကို ဆတ်ခနဲကန်ထုတ်လိုက်ပြီး ကျားနက်ကြီးရော သူပါ မြေပြင်သို့ကျသွားသည်။

သူ၏ကန်ချက်သည် ကျားနက်ကြီး၏မေးဖျားကို တိုက်ရိုက် ထိသွားသဖြင့် ကျားနက်ကြီးမှာ မေးရိုးကျိုးသွားခဲ့သည်။

"ဝေါင်း...."

ကျားနက်ကြီးမှာ နာကျင်လွန်းသဖြင့် တဝေါင်းဝေါင်းနှင့် အော်နေသည်။

မေးရိုးကျိုးသွားသဖြင့် ကျားနက်ကြီးသည် တိုက်ခိုက်နိုင် မည် မဟုတ်ပါ။

မြေပြင်သို့ကျရောက်သွားသည်နှင့် လီရှူရှုသည် ပေါ့ပါးစွာ ကျားနက်ကြီး၏လည်မျိုအား ခြေထောက်ဖြင့် ကန်လိုက်သည်။

"ဝေါင်း..."

ကျားနက်ကြီးမှာ လည်ဆင်းသွားသည်။ လီရှူရှုသည် ကျား နက်ကြီးကို တစ်ချက်မျှ အလစ်မပေးချေ။

ကျားနက်ကြီး၏ ကျောရိုးအား ဖနောင့်ဖြင့်ပေါက်ပြီး ခုန်ထွက်သွားလေသည်။

"ဖြောင်း...."

ကျားနက်ကြီး ကျောရိုးကျိုးသွားလေပြီ။ ကျားနက်ကြီး၏ တရွတ်ဆွဲသွား၏။

"ဝေါင်း... ဝေါင်း"

ကျားနက်ကြီးမှာ သူတစ်ပါးကို မတိုက်နိုက်နိုင်တော့ပေ။ နာကျင်လှစွာ တဝေါင်းဝေါင်းနှင့် အော်နေပါတော့သည်။

လီရှုရှသည် ကျားနက်ကြီး၏အခြေအနေကို သိရှိသွားသည်။ ထို့ကြောင့် ရဲတင်းစွာ ချဉ်းကပ်သွားပြီး အမြီးအား ဆွဲယမ်းလေတော့၏။

"ဝေါင်း... ဝေါင်း... ဝေါင်း"

ကျားနက်ကြီးမှာ လေထဲ၌ ပတ်ချာလည်နေပေပြီ။ ထို့နောက် လီရှုရှသည် ကျားနက်ကြီးအား ပင်စည်နှင့်ရိုက်လေသည်။

"ဘုန်း...."

ကျားနက်ကြီးမှာ အော်ပင် မအော်နိုင်ရှာတော့ပေ။ အရိုးများ ကျိုးကြေလျက် အသက်ထွက်သွားရလေ၏။

"ဖြောင်း... ဖြောင်း... ဖြောင်း"

သစ်ပင်ကြီး၏ အကိုင်းတစ်ကိုင်းထက်မှာ အေးဆေးစွာထိုင်လျက် ကြည့်ရှုနေသူ မီးလက်ဝါးက တပည့်ဖြစ်သူ လီရှုရှအား



လက်ခုပ်တီး၍ သြဘာပေးလေ၏။

"ကျားနက်ကြီး မလှုပ်နိုင်တော့ဘူး၊ ငါ့တပည့်ရဲ့တိုက်ချက်တွေက တကယ်ထိရောက်တာပဲ"

ကျားနက်ကြီးမှာ ငါးတောင် ကျော်ကျော်ခန့်ရှိသည်။ အခုတော့ အန္တရာယ် မပေးနိုင်တော့ချေ။

လီရှုရှသည် မော့ကြည့်လိုက်၏။ သစ်ကိုင်းတစ်ကိုင်းပေါ်၌ ထိုင်၍ ရယ်မောနေသော သူ့ဆရာအား တွေ့ရှိရသည်။

ဤသည်မှာ သူ့အား စမ်းသပ်ချက်ပင်ဖြစ်ကြောင်း သူသိရှိလိုက်သည်။

"ဆရာ... ဒီလို သိုင်းပညာမတတ်တဲ့ ကောင်မျိုးဆိုရင် တစ်ကောင်တည်း မဟုတ်ပါဘူး၊ နှစ်ကောင်လာရင်လဲ ဖြစ်ပါတယ်"

လီရှုရှက သူမ၏ဆရာအား လှမ်းပြောလိုက်၏။

"ဟား... ဟား... ဟား၊ ယုံတယ် ငါ့တပည့် ယုံတယ်၊ ငါ့တပည့်ရဲ့အစွမ်းအစကို ငါ သိထားပဲကွယ်"

မီးလက်ဝါးသည် တဟားဟားရယ်၍ ပြောဆိုလေ၏။ မီးလက် ဝါး၏စိတ်ကူးမှာ မှန်သွားခဲ့သည်။

လီရှုရှသည် သူမကိုယ်သူမ ယုံကြည်မှုအပြည့်အဝ ရှိသွားလေပြီ။

သူမသည် သစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေ၏။ တောအုပ်ထဲသို့ လူတစ်စုဝင်လာပြီး မဟုတ်ပါလား။

သူတို့ဆရာတပည့်သည် သစ်ရွက်များကြား၌ ပုန်းကွယ်လိုက်ကြ၏။

လူသုံးယောက် ဝင်လာကြသည်။ နွတ်ခမ်းမွေးနှင့် လူက ဦးစီးဦးဆောင်ပြု၍ ဝင်လာခြင်းဖြစ်သည်။

မီးလက်ဝါးက လီရှုရှုအား တီးတိုးပြောသည်။

"အတော်ပဲဟေ့... တကယ့်သိုင်းသမားနဲ့မှ လာတိုးတာပဲ"

မီးလက်ဝါးသည် လွန်ခဲ့သည့် အနှစ်နှစ်ဆယ်က အဖြစ်အပျက်ကို ပြန်လည်မြင်ယောင်လာမိသည်။

သူ့အား ဝိုင်းဖမ်းစဉ်က နွတ်ခမ်းမွေးနှင့်သိုင်းသမားသည် တက်တက်ကြွကြွပါဝင်ခဲ့ပေသည်။

နွတ်ခမ်းမွေးနှင့်ဓားသမားကား ဓားတစ္ဆေချိန်ကျင်အမည်ရှိသော သိုင်းထိပ်သီးတစ်ဦးပေတည်း။

ဓားတစ္ဆေချိန်ကျင်သည် မိုးထိတောင် ဂါရဝပွဲတော်သို့တက်ရောက်လာခြင်း ဖြစ်သည်။

မိုးထိတောင်သို့ထွက်ခွာလာရာတွင် သူ့တ ပည့်နှစ်ယောက်ပါလာခဲ့သည်။

သူတို့ သစ်ပင်အောက်ရောက်သောအခါ ကျားနက်သေကြီးကို တွေ့ရှိရလေ၏။

ဓားတစ္ဆေချိန်ကျင်က....

"ဟာ... ကျားနက်ကြီးပါလား"



ဓားတစ္ဆေချိန်ကျင်သည် ဒူးထောက်ထိုင်လိုက်၏။ ကျားနက်ကြီးအား သေချာစွာ စစ်ဆေးလေ၏။

"အင်း.. ဒီသားကောင်ကြည့်ရတာ တိရစ္ဆာန်ချင်းကိုက်လို့ သေရတာ မဟုတ်ဘူး၊ ဒီလိုကျားနက်မျိုးကို အသေသတ်နိုင်တဲ့သတ္တဝါဆိုတာ ရှိဖို့မလွယ်ဘူး၊ အတွင်းအားကောင်းတဲ့ သိုင်းသမားတစ်ယောက်ယောက် သတ်လို့သေသွားတာပဲ"

ဓားတစ္ဆေချိန်ကျင်က သူ့တပည့်များကို ဝေဖန်သုံးသပ်ပြနေလေ၏။

သူ့တပည့်တစ်ဦးက....

"ဒီသားကောင်ဟာ မသေးဘူး အတော်ကြီးတယ်၊ သူတို့ဆော်ထည့်သွားတဲ့သားကောင်ဟာ ရောမလူကြီးတစ်ယောက် ဖြစ်ရမယ်"

သူတို့ပြောနေစဉ် မီးလက်ဝါးသည် လီရှုရှုကို တွန်းချလိုက်၏။

လီရှုရှုသည် သစ်ပင်ပေါ်မှ တလိမ့်ခေါက်ကွေး ကျသွားလေသည်။

သို့သော် မြေပြေသို့ရောက်သောအခါ ခြေထောက်နှင့်ပင် ကျသွားသည်။

ဓားတစ္ဆေချိန်ကျင်နှင့် တပည့်များသည် ခုန်ပျံထလိုက်ကြသည်။

"ဟ... ဘာတုံးဟ"

သူတို့သည် ယောင်ယမ်း အော်ဟစ်မိကြသည်။

ထို့နောက် ငယ်ရွယ်လှသော မိန်းမပျိုလေးမှန်း သိသွားသောအခါ အလန့်ပြေသွားကြသည်။

"မိန်းကလေး တစ်ဦးပါလားဟေ့၊ ငါတို့လန့်ပြီး အော်တာတောင် ရှက်စရာကောင်းနေတယ်"

ဓားတစ္ဆေချိန်ကျင်က ပြောလိုက်သည်။

သူသည် မိန်းက လေးကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ခပ်ထန်ထန်မေးလိုက်၏။

"ဟေ့... သူငယ်မ၊ မင်း ဘယ်သူလဲ"

လီရှုရှုက ကျားကြီးကို လက်ညှိုးထိုးပြ၏။

"အဲဒီကောင်ကြီးကို သတ်လိုက်တဲ့သူပဲပေါ့"

ဓားတစ္ဆေက မျက်ခုံးများ မြင့်တက်သွားသည်။ သူ့တပည့်နှစ်ဦးလည်း အံ့သြသွားသည်။

ခဏမျှကြာသောအခါ ဝိုင်းရယ်ကြတော့သည်။

"ဟား... ဟား... ဟား"

"ဟဲ... ဟဲ... ဟဲ"

"ဟူး... ဟူး... ဟူး"

လီရှုရှုက ဝိုင်းရယ်ကြသူများအား ကြည့်လိုက်၏။

"ရှင်တို့က ဘာရယ်ကြတာလဲရှင့်"



လီရှုရှုက မကျေမနပ်ဖြင့် မေးလိုက်၏။

"မင်းလို ငယ်ငယ်ရွယ်ရွယ် မိန်းကလေးက ဒီသားရဲကောင်ကြီးကို သတ်လိုက်တယ်လို့ ပြောလိုက်တာကိုး"

သူတို့သည် လုံးဝမယုံကြည်ကြပေ။

ဤသားကောင်ကြီးအား မိန်းကလေးသတ်သည်ဟုပြောသည်ကို လုံးဝအယုံအကြည်မရှိ ကြပေ။

မိန်းကလေးမှာ နုနယ်ရုံမျှက ငယ်လည်း ငယ်လှသည်။

ဤလိုမိန်းကလေးမျိုးက သားရဲကောင်ကြီးကို သတ်ပစ်နိုင်သည်ဆိုခြင်းမှာ လုံးဝမဟုတ်နိုင်ပါ။

ဓားတစ္ဆေချိန်ကျင်၏ တပည့်တစ်ဦးက....

"တခြားသိုင်းသမားတစ်ဦးဦးက သတ်ခဲ့တာကို သူသတ်ပါတယ်ဆိုပြီး ကြွားနေတာပဲ ဖြစ်မှာပါ၊ ဟား... ဟား... ဟား"

လီရှုရှုက....

"ဩော်... ရှင်တို့က ကျွန်မကို လှောင်နေတာကိုး"

သူမသည် ဓားသမားသုံးယောက်ကို စေ့စေ့ကြည့်ရင်း ပြောလိုက်၏။

"ရှင်တို့က ဘယ်လောက်များ သတ္တိရှိနေလို့လဲ၊ ကျွန်မနဲ့ တစ်ပွဲတစ်လမ်းလောက် အကဲစမ်းကြည့်ရင် ကျွန်မအကြောင်းကို ရှင်တို့သိသွားကြမယ်"

ဓားသမားများမှာ မျက်နှာပျက်သွားကြ၏။

မလောက် လေးမလောက်စား မိန်းမငယ်ကလေးက သူတို့အား စိန်ခေါ်နေသည် မဟုတ်ပါလော။

သူတို့၏မျက်နှာများသည် မကြာမီ တွတ်တွတ်နီရဲလာကြသည်။

ဓားတစ္ဆေချိန်ကျင်က....

"ဟေ့... သူငယ်မ၊ မင်းက အားနွဲ့တဲ့မိန်းကလေးကွ၊ ငါတို့က တကယ့်လူကြမ်းသိုင်းသမားကြီးတွေ၊ မင်းစကားကို ပြန်ရုပ်သိမ်းပေတော့"

လီရှူရှူက.....

"ရှင်တို့သုံးဦးထဲက ကြိုက်တဲ့လူ ယှဉ်နိုင်တယ်၊ ကျွန်မ စိန်ခေါ်တယ်"

ဓားတစ္ဆေချိန်ကျင် ဒေါသထွက်သွား၏။

သူက အလျှော့ပေး စကားပြောသည်။ မိန်းကလေးက ရောင့်တက်သည်။

မီးလက်ဝါးကား လွန်စွာ သဘောကျနေလေ၏။ သူလိုချင်သည့်ပုံစံကို အလိုအလျောက် ဝင်သွားပြီမဟုတ်ပါလား။

သူ့အား ဖမ်းဆီးခဲ့ရာ၌ တက်တက်ကြွကြွပါဝင်သည့် ဓားတစ္ဆေချိန်ကျင်ကို သူလက်စားချေလိုနေသည်။

ယခု လီရှူရှူက ဓားတစ္ဆေကို စိန်ခေါ်နေလေပြီ။

ပထမပုံစံအရ သူက လီရှူရှူအား စိန်ခေါ်ရန် အမိန့်ပေးရမလို ဖြစ်နေသည်။



ယခုတော့ သူစိန်ခေါ်ရန် အမိန့်ပေးဖို့ မလိုတော့ချေ။

ဓားတစ္ဆေချိန်ကျင်နှင့် တပည့်နှစ်ယောက်မှာ ဒေါသဖြစ်သွားကြလေ၏။

ဓားတစ္ဆေက သူ့လူနှစ်ယောက်အား ခေါင်းညိတ်ပြသည်။ ဓားသမားတစ်ယောက်သည် ရှေ့သို့ထွက်လာ၏။

ဓားတစ္ဆေက....

"ဟေ့... သူငယ်မ၊ ဓားယူမလားကွယ့်"

လီရှူရှူက ရယ်လိုက်၏။ သူမသည် ဘဝအတွေ့အကြုံ ဘာမှမရှိချေ။

"ရှင့်လူကို ကျွန်မက ငါးကွက်အတွင်း အနိုင်တိုက်ပါ့မယ်၊ အဲ... ပထမသုံးကွက်တော့ ကျွန်မ ပြန်မတိုက်ဘူး၊ အဲဒီသုံးကွက်ပြီးတော့မှ ကျွန်မတိုက်မယ်၊ ကျွန်မ ဓားမလိုဘူးရှင့်"

ဓားတစ္ဆေချိန်ကျင်သည် မှဲ့ခွဲ့သွား၏။

"ငါက မိန်းကလေးဖြစ်နေလို့ ညှာချင်နေတာ၊ အခုတော့ ဒီမိန်းကလေးက မောက်မာနေတယ်၊ ဒီမိန်းကလေးကို ဆုံးမလိုက်စမ်း"

ဓားတစ္ဆေ၏တပည့်သည် ဓားကိုအသင့်ပြန်ကိုင်ပြီး လေထဲ၌ ဝှေ့ယမ်းလိုက်သည်။

"ဝိုး... ဝှစ်... ဝှစ်"

သူသည် လီရှရှအား တိုက်သည်။ လီရှရှက လွယ်ကူစွာ ရှောင်တိမ်းသွားသည်။

နောက်တစ်ကွက် တိုက်ပြန်သည်။ လီရှရှက ရှောင်တိမ်းသွား၏။

သူမ ရှောင်တိမ်းနေသည်။ လွတ်ရုံကလေး ရှောင်တိမ်းနေခြင်းဖြစ်သည်။

နောက်ဆုံးတစ်ကွက် တိုက်ခိုက်သောအခါ 'နဝရတ်ကိုးသွယ်'ဓားကွက်ကိုထုတ်သုံးခြင်း ဖြစ်သည်။

လီရှရှသည် ကိုယ်ဖော့ပညာသုံးပြီး ခုန်ရှောင်လိုက်ခြင်း ဖြစ်သည်။ ရန်သူသုံးဦးစလုံး လိုက်လံမော့ကြည့်ရလေ၏။

ဤမိန်းကလေး၏ကိုယ်ဖော့ပညာမှာ ကောင်းလွန်းလှသည် မဟုတ်ပါလား။

လီရှရှသည် မကြာမီ အောက်သို့ပြန်ကျလာသည်။

"ဘယ့်နှယ်လဲ… ကျွန်မ သုံးကွက်အကျောပေးပြီးပြီ၊ ကျွန်မ တိုက်တော့မယ်"

သူမသည် ရန်သူထံသို့ ခုန်ဝင်လိုက်၏။

ထို့နောက် လက်ဝါးစောင်းနှင့်ရိုက်ချလိုက်ရာ ရန်သူ၏ဓားကိုင်လက်ကို လက်ဝါးစောင်း ခုတ်ချမိလေ၏။ ဓားသည် လက်မှ ပြုတ်ကျသွားသည်။

"အား…."



ဓားသမားသည် လက်အဆစ်ပြုတ်သွားလေ၏။

ထိုစဉ် လီရှရှက ခုန်ပြီး ခြေနှင့်ကန်လိုက်ရာ ထိုရန်သူ၏မေးရိုးအား ခတ်မိသွားပြီး ရန်သူမှာ နောက်လန်လဲကျသွားလေ၏။

သူသည် ပြန်လည်၍မထ နိုင်တော့ပေ။

ထိုအခါ ဒုတိယဓားသမားကြီးသည် ဒေါသတကြီး ခုန်ဝင်လာလေ၏။

သူ၏ဓားကြီးသည် လေထဲ၌ကြောက်မက်ဖွယ် ဝှေ့ဝဲနေသည်။

လီရှရှသည် ထိုဓားချက်များကိုလွတ်အောင် ရှောင်နိုင်သည်။

သူမ၏ပတ်ကန်ချက်တစ်ချက်သည် ဓားသမား၏ဗိုက်ထဲသို့ ဝင်သွား၏။

ဓားသမားသည် ရှေ့သို့ကုန်းကျလာ၏။ ထိုအခါ လီရှရှက လက်ဝါးစောင်းခုတ်ချလိုက်သည်။

"ဒုတ်…."

ထိုဓားသမားသည် မှောက်ကျသွားလေ၏။ လီရှရှသည် ဓားတစ္ဆေချိန်ကျင်အား လှမ်းကြည့်လိုက်၏။

"ကဲ… ဘယ်လိုလဲ"

ဓားတစ္ဆေချိန်ကျင်မှာ ဒေါသအမျက် ချောင်းချောင်းထွက်သွားလေတော့၏။

သူသည် ဓားတစ္ဆေချိန်ကျင်ဆိုသည့် နာမည်ကြီးကိုပင် ထောက်ဘဲ တစ်ဟုန်ထိုး ဝင်ရောက်တိုက်ခိုက်လေတော့၏။

တကယ် တော့ ဓားတစ္ဆေချိန်ကျင်၏တပည့်နှစ်ယောက်မှာ တော်ရုံတန်ရုံ သိုင်းသမားများ တိုက်၍မနိုင်သော သိုင်းသမားများ ဖြစ်သည်။

ဓားတစ္ဆေကား နာမည်ကြီး သိုင်းထိပ်သီးကြီးတစ်ဦး ဖြစ်လေ၏။

သူ၏ဓားချက်များမှာ လွန်စွာ ကြောက်စရာကောင်းလှ၏။ ရိပ်ခနဲ ရိပ်ခနဲ ကျရောက်နေသည်။

လီရှုရှုသည် ဤဓားချက်များကို ရှောင်နိုင်ခြင်းမှာ သူ့တပည့် နှစ်ဦးနှင့်တိုက်ခိုက်ပြီးသွားသောကြောင့် ဖြစ်ပေသည်။ အလေ့အကျင့် ရသွား၍ ဖြစ်သည်။

ဓားတစ္ဆေဟူသည့် နာမည်ရှိသည့်အတိုင်း သူ၏ဓားချက်များမှာ တစ္ဆေကဲ့သို့ ဆန်းပြားလှသည်။ ထူးခြားလှသည်။

သို့သော် လီရှုရှု၏လျှင်မြန်ဖျတ်လတ်မှုက သူ့ထက် အဆပေါင်းများစွာ ပိုမြန်နေသဖြင့် သူ၏ဓားချက်များမှာ အရောမရောက်ဘဲ ဖြစ်သွားခဲ့ရသည်။

သူ၏ဓားချက်များမှာ လျှင်မြန်လွန်းလှသဖြင့် အဖြူတန်းချည်းကိုသာ တွေ့ရသည်။

လီရှုရှုကလည်း လျှင်မြန်လှသည်။ ထိုဓားချက်တစ်ချက်မျှ



မထိအောင် ရှောင်နိုင်သည်။

ထိုအခါ ဓားတစ္ဆေပို၍ ဒေါသဖြစ်လာ၏။ ဤသိုင်းလောက၌ ဤမိန်းကလေးအား မည်သည့်အခါကမျှ မတွေ့ခဲ့ဘူးချေ။

ယခု မိုးပေါ်ကျလာလေသလော။ သူကဲ့သို့သော ထိပ်သီးသိုင်းသမားကြီးကိုပင် မျက်စိလည်အောင် ပြုလုပ်နေသဖြင့် ဓားတစ္ဆေချိန်ကျင်သည် မိန်းကလေးကို ကျိတ်မနိုင်ခဲမရ ဒေါသဖြစ်နေ၏။

ဓားတစ္ဆေချိန်ကျင်က....

"ဟေ့... မိန်းကလေး၊ မင်းဆရာ ဘယ်သူလဲကွ"

တိုက်ခိုက်နေရင်းမှ သူ မေးမြန်းလိုက်မိသည်။

"မီးလက်ဝါး ဟန်ဖချင်း"

"ဘာ...."

ဓားတစ္ဆေချိန်ကျင်မှာ မျက်လုံးကြီးပြူးသွားလေ၏။ ပါးစပ်ကြီးဟလျက် အလွန်အံ့သြသွားတော့၏။

"မီးလက်ဝါး...."

သူသည် ပဲ့တင်ထပ် ရေရွတ်လိုက်သည်။

"ဟား... ဟား... ဟား"

သစ်ပင်ပေါ်မှ ရယ်သံထွက်လာလေ၏။

မီးလက်ဝါးသည် တုန်လှုပ်ချောင်ချားနေသော ဓားတစ္ဆေအား တွေ့မြင်ရသောအခါ လွန်စွာ သဘောကျကျေနပ်သွား၏။

ထို့ကြောင့် ဓားတစ္ဆေမှာ ထိတ်လန့်စွာ မော့ကြည့်မိသည်။

ထိုသို့ အံ့သြမှင်တက်မိခြင်းမှာ သူ့အမှားပင် ဖြစ်သည်။

အပေါ်မှခုန်ပျံလာသော မီးလက်ဝါး၏ခြေကန်ချက်တစ်ချက်သည် သူ့ရင်ဘတ်အား အရှိန်ပြင်းစွာ ထိမှန်လေတော့၏။

"ဝုန်း...."

ဓားတစ္ဆေမှာ လွင့်စဉ်ထွက်သွားသည်။

သူလွင့်စဉ်ထွက်သွားရာနောက်သို့ လီရှူရှူက ခုန်လိုက်သွားပြီး ထပ်ဆင့်ကန်လိုက်ရာ ဓားတစ္ဆေသည် မြေပေါ်၌ သုံးလေးချက်လိမ့်ဆင်းသွားသည်။ သူသည် သုံးချက်မျှ ဆင့်၍အကန်ခံလိုက်ရ၏။

မီးလက်ဝါးသည် ဓားတစ္ဆေဘေး၌ မားမားမတ်မတ်ရပ်ကာ ရပ်ကြည့်လိုက်သည်။

"ဟား... ဟား... ဟား"

မီးလက်ဝါးသည် ဓားတစ္ဆေ၏လည်ပင်းကိုခြေဖြင့် နင်းလိုက်၏။

ထို့နောက် ကျယ်လောင်စွာ ရယ်မောနေရာ နတ်ဆိုး၏ရယ်သံကဲ့သို့ ဆိုးရွားလှတော့သည်။

ဓားတစ္ဆေမှာ မျက်လုံးကြီးပြူးနေ၏။

"မီး... မီး... လက်ဝါး... ဟန်ဖချင်း"

ဓားတစ္ဆေ တစ်လုံးချင်း ခေါ်လိုက်သည်။

"အေး... မင်းတို့ဝိုင်းတိုက်ခဲ့တဲ့ ဟန်ဖချင်းလေ၊ မီးလက်ဝါး



ဟန်ဖချင်းပေါ့၊ မင်းက ငါ့ကိုမှတ်မိသားပဲ၊ ငါက စာတ်ကြောင်းပြန်လှန် မပြောရတော့ဘူးပေါ့"

မီးလက်ဝါးမှာ ဓားတစ္ဆေ၏လည်ပင်းကို ခြေဖြင့် နင်းထားသည်။

ဓားတစ္ဆေသည် မီးလက်ဝါး၏ခြေထောက်ကို ဖယ်ရှားရန်ကြိုးစားသည်။

မီးလက်ဝါး၏ခြေထောက်မှာ သန်မာလှ၏။ ဖယ်ရှား၍မရတော့ချေ။

ရေနက်တွင် ချလိုက်သောကျောက်ဆူးကဲ့သို့ ခိုင်မြဲစွာ စိုက်တွယ်နေသည်။

လီရှူရှူ၏ နှစ်ဆင့်ကန်ချက်ကြောင့် သူ့ခမျာ အတွင်းဒဏ်ရနေသည်ဖြစ်ရာ မီးလက်ဝါး၏ခြေထောက်ကို မဖယ်ရှားနိုင်တော့ချေ။

"အား... အား... အား... မီး... မီးလက်ဝါး ကျုပ်... ကျုပ်ကို...."

"ဟား... ဟား... ဟား ဘာအခုမှ တောင်းပန်မလို့လဲ၊ မရဘူးကွ... မရဘူး"

မီးလက်ဝါးသည် ခြေထောက်ကို အားစိုက်နင်းလိုက်သည်။

လီရှူရှူသည် မီးလက်ဝါး၏အပြုအမူအား မမှိတ်မသုန်ကြည့်ရှုနေသည်။

မီးလက်ဝါးမှာ ခြေထောက်ကိုမရွေ့တမ်း နင်းနေသဖြင့်

ဓားတချွေချိန်ကျင်မှာ နောက်ဆုံး အသက်ပျောက်သွားတော့၏။

ထိုအခါကျမှ မီးလက်ဝါးသည် သူ့ခြေထောက်ကို ရုပ်သိမ်းလိုက်သည်။

"ကဲ… တပည့်ရေ… တောင်ပေါ်က ထိပ်သီးသိုင်းသမားတွေကိုတက်ပြီး ဂါရဝပြုကြဦးစို့"

မီးလက်ဝါးဟန်ဖချင်းသည် တပည့်ဖြစ်သူ လီရှုရှုအား ခေါ်ဆောင်ကာ မိုးထိတောင်ပေါ်သို့ တက်သွားလေတော့၏။

တောအုပ်အတွင်း၌ကား လူသုံးယောက် အသက်ပျောက်ကျန်ရစ်လေ၏။

⁂



(၁၁)

## လွတ်မြောက်သွားသူ

မိုးထိတောင်သို့ ဆရာတပည့်နှစ်ဦး ရောက်ရှိသွားသည့်အခါ တောင်ထိပ်၌ လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရချေ။

အပြာရောင် အဆောက်အအုံကြီးထဲသို့ သူတို့ဝင်ကြည့်ကြသည်။

ခမ်းနားကြီး ကျယ်လှသော အဆောက်အအုံကြီး၏ ခန်းမကြီးထဲ၌လည်း တစ်ဦးတစ်ယောက်မျှ မရှိချေ။

လီရှုရှု ဝင်ကြည့်သည့်နေရာမှာ မုတ်ဆိတ်ဖြူအဘိုးဟိုချူးနှင့် လီရှုရှုတို့ တိုက်ခိုက်ခဲ့သောနေရာပင် ဖြစ်သည်။

လီရှုရှုသည် သွေးပလွေရှင်ကို သတိရလာလေ၏။

ယခင်က သူ့ဖခင်၏နဂါးဓား တွေ့ရှိရာနေရာကို လှမ်းကြည့်သည်။ နဂါးဓားလည်း မရှိတော့ပေ။

ထိုစဉ် မီးလက်ဝါးက အော်ဟစ်ကြိမ်းမောင်းလိုက်လေ၏။

"ဟေ့... သိုင်းအဓိပတိကြီး ယန်စီ... ထွက်ခဲ့ပါဦးဗျာ၊ ကျုပ်ခင်ဗျားကို ဂါရဝပြုချင်လွန်းလို့ပါ"

မီးလက်ဝါး၏အော်သံသည် ခန်းမထဲ၌ ပဲ့တင်ထပ်သွားလေ၏။

သူ့အကြိမ်ကြိမ်အော်သော်လည်း မည်သည့်တုံ့ပြန်သံမျှ မကြားရချေ။

"ဗျို့... သိုင်းအဓိပတိကြီး ထွက်လာခဲ့ပါဗျာ၊ ဘယ်မှာ သွားပုန်းနေသလဲ"

လီရှုရှုက....

"ဆရာကြီးလဲ မရှိဘူး၊ သူ့တပည့် သားမြေးတွေလဲ မရှိဘူး၊ ပြေးကုန်ကြပြီနဲ့တူတယ်"

မည်သူတစ်ဦးတစ်ယောက်မျှ မရှိသော အဆောက်အအုံကြီးထဲဝယ် တစ်စုံတစ်ယောက်ကိုတွေ့လိုတွေ့ငြား သူတို့ရှာဖွေကြသည်။

လီရှုရှု ရှာဖွေနေခြင်းမှာ သူ့အဖေကိုသာ ဖြစ်သည်။ သိုင်းအဓိပတိကြီးယန်စီကို ရှာဖွေနေခြင်းမဟုတ်ချေ။



မီးလက်ဝါး ဟန်ဖချင်းရှာဖွေနေသည်မှာ သိုင်းအဓိပတိကြီးယန်စီကိုသာ ဖြစ်သည်။

လီရှုရှုကိုလည်း ယန်စီကို ရှာဖွေနေသည်ဟုသာ သူထင်နေသည်။

မီးလက်ဝါးကား အခန်းပေါင်းစုံ၌ ဝိညာဉ်နတ်သိုင်းလက်သူ့ယန်စီကို မတွေ့တွေ့အောင် လိုက်ရှာနေသည်။ သို့သော် ရှာဖွေ၍မတွေ့ကြချေ။

လီရှုရှုသည် အဆောက်အအုံထဲ၌ မတွေ့သောအခါ အဆောက်အအုံပြင်ပသို့ ထွက်ခွာသွားပြီး ရှာသည်။

မီးလက်ဝါးကမူ အဆောက်အအုံ၌ သဲသဲမဲမဲ ရှာဖွေနေသည်။

"ဟေ့... ဒီမိုးထိတောင်ပေါ်မှာ ဘယ်သတ္တဝါမှ မရှိကြတော့ဘူးလား"

မီးလက်ဝါးမှာ အရူးလိုဖြစ်နေသည်။ ထို့နောက် သူသည် ခန်းမထဲ၌ ရှိသမျှသော စားပွဲကုလားထိုင်များကို ရိုက်ချိုးလွှင့်ပစ်လေတော့၏။

"ဝုန်း...."

"ဒိုင်း...."

သူသည် ခန်းမကြီးထဲ၌ စိတ်တိုင်းကျ ဖျက်ဆီးနေတော့သည်။

"ဖြောင်း...."

"ဝုန်း...."

ရိုက်ချိုးဖျက်ဆီးနိုင်သည့်ပစ္စည်းဟူသမျှ သူသည် ရိုက်ချိုးဖျက်ဆီးပစ်၏။

အားရပါးရဖျက်ဆီးပြီးမှ အဆောက်အအုံပြင်ပသို့ ထွက်လာသည်။

သူသည် တောင်ထိပ် တစ်နေရာ၌ ပေါက်နေသော ညောင်မှတ်ဆိတ်ပင်ကြီးဆီသို့ မျက်စိကျရောက်သွားသည်။

ထိုညောင်မှတ်ဆိတ်ပင်ကြီး၌ ညောင်မှတ်ဆိတ်များသည် တွဲရရွဲရကျနေ၏။

အားလုံး အညိုအမည်းချည်းသာဖြစ်၏။

တစ်နေရာ၌ ဖြူဆွတ်နေသော ညောင်မှတ်ဆိတ်ကို မီးလက်ဝါးတွေ့ရသည်။

မီးလက်ဝါးသည် ထိုနေရာသို့ ခုန်ပျံရောက်ရှိလာ၏။

သူသည် မှတ်ဆိတ်ဖြူများကို ဆုပ်ကိုင်ပြီး ဆောင့်ဆွဲလိုက်ရာ လူတစ်ယောက်၏အသံ ပေါ်လာလေသည်။

"အား... အား... ငါ့မှတ်ဆိတ်ကို လွှတ်... လွှတ်"

မှတ်ဆိတ်ဖြူအဘိုး လူပုလေး ဟိုချူး ဖြစ်နေလေသည်တကား။

အဘိုးဟိုချူးသည် မီးလက်ဝါးကို တွေ့မြင်ရသောအခါ လန့်



သွားသည်။

"ခင်ဗျား သစ်ပင်ပေါ်တက်ပြီး ဘာလုပ်နေတာလဲ"

မီးလက်ဝါးက မေးလိုက်၏။

"အိပ်နေတာပေါ့ကွ"

အဘိုးဟိုချူးက ခပ်မာမာပင် ပြန်ဖြေသည်။

သို့သော် သူ့ခမျာ မီးလက်ဝါး၏ လက်တွင်းသို့ ရောက်နေသည်။

မီးလက်ဝါးသည် သူ့မှတ်ဆိတ်ဖြူများကိုမလွှတ်တမ်း ဆုပ်ကိုင်ထား၏။

"ဒါလောက် ကျုပ်အော်နေတာကို ခင်ဗျား မကြားဘူးလား"

"ဘယ်ကြားနိုင်မှာလဲ... ငါက အိပ်ပျော်နေတာကွ၊ အိပ်မက်မက်နေတာ၊ ငါ့ခေါင်းကို ဆင်နင်းလို့ ပြေးနေရတာ၊ ကိုယ်ဖော့ပညာဆိုတာ အိပ်မက်ထဲမှာ အလကားပါပဲကွာ"

မီးလက်ဝါးသည် သူ၏မှတ်ဆိတ်ရှည်ကြီးအား မလွှတ်ဘဲ ဆက်လက်ဆွဲထားမြဲ ဆွဲထားလေ၏။

"ခင်ဗျား အိပ်မက်ကတော့ တကယ်မှန်နေပြီ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျား အခု ခေါင်းဆင်နင်းခံနေရပြီ"

"ဘယ်လို"

"ဘာမှ ကျုပ်ကိုမမေးနဲ့၊ ခင်ဗျားတို့ရဲ့ သိုင်းအဓိပတိကြီး

ယန်စီ ဘယ်မှာလဲ"

အဘိုးဟိုချူးမှာ မျက်နှာပျက်သွားသည်။

"သူ ဒီမှာ မရှိပါဘူး"

"ဒီမှာမရှိရင် ဘယ်မှာရှိသလဲ၊ သူရှိတဲ့နေရာကို ကျုပ်သိချင်တယ်"

"ဟို... ဟို... အဲ... အဲ"

အဘိုးဟိုချူးသည် အဖြေရခက်နေတော့၏။

"အူကြောင်ကြောင် လုပ်မနေနဲ့ ကျုပ်အကြောင်း ခင်ဗျား မသိသေးရင် သိအောင်ပြမယ် ကြည့်ထား"

မီးလက်ဝါးသည် ညောင်မုတ်ဆိတ်များကို လက်ဝါးနှင့်ရိုက်လိုက်ရာ ညောင်မုတ်ဆိတ်များ မီးထတောက်သွားသည်။

"ခင်ဗျား အူကြောင်ကြောင် လုပ်မနေနဲ့၊ တွေ့တယ်မဟုတ်လား... ဒီညောင်မုတ်ဆိတ်တွေလို ဖြစ်သွားမယ်"

"ပြောပါ့မယ်ကွာ၊ မင်းက ဒေါသချည်းပဲ၊ မင်းကို မီးလက်ဝါးလို့ ခေါ်ဖို့မကောင်းဘူး၊ မီးစိတ်တိုလို့ ခေါ်တာပဲကောင်းတယ်"

"ဒီမှာ ဟိုချူး ခင်ဗျား အပိုတွေပြောမနေနဲ့၊ ခင်ဗျားတို့ရဲ့ သိုင်းအဓိပတိကြီး ယန်စီဘယ်မှာလဲဆိုတာကိုသာ ပြောပါ"

"မိုးထိလှိုဏ်ထဲက ရေတံခွန်နီမှာ ရှိပါတယ်"

"ဒါဆို လိုက်သွားမယ်"

မီးလက်ဝါးနှင့် အဘိုးဟိုချူးတို့သည် မိုးထိလှိုဏ်ထဲသို့ ရောက်သွားကြလေ၏။

မိုးထိလှိုဏ်များ မိုးထိတောင်၏တစ်ဖက်ခြမ်း၌ ရှိ၏။

လှိုဏ်ထဲသို့ တောင်ကျရေများ ကျဆင်းနေရာ ထိုနေရာမှကျဆင်းနေသည့် နေရာကို ရေတံခွန်နီဟု ခေါ်သည်။

ရှေးအစဉ်အဆက်က ခေါ်ခဲ့သောနာမည်ဖြစ်၍ မည်သည့်အချိန်က စတင်ခေါ်ကြောင်း မည်သူမျှ မသိရှိကြတော့ပေ။

မုတ်ဆိတ်ဖြူဖြူနှင့် လူပုကလေးတစ်ယောက်နှင့် အရပ်ရှည်ရှည်နှင့် ခပ်ကိုင်းကိုင်းလူတစ်ယောက်တို့ ယှဉ်တွဲသွားနေပုံမှာ ရယ်စရာကောင်းလှ၏။

သူတို့နှစ်ဦးသည် လှိုဏ်ထဲသို့ ခက်ခက်ခဲခဲ ဆင်းကြရ၏။ ဤသို့ဖြင့် ရေတံခွန်နီရှိရာသို့ ရောက်ရှိလာကြ၏။

"ကဲ... ဘယ်မှာလဲ သိုင်းအဓိပတိကြီး ယန်စီ"

"ဟိုမှာ...."

မုတ်ဆိတ်ဖြူ အဘိုးလက်ညှိုးထိုးသည့်နေရာကို လှမ်းကြည့်လိုက်သည်။

ထိုစဉ် မုတ်ဆိတ်ဖြူအဘိုးဟိုချူးသည် သူမုတ်ဆိတ်အား ကိုင်ထားသည့်လက်ကို အပေါ်သို့ ရိုက်တင်လိုက်၏။

"ဖြောင်း...."

သူ နောက်သို့ ခုန်ဆုတ်လိုက်သည်။

မီးလက်ဝါးသည် အလျင်အမြန် လက်ပြန်ရိုက်လိုက်သော်

လည်း မထိချေ။

မီးလက်ဝါးသည် တဖြောင်းဖြောင်းနှင့် လိုက်လံရိုက်နက်သည်။

အဘိုးဟိုချူကလည်း လွတ်အောင်ရှောင်တိမ်းသည်။

မီးလက်ဝါးက....

"ခင်ဗျားကို မြေကြီးထဲ ရိုက်သွင်းပစ်မယ်"

အဘိုးဟိုချူးသည် ကိုယ်ဖော့ပညာအလွန်ကောင်းသဖြင့် မီးလက်ဝါး၏ ရိုက်ချက်များကို လွတ်အောင်ရှောင်နိုင်သည်။

ရိုက်လေ မထိလေ မီးလက်ဝါး ဒေါပွလေ ဖြစ်သွားသည်။

မီးလက်ဝါး အရိုက်စိပ်လာလေလေ မုတ်ဆိတ်ဖြူအဘိုးမှာ ရှောင်တိမ်းရခက်လေလေ ဖြစ်လာသည်။

သို့သော် မီးလက်ဝါးမှာ တစ်ချက်မျှထိအောင် မရိုက်နိုင်သေးချေ။

"ဝုန်း...ဝုန်း... ဝုန်း"

မီးလက်ဝါး၏ရိုက်ချက်များမှာ ပြင်းထန်လှသည်။

မီးလက်ဝါးသည် သူ့ရိုက်ချက်များ မထိသောအခါ လေပူလှိုင်းများ ထုတ်တော့သည်။

သူ၏လက်ဝါးနှစ်ဖက်ကို ဝှေ့ယမ်းလိုက်သောအခါ လေပူလှိုင်းများ ထွက်လာတော့သည်။

"ဟူး... ဟူး... ဟူး"



လေပူလှိုင်းများသည် အဘိုးဟိုချူးထံသို့ ပြေးဝင်သွားလေ၏။

အဘိုးဟိုချူးသည် မြေတွင် ပြားပြားဝပ် ကပ်လိုက်ရသည်။

လေပူလှိုင်းများသည် ကျောပြင်အထက် တစ်ထောင်ခန့် အကွာမှနေ၍ ကျော်ထွက်သွားလေ၏။ ကျောပြင်၌ အပူပင်ဟပ်သွားသည်။

ထိုလေပူများ ကျော်ထွက်သွားသည်နှင့် အဘိုးဟိုချူးသည် ခုန်ထပြီး မီးလက်ဝါးအား စုံပစ်ကန်လိုက်၏။

"ဝုန်း...."

မီးလက်ဝါးမှာ အဘိုးဟိုချူးထံမှ တိုက်ကွက်ထွက်လာလိမ့်မည်ဟု လုံးဝမမျှော်လင့်ခဲ့ချေ။

ထို့ကြောင့် ခုခံရန် အချိန်လုံးဝမရလိုက်ချေ။

အဘိုးအို၏ကန်ချက်ကြောင့် သူသည် လွင့်စဉ်ထွက်သွားရသည်။

အတွင်းအားကောင်းလွန်း၍သာ အတွင်းလှိုဏ်ထဲသို့ လိမ့်ကျမသွားသည်။

တော်ရုံတန်ရုံ အတွင်းအားသာရှိနေမည်ဆိုလျှင် မီးလက်ဝါး တစ်စခန်း သိမ်းသွားမည်ဖြစ်သည်။

"တောက်...."

မီးလက်ဝါးသည် ခုန်ထလိုက်ပြီး တောက်ခေါက်လိုက်၏။

သူသည် အလွန်ဒေါပွသွား၏။

အဘိုးဟိုချူး၏ မမျှော်လင့်သောတိုက်ကွက်ကို သူ ခံလိုက်ရပြီမဟုတ်ပါလော။

သူသည် လေပေါ်သို့ ခုန်တက်လိုက်၏။ ပြန်ကျလာသောအခါ လက်ဝါးနှင့် အရှိန်ပြင်းစွာရိုက်ချသည်။

ဒေါသလည်းဖြစ် လျင်မြန်စွာ ရိုက်ချသည့်လက်ဝါးချက်လည်း ဖြစ်လေရာ အဘိုးဟိုချူးမှာ ရှောင်သော်လည်း မုတ်ဆိတ်ဖြူကြီးကို လွတ်အောင်မရှောင်နိုင်တော့ချေ။ မုတ်ဆိတ်ဖြူကြီးကို မီးလောင်လေတော့၏။

"ဟား… ဟား… ဟား"

မုတ်ဆိတ်ဖြူကြီးမီးလောင်သည်ကိုကြည့်ပြီး မီးလက်ဝါးသည် တဟားဟား အော်ရယ်မိလေတော့၏။

မုတ်ဆိတ်ဖြူအဘိုးဟိုချူး မျက်လုံးပြူးသွားလေပြီ။

မီးသည် ရှဲခနဲ ရှဲခနဲလောင်လိုက်ရာ မုတ်ဆိတ်ဖြူအဘိုး၏ မုတ်ဆိတ်များမှာ ချက်ချင်းကုန်သွား၏။

ဟိုချူးသည် မီးလက်ဝါး၏ရိုက်ချက်များကို တစ်ကြိမ်မဟုတ် တစ်ကြိမ်ထိတော့မည်ကို သိလိုက်သည်။

ထို့ကြောင့် သူသည် စောင်းငဲ့ကြည့်လိုက်၏။

သူ့အေးတွင် လျှိုနက်ကြီး ရှိနေသည်။ ရေတံခွန်မှ ရေများသည် လျှိုထဲသို့ စီးဆင်းနေသည်။



သူသည် မီးလက်ဝါး၏ရိုက်ချက်ကို ခံမည်လော၊ လျှိုနက်ကြီးထဲသို့ ခုန်ချမည်လော။

ရွေးချယ်စရာလမ်းနှစ်လမ်းသာ ရှိတော့သည်။ ထို့ကြောင့် ဟိုချူးသည် လျှိုထဲသို့ ခုန်ချသွားလေတော့၏။

"မင်း ဘာတတ်နိုင်သေးသလဲ"

ဟိုချူးသည် ဤသို့အော်ဟစ်ရင်း လျှိုထဲသို့ ခုန်ချသွားသည်။

အဘိုးဟိုချူး၏အော်သံသည် လျှိုကြီး၏ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်သွားလေ၏။

"တောက်…."

မီးလက်ဝါးသည် တောက်တစ်ချက် ခေါက်လိုက်၏။ သူ ဘာမျှ မတတ်နိုင်တော့ပါ။

ယခုတော့ သိုင်းအဓိပတိကြီး ဝိညာဉ်နုတ်လက်ညှိုး ယန်စီအား သူ ရှာမတွေ့နိုင်တော့ပါ။

နတ်လက်ညှိုး ယန်စီရှိသည့်နေရာကိုသိသည့် ဟိုချူးသည် လျှိုထဲသို့ ခုန်ချသွားလေပြီ။

အဘိုးဟိုချူးကား ရေတံခွန်၏ကြီးမားသော ရေလုံးကြီးများကြား၌ ပျောက်ကွယ်သွားလေတော့၏။

ဟိုချူးသည် မသေနိုင်ပါ။ ထိပ်တန်းသိုင်းသမားသည် ရေထဲကျရုံဖြင့် မသေနိုင်ပါ။

တကယ်တော့ ဟိုချူးသည် မီးလက်ဝါးလက်ထဲမှ လွတ်မြောက်သွားခြင်းသာ ဖြစ်ပါသည်။

မီးလက်ဝါးဟန်ဖချင်းသည် လီရှုရှုထံသို့ ပြန်လည်ရောက်ရှိရန် လှိုဏ်ထဲမှ အပေါ်သို့ ခက်ခက်ခဲခဲ ပြန်တက်ရလေသည်။

+++



(၁၂)

## အတိတ်ဇာတ်ကြောင်း

သူ့ဆရာပြန်ရောက်လာသောအခါ လီရှုရှုက မေးမြန်းလေ၏။

"ဆရာ ဘယ်သွားနေတာလဲ"

မီးလက်ဝါးသည် မုတ်ဆိတ်ဖြူအဘိုးဟိုချူးအကြောင်း ပြောပြနေလေ၏။

"ဟိုချူးဟာ ငါ့ကိုတစ်ပတ်ရိုက်ပြီး လှိုဏ်ထဲကို **ခုန်ချထွက်**ပြေးသွားတယ်ကွ"

မီးလက်ဝါးသည် ကျိတ်မနိုင်ခဲမရ'တောက်' တစ်ချက်ခေါက်

လိုက်၏။

တကယ်တော့ ဟိုချူးသည် အသည်းအသန် ထွက်ပြေးရခြင်းဖြစ်သည်။

လီရှူရှူသည် သူမအား ငါးကွက်တိုက်ခိုက်ခဲ့သည့် မုတ်ဆိတ်ဖြူ အဘိုးဟိုချူးအား ပြန်လည်မြင်ယောင်လာမိ၏။

သူမသည် ပြုံးလိုက်မိသည်။

တကယ်တော့ အဘိုးဟိုချူးသည် အလွန် ရယ်စရာကောင်းသည်။

သူသည် အလွန်ပုပြီး မုတ်ဆိတ်က သူ့တစ်ရပ်ရှိနေသည်။

မုတ်ဆိတ်သည် မြေတွင် တရွတ်ဆွဲနေသည်။ ယခုတော့ သူ့မုတ်ဆိတ် မရှိတော့ပေ။

သူ့ဆရာလက်ချက်ဖြင့် မီးလောင်သွားလေပြီ။

မုတ်ဆိတ် မရှိသည့် အဘိုးဟိုချူးအား လီရှူရှူ တွေ့ချင်မိသည်။

မုတ်ဆိတ်ဖြူ အဘိုးဟိုချူးသည် လီရှူရှူသိုင်းပညာ လုံးဝမတတ်ခင်က သိုင်းပညာယှဉ်ပြိုင်ခဲ့ဖူးသည်။

သူမသည် နတ်လေပွေအဘွား သင်ပေးထားသည့် ကိုယ်ဖော့ပညာကိုသုံး၍ အဘိုးဟိုချူးအား အနိုင်ယူခဲ့ဖူးသည်။

မီးလက်ဝါးက....

"သိုင်းအဓိပတိ ဝိညာဉ်နတ်နတ်လက်ညှိုး ယန်စီကို အစအ



နတောင် ရှာမတွေ့ခဲ့ဘူး"

လီရှူရှူကလည်း ရှင်းပြသည်။

"သမီးလဲ မိုးထိတောင်တစ်ဝိုက်ကို ပြုပြစ်အောင် ရှာခဲ့တာပဲ၊ ဘယ်သူမှ မတွေ့ခဲ့ဘူး၊ တောင်ပေါ်ကလူတွေ ဘယ်များရောက်သွားသလဲ မသိဘူး"

လီရှူရှူသည် တကယ့်ကို တောင်ပေါ်တစ်ခွင် ပြုပြစ်အောင် ရှာဖွေခဲ့၏။

သူမဖခင်ကို ရှာဖွေခြင်းဖြစ်သည်။

မီးလက်ဝါး အထင်၌မူ လီရှူရှူသည် သိုင်းအဓိပတိကြီးယန်စီကို ရှာဖွေနေသည်ဟုသာ ထင်သည်။

"အင်း... နေနှင့်ကြဦးပေါ့ကွာ၊ ပုံလေတဲ့ငှက်ခါး နားလာမှ သိကြမယ်"

လီရှူရှူ မျက်နှာပျက်သွားသည်။

သို့သော် မီးလက်ဝါးက သူမကို မကြည့်ပါ။ သူမမျက်နှာပျက်သွားသည်ကို မသိပါ။

"အေးလေ... ဝိညာဉ်နတ်လက်ညှိုး ယန်စီကိုမတွေ့မှတော့ မဟာမြိုင်တောဆီကို ခရီးဆက်ကြတာပေါ့"

လီရှူရှူ အံ့သြသွားသည်။

"အဲဒီ မဟာမြိုင်တောမှာ ဘယ်သူရှိလို့လဲ ဆရာရဲ့"

"ဘယ်သူရှိရမတုံးကွယ်... ငါ့ကို ဒုက္ခပေးခဲ့တဲ့ မြကန်ဒေဝီပု

လွန် ရှိတာပေါ့၊ သူ့ကို လက်စားချေရမယ်"

သူသည် တစ်ဘက်ရှိ တောင်ကြီးကို ငေးမောကြည့်ရင်း နာကြည်းစွာ ပြောနေမိ၏။ သူသည် အံကြိတ်ထားသည်။

လီရှုရှုသည် မီးလက်ဝါး၏ အငြိုးကြီးမားပုံကို တွေ့ရသော အခါ လွန်စွာ စိတ်မကောင်းဖြစ်သွားသည်။

"ဆရာနဲ့ အဲဒီမြကန်ဒေဝီ ဘာတွေဖြစ်ခဲ့ကြလို့လဲ"

လူငယ်ပီပီ စပ်စုချင်သောဆန္ဒနှင့် လီရှုရှုသည် မီးလက်ဝါးအား မေးမြန်းလိုက်လေ၏။

"ဟား... ဟား... ဟား... ငါ ပြန်မပြောချင်ပါဘူးကွာ၊ ပြန်ပြောရင် ငါ့တပည့် မျက်ရည်ကျသွားမယ်"

သူသည် ရယ်မော၍ ပြောလိုက်သည်။

တကယ်တော့ သူ့ ရယ်မောခြင်းမှာ ရယ်မောခြင်း မမည်လေပါ။

နာကြည်းမှုများအား ရယ်မောခြင်းအဖြစ် ပြောင်းလဲလိုက်ခြင်းသာ ဖြစ်ပါသည်။

"ဒီလောက်တောင်ပဲလား ဆရာကြီးရယ်"

မီးလက်ဝါးသည် အံကြိတ်ရင်း ပြောလေ၏။

"ငါ့တပည့်ရယ်... ငါ့တပည့်သိချင်မှတော့ ငါက ပြောပြရတော့မှာပေါ့"

သူက ဆက်၍ ပြောလေ၏။



"အေး... ရင်ဖွင့်လိုက်ရင်တော့ နည်းနည်းပါးပါး ရင်နာသက်သာမယ် ထင်ပါရဲ့ကွယ်၊ ဒီလိုကွယ့်...."

မီးလက်ဝါးသည် သူ့ဇာတ်ကြောင်းကို ပြန်လှန်ပြောပြလေတော့၏။

✣✣✣

စီရှန်ဘာဒေသ....။

စီရှန်ဘာဒေသသည် သိုင်းသမားကောင်းများ ပေါ်ထွက်ရာ ဒေသဖြစ်သည်။

ဟန်ခင်ချိုင်မှာ စီရှန်ဘာဒေသတွင် သိုင်းပညာထူးချွန်သူ တစ်ဦး ဖြစ်လေ၏။

သို့ရာတွင် သူသည် လောကကြီးထဲ၌ ကံကောင်းသူတစ်ဦး မဟုတ်ခဲ့ပေ။

သူ၏ချစ်လှစွာသော ဇနီးသည် ဝမ်ချိုရီသည် သူ့အား သားယောကျ်ားလေးတစ်ဦး မွေးဖွားပြီးနောက် လောကကြီးထဲမှ ထွက်ခွာသွားခဲ့သည်။

ဇနီးဆုံးပါးပြီးကတည်းက ဟန်ခင်ချိုင်သည် အရက်သမားကြီးလုံးလုံး ဖြစ်သွားခဲ့သည်။ သူသည် လောကကြီးအား အကောင်းမမြင်တော့ချေ။

ဟန်ခင်ချိုင် မူးပြီဆိုလျှင် သူ့အနားသို့ မည်သူမျှ မကပ်နိုင်တော့ချေ။

ကပ်သူများမှာလည်း အရိုက်အနက် အထိုးအကြိတ်ကို ခံကြရသည်သာ ဖြစ်လေ၏။

"ဒီမှာ သားရဲ့... လောကကြီးမှာ သိုင်းပညာထူးချွန်ထက်မြက်ဖို့သာ အဓိကကွ၊ သိလား... သိုင်းသမားကောင်းဖြစ်မှ ကိုယ့်စကားအောင်မယ်၊ လူတကာကို ဗိုလ်လုပ်နိုင်မယ်"

သားဖြစ်သူ ဆယ်နှစ်သားအရွယ်ကတည်းက ဟန်ဖချင်းအား သိုင်းပညာသင်ပေးရင်း ဩဝါဒစကား ပြောခဲ့လေသည်။

သူက ဆက်၍ပြောသည်။

"သိုင်းပညာအစွမ်းကောင်းဖို့ အရေးကြီးတယ်၊ သိုင်းပညာစွမ်းထက်ရင် ရွှေလိုချင်လား၊ ငွေလိုချင်သလား၊ ဂုဏ်လိုချင်သလား ကုန်ကုန်ပြောမယ်၊ သူများအသက်ကိုတောင် လိုချင်သလား အားလုံးရတယ်ကွ၊ ဟား... ဟား... ဟား ငါ့သားမှတ်ထားကွ"

ထိုသို့သော ဩဝါဒစကား၊ ဆုံးမစကားများမှာ ဟန်ဖချင်း၏ နားထဲ၌ စွဲနေခဲ့၏။

အပြင်လောက၌လည်း ဟန်ခင်ချိုင်သည် ပြောသည့်အတိုင်း နေထိုင်ပြသူဖြစ်သည်။

လူတကာကို ဗိုလ်ကျသည်။ အနိုင်ကျင့်သည်။

ပစ္စည်းလိုချင်လျှင်·လုယက်သည်။ လူလိုချင်လျှင် အတင်းအဓမ္မသိမ်းပိုက်သည်။



သူများအသက်ကို လိုချင်လျှင် မားယုဉ်ခုတ်ပြီး သတ်ဖြတ်လိုက်သည်။

လူဆိုးလူမိုက်ကြီးလုံးလုံး ဖြစ်လာတော့သည်။

အယူမှားနေသော အရက်သမားဖခင်ကြီးနှင့် ကြီးပြင်းလာရသော ဟန်ဖချင်းသည် သိုင်းပညာကို ဖခင်ထံမှ အပြင်းအထန်သင်ကြားလေ့ကျင့်ခဲ့သည်။

သိုင်းပညာ၏အရာရောက်မှုကို သိရှိထားသော ဟန်ဖချင်းကလေးသည် သိုင်းပညာကိုကြိုးစားသင်ယူပြီး သိုင်းပညာအားကိုးနှင့် ရွယ်တူများအပေါ် အနိုင်ကျင့်လေတော့သည်။

အရာရာကို လက်ရုံးအားကိုးနှင့်သာ ဖြေရှင်းအနိုင်ယူစေသည်။

ထို့ကြောင့် စီရှန်ဘာဒေသ၌ ဟန်ခင်ချိုင်နှင့် ဟန်ဖချင်းတို့ သားအဖဆိုလျှင် လူအားလုံးက ကြောက်ရွံ့နေကြတော့သည်။

ဟန်ဖချင်းသည် ဆုံးမပဲ့ပြင်သူနှင့် ကြီးပြင်းခဲ့ရသော ကလေးမဟုတ်ချေ။

သူလုပ်သမျှကို မြှောက်ပေးသည့် ဖခင်နှင့် ကြီးပြင်းခဲ့ရသူဖြစ်သည်။

တစ်နည်းဆိုသော် ဖခင်၏ခြေရာကိုနင်းနိုင်သော သားဖြစ်ခဲ့လေ၏။

အကြံတူ နောက်လူသာစမြဲ ဆိုသည့်စကားအတိုင်း အဖ ထက် သားကြီးခဲ့သည်။

ဟန်ဖချင်းသည် ဆိုးရာ၊ တေရာ၊ ပေရာတွင် အဖထက် သာလွန်ခဲ့လေ၏။

တစ်ချိန်က ထစ်ခနဲဆိုလျှင် ဟန်ခင်ချိုင်သာ အမည်တွင်ခဲ့ သည်။

ယခု ဟန်ဖချင်းက သူ့ဖခင်နေရာ၌ အစားထိုးခဲ့လေပြီ။

ဟန်ခင်ချိုင်၏နာမည်သည် တဖြည်းဖြည်း မှေးမှိန်ပျောက် ကွယ်လာ၏။

ထိုအချိန်၌ အခြား ပြည်နယ်တစ်ခုမှ စီရှန်ဘောဒေသသို့ အခြေကျ ကြီးပွားနေခဲ့သော မိသားတစ်စုရှိ၏။

ထိုမိသားစုကား ရီရှာ မိသားစုဖြစ်သည်။

ရီရှာသည် နန်းရိကျင်ဆိုသော ဇနီးသည်တစ်ယောက်ရှိ၏။ သူတို့၌ တစ်ဦးတည်းသော သမီးတစ်ယောက်ရှိ၏။

ပုလွန် ဟုခေါ်သည်။

ရီရှာသည် ကုန်သည်မျိုးရိုးဖြစ်ရာ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ အခြေစိုက်သူဖြစ်၏။

ပုလွန် အရွယ်ရောက်သောအခါတွင် သူတို့မိသားစုသည် လယ်နှင့်ယာနှင့် အင်းအိုင်နှင့် ဖြစ်နေခဲ့လေပြီ။

ကုန်သည်မျိုးရိုးဖြစ်သော ရီရှာသည် ထိုအသက်အရွယ်



သိုင်းပညာကို သင်မည်မဟုတ်ချေ။

သို့သော် စီရှန်ဘာလို ဒေသမျိုး၌ လာရောက် အခြေချရ သောအခါ သိုင်းပညာကို ကြိုးကြိုးစားစားလေ့ ကျင့်သင်ကြားရတော့ သည်။

သမီးဖြစ်သူကိုလည်း သိုင်းပညာသင် ကြားပေးလေသည်။

ရီရှာသိုင်းပညာ သင်ကြားခြင်း၏ ရည်ရွယ်ချက်မှာ ကိုယ့်ကို ကိုယ် ခုခံကာကွယ်နိုင်ရန်ဖြစ်သည်။

ထို့ပြင် သူတို့သည် လယ်ယာချောင်းမြောင်းနှင့် ဖြစ်နေပြီ မဟုတ်ပါလား။

ကိုယ့်အကျိုးစီးပွားကို ကာကွယ်ရန် သိုင်းပညာတတ်ထားမှ ဖြစ်မည်ဟု ရီရှာ ယူဆသည်။

ရီရှာမိသားစု ကံဆိုးချင်တော့ သမီးလေး ပုလွန်အား လု ရမ်းကား ဟန်ဖချင်းကတွေ့ရှိပြီး ချစ်ခင်မေတ္တာသက်ဝင်နေခြင်း ဖြစ် သည်။

သူတို့နှစ်ဦး တွေ့ဆုံပုံကလည်း မကောင်းလှပေ။ ထုံးစံအ တိုင်း ရန်ပွဲကစတင်ခဲ့သည်။

ထိုနေ့က ပုလွန်သည် အစေခံများ နောက်လိုက်များနှင့် ဈေးဝယ်ထွက်ခဲ့သည်။

သူဌေးတစ်ဦး၏ သမီးဖြစ်၍ ဝေါစင်နှင့် ဈေးဝယ်ထွက် သည်။

အိမ်စေများ နောက်လိုက်များအား ဈေးဝယ်ခိုင်းပြီးနောက် ပုလွန်သည် ဝေါစင်ထဲမှ ဘေးဘီပတ်ဝန်းကျင်ကို ကြည့်ရှုနေခဲ့သည်။

ထိုစဉ် သူ၏မြင်ကွင်းထဲသို့ လူရွယ်တစ်ဦးရောက်ရှိလာလေ၏။

ထိုလူရွယ်သည် ပိန်ပိန်ပါးပါး ကျစ်ကျစ်လျစ်လျစ်ရှိ၏။ ကျောတွင် ဓားတစ်ချောင်းလွယ်ထားသည်။

မျက်နှာမှာ အနည်းငယ် ပြေပြစ်မှုရှိသည်။ လူချောကြီး မဟုတ်သော်လည်း လူကြမ်းတော့ မဟုတ်ချေ။

ထိုလူရွယ် ဈေးထဲသို့ရောက်သောအခါ လူအများသည် ထိုလူရွယ်ကို ရှောင်ရှားသွားသဖြင့် ပုလွန်သည် သူ့နောက်လိုက်တစ်ဦးကို မေးမြန်းလိုက်၏။

"ဟေ့… ဟိုဓားလွယ်ထားတဲ့လူကို လူတွေ တယ်ရှောင်သွားကြပါလား၊ ဘာဖြစ်လို့လဲ"

ထိုအခါ နောက်လိုက်တစ်ဦးက ပြောသည်။

"သူ့နာမည်က ဟန်ဖချင်းလို့ခေါ်ပါတယ် မမလေး၊ လူရမ်းကားလေးတစ်ဦးပါ၊ သူက တွေ့တဲ့လူကို ရန်ပြုတတ်တယ်၊ ဒါကြောင့် ရှောင်ကြပါတယ်"

"သူ့မှာ ဆုံးမမယ့် အဖေမရှိဘူးလား"

"ဟုတ်တယ်… မိမဆုံးမ ဖမဆုံးမ လူရမ်းကားလေးပါ မမလေးရယ်"



ထိုလူက ဆက်၍ရှင်းပြသည်။

"သူက အမေမရှိတော့ပါဘူး၊ ဖအေပဲရှိတယ်၊ အဖေကလဲ လူဆိုးပါ၊ အမြဲမူးရမ်းပြီး လုယက်နေတဲ့လူပဲ၊ သားအဖနှစ်ယောက်စလုံး သိုင်းပညာတော့ တော်တော် တော်ကြတယ်လို့ ပြောပါတယ်"

ထိုစဉ် ဈေးလယ်၌ ရုတ်ရုတ်သဲသဲ ဖြစ်နေသဖြင့် ပုလွန်နှင့် သူ့နောက်လိုက်တို့သည် လှမ်းကြည့်မိကြသည်။

ဈေးလယ်၌ ရန်ပွဲတစ်ခုဖြစ်နေခြင်းတည်း။

လူသုံးဦးနှင့်စောစောက ပုလွန်မြင်ရသောလူငယ်တို့ ခုတ်နေခြင်းတည်း။

ပုလွန်သည် ဟန်ဖချင်း၏တိုက်ကွက်များကို တွေ့ရသောအခါ အလွန်စိတ်ဝင်စားသွား၏။

ဟန်ဖချင်းသည် ဓားရေး အလွန်ကောင်းကြောင်း တွေ့ရသည်။

တိုက်ကွက်များကလည်း အလွန်ဖျတ်လတ်ကြောင်း တွေ့ရသည်။

ပုလွန်သည် လူရွယ်ဆိုးသွမ်းသည်ကို မသိပေ။ စိတ်ထဲ၌ စွဲသွားသည်။

ထိုစဉ် အခြားနောက်တစ်ဦး ရောက်လာပြီး အော်လိုက်သည်။

"မမလေး… ကျွန်တော်တို့လူတွေနဲ့ ရန်ဖြစ်နေတာဗျ"

"ဟင်...."

ပုလွန်သည် ဝေါစင်ပေါ်၌ ထရပ်လိုက်၏။

သူ့လူသုံး ယောက်သည်လည်း ဓားရေးမယှဉ်ပြိုင်နိုင်သဖြင့် သူရှိရာဘက်သို့ အပြေးလာနေသည်။

လူရွယ်ကလည်း ဓားကိုကိုင်မြှောက်၍ ပြေးလိုက်လာသည်။

မကြာမီ သူသည် ဝေါစင်ရှေ့သို့ ရောက်လာလေ၏။

"ဟေ့... ဘာဖြစ်ကြတာလဲ"

ပုလွန်က သူ့လူများကို လှမ်းမေးလေ၏။

သူမ၏ လူတစ်ယောက်က....

"သူ ကျွန်တော်တို့ကို ရန်စတယ် မမလေး၊ နောက်ပြီး တိုက်တော့တာပဲ"

အခြားနောက်လိုက်တစ်ယောက်ကလည်း....

"ကျွန်တော်တို့ ပန်းသီးတွေဝယ်ထားပါတယ်၊ အဲဒီပန်းသီးတွေကို သူခိုက်စားပါတယ်၊ အဲဒါကိုပြောတော့ သူက စတိုက်တော့တာပဲ"

ဟန်ဖချင်းသည် ပုလွန်ကိုမြင်သောအခါ စိတ်ထဲ၌ အလွန်စိတ်ဝင်စားသွား၏။

"ဟာ... လှလိုက်တဲ့မိန်းကလေး"

သူ၏မျက်လုံးစုံသည် တဝင်းဝင်းတောက်သွား၏။



ပုလွန်က ဟန်ဖချင်းဘက်သို့ လှည့်လိုက်၏။

"ရှင် ဘာဖြစ်လို့ ကျွန်မလူတွေကို တိုက်ရတာလဲ"

ဟန်ဖချင်းသည် ပုလွန်ကိုသာ ငေးနေသည်။ သူမပြောသည့်စကားများကို မကြားချေ။

"ကျွန်မ မေးနေတာကို ရှင်မကြားဘူးလား၊ ကျွန်မလူတွေကို ဘာကြောင့် တိုက်ရတာလဲ"

ဒုတိယအကြိမ်ပြောမှ ဟန်ဖချင်း ကြားသည်။

"ဒီလူတွေ ဆက်ဆံရေး မပြေပြစ်လို့"

ပုလွန်က....

"ဘာဖြစ်လို့ ဆက်ဆံရေးမပြေပြစ်ရမှာလဲ၊ သူတို့ဘာသာ ပန်းသီးတွေဝယ်ကြတာပဲ၊ ရှင်က သူတို့ကို ခွင့်မတောင်းဘဲ ပန်းသီးကိုခိုက်စားတာပဲ ရှင်လွန်တာပေါ့"

ထိုအခါ ပုလွန်၏နောက်လိုက်တစ်ဦးက....

"ခင်ဗျား ကျုပ်တို့ဝယ်လာတဲ့ ပန်းသီးတွေကိုခိုက်...."

"ဖြောင်း...."

ထိုလူသည် စကားကိုဆုံးအောင် မပြောလိုက်ရပါ။ ဟန်ဖချင်း၏လက်ဝါးစောင်းက ထိုသူအား ယိုင်ဆင်းသွားစေသည်။

ပုလွန်မှာ ဒေါသအမျက် ခြောင်းခြောင်းထွက်သွားသည်။

"ရှင် စော်ကားလှချည်လား"

ပုလွန်သည် ဓားကိုဆွဲယူလိုက်ပြီး ဟန်ဖချင်းအား ပြောလိုက်

သဖြင့် ဟန်ဖချင်း အံ့သြသွားသည်။

"ဩော်... မင်းက ငါ့ကိုတိုက်မလို့လား"

"ဟုတ်တယ်"

"ငါက မင်းကို မတိုက်ချင်ဘူး"

"ရှင် မတိုက်ချင်လို့ မရဘူး၊ ရှင်က ကျွန်မလူတွေကို စော်ကားပြီးပြီ"

"ဒါကတော့....."

ဟန်ဖချင်း စကားမဆုံးပါ။

"ဝှစ်... ဝှစ်... ဝှစ်"

ပုလွန်သည် သွေးကြာပန်းသိုင်းကွက်ဖြင့် သုံးကွက်တိုက်လိုက်သည်။ ဟန်ဖချင်း ခုန်ဆုတ်ရသည်။

"မင်းက တော်တော်ရဲပါလား"

ဟန်ဖချင်းသည် တကယ်အံ့သြသွားသည်။

ဤမိန်းမလှကလေးက သူ့လိုသိုင်းသမားတစ်ယောက်ကို မတိုက်ဝံ့ဟုထင်ခဲ့သည်။

ယခုတော့ သူထင်သကဲ့သို့ မဟုတ်ပေ။ ပုလွန်သည် ရဲဝံ့စွာ တိုက်ခိုက်နေသည်။

သူမ၏ဓားချက်သည် အလွန်လျင်မြန်လှသည်။

သည်ဓား ချက်သုံးချက်နှင့်ပင် သူမ၏ဓားကွက်ကို ခန့်မှန်း၍ရသည်။ သူမ၏ ဓားသိုင်းပညာသည် မညံ့ပါ။



ဟန်ဖချင်းသည် သူမ၏ဓားကွက်ကို ချက်ချင်းတုံ့ပြန်သည်။

"ထန်... ထန်"

ပုလွန်၏ နောက်လိုက်ဓားသမားလေးဦးကလည်း ပုလွန်ဘက်မှ ဝင်တိုက်ကြသည်။

ဟန်ဖချင်းလည်း ထိုဓားသမားလေးဦးကိုလည်း တိုက်သည်။ ဓားသမားတစ်ဦး နောက်ပြန်လဲကျသွားသည်။

ပုလွန်သည် ဓားချက်များ ဆင့်တိုးလာသဖြင့် ဟန်ဖချင်းသည် ကိုယ်ကိုယို၍ ရှောင်တိမ်းလိုက်ရ၏။

"ဟေ့... မင်း တကယ်လုပ်တယ်ပေါ့"

"ဘယ်သူက အပျော်တိုက်နေလို့လဲ၊ ကလေးတွေလို ကစားကြစတမ်းဆိုရင် ဓားနဲ့ဘယ်တိုက်မလဲ တုတ်နဲ့ တိုက်မှာပေါ့"

"ဟဲ... ဟဲ... ဟဲ... ငါက အပျော်တိုက်နေတာလေ၊ ငါက အရမ်းမလုပ်ပါဘူး"

သူသည် မျက်နှာပေါ်သို့ကျလာသော ဓားချက်ကို သူ့ဓားနှင့် ဖယ်ရှားလိုက်၏။

"ဟေး... ဟေး... တို့ကတော့ ပျော်တယ်ဟေ့"

"ဒါပေါ့... သေရင်လဲ ပျော်ပျော်ကြီးသေရမှာပဲရှင့်"

ပြောပြောဆိုဆို သူမသည် ဓားနှင်းဆီဟုသောတိုက်ကွက်တစ်ကွက်ကိုထုတ်လိုက်ရာ ဟန်ဖချင်းသည် ခြသေ့လည်ပြန်ဓား

ကွက်နှင့် တားဆီးလိုက်ရ၏။

တစ်ဖန် ဓားသမားသုံးဦး၏ စုပေါင်းတိုက်ကွက်အား စိရှန့်ဘာဒေသ၏ ရိုးရာဓားကွက်တစ်ကွက်သုံးပြီး ဓားချက်သုံးချက်အား တားဆီးလိုက်သည်။

"အား..."

ဓားသမားတစ်ဦးသည် ဓားကိုင်လက်ထိသွားသဖြင့် လွတ်ခနဲ အော်လိုက်သည်။

သူ့လူနှစ်ဦးထိသွားပြီဖြစ်၍ ပုလွန် မျက်နှာပျက်သွား၏။ ဒေါသကြောင့် မျက်နှာတစ်ပြင်လုံး နီရဲနေသည်။

တစ်ကြိမ်တွင် ပုလွန်၏ဓားချက်တစ်ချက်သည် သူ၏ပခုံးပေါ်သို့ ကျသွား၏။

ဟန်ဖချင်းရှောင်လိုက်ရာ ပုလွန်သည် သူ့ကိုယ်ကိုမထိန်းနိုင်ဘဲ ရှေ့သို့ငိုက်၍ကျလာ၏။

ထိုအခါ ကျုံ့ဝင်လာသော ပုလွန်၏ရင်ညွန့်အား ဟန်ဖချင်းသည် သူ၏ဓားဦးဖြင့် ထောက်လိုက်၏။

ဓားဦးသည် ပုလွန်၏ရင်ညွန့်ကို ထောက်မိလေ၏။ ရုတ်တရက်ဖြစ်၍ ပုလွန်လည်း ကြောင်သွား၏။

သူမ အကာအကွယ်မဲ့ သွားသည်။ ထိတ်လန့်သွားပြီး သေပြီဟု မျက်လုံးကို စုံမှိတ်လိုက်လေ၏။

သို့သော် မည်သည့်ဓားသွားမျှ သူမ၏ရင်ညွန့်ထဲ တိုးဝင်မ



လာချေ။ ထို့ကြောင့် သူမသည် မျက်လုံးဖွင့်ကြည့်လိုက်၏။

ထိုအခါ သူ့အား ရွှန်းရွှန်းစားစားကြည့်နေသော ဟန်ဖချင်းကို တွေ့ရှိလိုက်ရ လေသည်။

ပုလွန်၏မျက်နှာသည် ရဲခနဲဖြစ်သွားလေ၏။ အဘယ်ကြောင့် သူ မသိတ်သနည်း။

"မင်းရင်ထဲက အသည်းနှလုံးလေး သွေးထွက်သံယိုဖြစ်မှာကို တို့မလိုလားဘူး... ဟဲ... ဟဲ"

ပုလွန်သည် မည်သို့မျှ မတုံ့ပြန်မိချေ။ သူ၏မျက်နှာကိုသာ စူးစိုက်ကြည့်နေမိသည်။

သူမ၏မျက်လုံးများကို ရွှန်းရွှန်းစားစား ကြည့်နေသော ရန်သူတစ်ဦးအား သူမ မည်သို့တုံ့ပြန်ရမည်မှန်း မသိဘဲဖြစ်နေသည်။

ထို့ကြောင့် သူမသည် ဓားကိုအောက်သို့ ချလိုက်၏။

သူ့နောက်လိုက်များသည် သူတို့၏ မမလေးအခြေအနေကို ကြည့်နေသူများဖြစ်ရာ တစ်ဦးနှင့်တစ်ဦး မတိုင်ပင်ရဘဲ နောက်သို့ ဆုတ်သွားကြသည်။

တိုက်ပွဲသည် ရပ်ဆိုင်းသွားလေပြီ။

ပုလွန်သည် ဒဏ်ရာရသူများကို ပတ်တီးများစည်းစေပြီး သူ့ လူများအား တွဲခေါ်စေသည်။

သူမကမူ ဝေါစင်ပေါ်ပြန်တက်ပြီး ထွက်ခွာသွားတော့၏။

သူမသည် မထွက်ခွာမီ ဟန်ဖချင်းအား တစ်ချက်ကြည့်

လိုက်သည်။

ဟန်ဖချင်းသည် သူမအား ပြုံးရွှင်စွာကြည့်နေသည်။ ငေးမောကြည့်နေသည်။

ပုလွန် မျက်မှောင်ကြုတ်သွားသည်။ သူမသည် မျက်နှာကို ချက်ချင်း လှည့်သွားခဲ့သည်။

သို့သော် သူမမျက်နှာ၌ အပြုံးတစ်ခု ခိုတွဲပါသွားခဲ့သည်။

အတော်ဝေးဝေးသို့ရောက်သောအခါ ပုလွန်သည် သမင်လည်ပြန် လှည့်ကြည့်၏။

ထိုအခါ ဟန်ဖချင်းသည် ငူငူကြီးရပ်ပြီး သူမရှိရာသို့ ငေးမျှော်ရပ်ကြည့်နေသည်ကို အံ့ဩစွာ တွေ့ရှိလိုက်ရသည်။

ပုလွန် ရင်ခုန်သွားခဲ့ရလေ၏။

⁘⁘⁘



(၁၃)

ကျူးကျော်သူ

ဟန်ဖချင်းသည် သူ့ရှေ့ရှိ အနီရောင်စံအိမ်ကြီးကို မမိုတ်မသုန် ကြည့်ရှုနေလေ၏။

ထိုအိမ်ကြီးမှာ သူဌေးကြီး ရှိရှာ၏အိမ်ဂေဟာကြီး ဖြစ်သည်။

ထိုဂေဟာကြီးထဲ၌ သူချစ်မိသော မိန်းကလေးတစ်ဦး ရှိနေ၏။

စီရှန်ဘာဒေသ၌ ကျွမ်းကျင်သော ဟန်ဖချင်းလို လူမျိုးအဖို့ မိန်းကလေး၏နေအိမ်ကိုသိရန်မှာ မခက်ခဲလှပါ။

သူသည်သစ်ပင်ရိပ်မှ အကဲခတ်နေခြင်း ဖြစ်သည်။

သူသည် မိန်းကလေးကို သတိရနေသည်။

ထို့ကြောင့် တွေ့လိုတွေ့ငြား လာရောက်မျှော်ကြည့်နေခြင်း ဖြစ်သည်။

ဤသို့လာရောက်မျှော်နေခြင်းမှာ လေးရက်မြောက်နေ့ ဖြစ်၏။

လွန်ခဲ့သောသုံးရက်က သူသည် ဈေး၌ စောင့်ကြည့်ခဲ့သည်။ သုံးရက်လုံးလုံး ဈေးသို့ မိန်းကလေးမလာပေ။

လေးရက်မြောက်နေ့၌ ဟန်ဖချင်း မနေနိုင်တော့ပေ။

သူသည် မိန်းကလေး၏ အိမ်ဂေဟာသို့ လာရောက် မျှော်ကြည့်မိတော့သည်။

သစ်ပင်ကြီးအောက်၌ သူရောက်ရှိနေခဲ့သည်မှာ ကြာခဲ့ပြီ ဖြစ်၏။

ကြီးမားသောစံအိမ်ကြီးမှာ ထူထဲသော ဝင်းတံတိုင်းကြီး ခတ်ထား၏။

များစွာသော အစောင့်များ အခြံအရံများလည်း ရှိနေသည်။ သူချစ်သော မိန်းကလေးမှာ ယက္ခကုမ္ဘာန်များ စောင့်ကြပ်နေသော နတ်သမီးကလေးကဲ့သို့ ရှိနေလေ၏။

သူသည် မိန်းကလေးအား အလွန်တွေ့ချင်နေမိလေ၏။

ထို့ကြောင့် မဖြစ်ဖြစ်သည့်နည်းဖြင့် ထိုအိမ်ကြီးအတွင်းသို့



ဝင်ရန် သူဆုံးဖြတ်တော့သည်။

သူသည် ဝင်းနံရံအား ကျော်လွှားလိုက်၏။

ဝင်းအတွင်း၌ ဥယျာဉ်တစ်ခုရှိသည်။ ဥယျာဉ်၏နောက်ဘက်၌ စံအိမ်ကြီးရှိသည်။

သူ ခုန်ချလိုက်သည်နှင့် အစောင့်တစ်ယောက်က တွေ့ရှိသွားသည်။

"ဟေ့... မင်း ဘယ်သူလဲ"

အစောင့်တစ်ယောက်က အော်ဟစ်ကြိမ်းမောင်းပြီး မေးမြန်းလိုက်၏။

ဟန်ဖချင်း မျက်နှာချိုသွေးရတော့၏။

"ကျုပ်... သူဌေးကြီးရဲ့ဧည့်သည်ပါ"

"ဘာ"

အစောင့် အံ့ဩသွားသည်။

သူဌေးကြီးရဲ့ဧည့်သည်,သည် ရှေ့ပေါက်မှမဝင်၊ တံတိုင်းကို ကျော်စင်လာခဲ့သည်။

"ဘာ... မင်းက သူဌေးကြီး ရှိရှာရဲ့ဧည့်သည် ဟုတ်လား"

"ဟုတ်ပါတယ်"

အစောင့်သည် သူ့အား မယုံချေ။ အဘယ်မှာလျှင် ယုံပါမည်နည်း။ သူဝင်လာပုံမှာ မဟုတ်ဘဲ။

သူသည် တစ်စုံတစ်ရာပြုလုပ်ရန် စဉ်းစားနေသည်။

ဟန်ဖချင်း စဉ်းစားသည်။ အစောင့်သည် မယုံသင်္ကာဖြစ်ပြီး အော်ဟစ်လိုက်ပါက မိန်းကလေးနှင့် တွေ့ရတော့မည်မဟုတ်ချေ။

ထို့ကြောင့် သူသည် ချက်ချင်း ဆုံးဖြတ်လိုက်သည်။

"ဟိုမှာ... သူဌေးကြီး ရှိရာလာပြီ"

ဟန်ဖချင်းသည် အစောင့်၏နောက်သို့ လက်ညှိုးထိုးပြလိုက်၏။

အစောင့်သည် ပျာပျာသလဲ ဖြစ်သွား၏။

သူ လူစိမ်းနှင့် စကားပြောနေသည်ကို သူဌေးကြီးတွေ့သွားပြီး သူ့အား အပြစ်တင် ပေတော့မည်။

ထို့ကြောင့် သူဌေးကြီးကို လှည့်ကြည့်လိုက်၏။

"ဒုတ်"

ဟန်ဖချင်းသည် အစောင့်၏ဇက်ပိုးအား လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်သည်။

အစောင့်သည် ခွေကျသွား၏။ သူသည် အစောင့်ကို ပန်းချုံတစ်ခုအတွင်း ဆွဲသွင်းလိုက်၏။

ထို့နောက် သူသည် ပန်းဥယျာဉ်ကိုဖြတ်၍ စံအိမ်ကြီးရှိရာသို့ လာလေတော့၏။

"ဇ်ဟာ...."

ခေါ်သံကြားသဖြင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။



ဖူးမျှော်ချင်နေသော ရွှေလမင်းကိုတွေ့လိုက်ရသည်။ သူတွေ့ချင်နေသည့် မိန်းမပျိုပေတည်း။

"မင်းပါလား"

ပုလွန်သည် သူ့ကိုအံ့အားသင့်စွာ ကြည့်နေမိလေ၏။

"ရှင် ဘယ်လိုလုပ် ဒီအထဲဝင်လာတာလဲ"

"ဒီလိုပဲပေါ့ကွယ်"

"ဘာ ဒီလိုပဲလဲ"

"အကြံဖန်လုပ်ပြီး ဝင်လာရတာပေါ့ကွယ်"

သူမသည် မျက်မှောင်ကြုတ်လိုက်၏။

"ဘာကိစ္စရှိလို့လဲ"

"မင်းနဲ့တွေ့ချင်လို့"

"ရှင်...."

မိန်းကလေးမှာ အံ့သြသွားသည်။ 'ရှင်'ဟု အာမေဍိတ်သံပြုလိုက်မိသည်။

"ကျွန်မနဲ့တွေ့ချင်လို့ ဟုတ်လား"

"ဟုတ်တယ်"

"ဘာဖြစ်လို့ တွေ့ချင်ရတာလဲ"

"မတွေ့ရမနေနိုင်လို့"

"အို...."

သူမသည် ရှက်သွေးဖြန်းသွား၏။ သို့သော် ချက်ချင်းပင်

မျက်နှာထားတင်းသွားသည်။

"ရှင် ဒီခြံထဲဝင်လာတာ ရှင့် အသက်အန္တရာယ်ရှိတယ်ဆိုတာ ရှင် မသိဘူးလား"

"သိသားပဲ"

"သိလျက်သားနဲ့ ရှင် ဝင်လာတယ်ဆိုတော့ ရှင်ဟာ တကယ်မိုက်မဲတဲ့လူပေါ့"

"မတတ်နိုင်ဘူး၊ မင်းကို ဈေးထဲမှာ မျှော်နေမိတယ်၊ သုံးရက် ကြာတယ်ကွယ်၊ မင်း မလာဘူး၊ ဒီတော့ ငါလိုက်လာရတာပေါ့၊ ဒီထဲဝင်လာတာ အန္တရာယ်ရှိတယ်ဆိုတာ ငါ သိတာပေါ့၊ ဒါပေမယ့် မတတ်နိုင်ဘူးလေ၊ တွေ့ကာမှ တွေ့စေတော့ ငါက မင်းကိုတွေ့ချင်ပြီကိုး"

သူသည် သူမ၏မျက်လုံးများကို စိုက်ကြည့်ပြီး တတွတ်တွတ် ပြောနေလေ၏။

သူမ၏မျက်လုံးများ၌ စိုးရိမ်မှုများရှိနေသည်ကို သူတွေ့ရသည်။

"ကျွန်မတို့ရဲ့ အစောင့်ကင်းသမားတွေ အများကြီးရှိနေတယ်၊ သူတို့နဲ့တွေ့သွားရင် ရှင်မလွယ်ဘဲ ဖြစ်သွားလိမ့်မယ်"

"မင်းပြောတာ နောက်ကျနေပါပြီ"

"ဟင်... ရှင် တွေ့ခဲ့ပြီးပြီပေါ့"

"ဟုတ်တယ်... တွေ့ခဲ့ပြီးပါပြီ"



"ရှင်... ရှင်... သူတို့ကို သတ်လိုက်ပြီပေါ့ဟုတ်လား"

"လက်ဝါးစောင်း ခုတ်လိုက်တာပါ"

"လက်ဝါးစောင်းနဲ့ခုတ်ရင်လဲ သေတာပဲရှင့်"

"မသေပါဘူးကွာ... ငါက သူ့မေ့ကြောကိုလက်ဝါးစောင်းနဲ့ခုတ်ပြီး သူ့ကိုလှဲသိပ်လိုက်တာပါ၊ အသက်နဲ့အဝေးကြီးပါ၊ သူချုံထဲမှာ မေ့နေပါတယ်"

ပုလွန်သည် လှုပ်လှုပ်ရှားရှား မဖြစ်တော့ပေ။ အနည်းငယ်အေးဆေးသွား၏။

"ဒါနဲ့ ရှင့်ကိုမေးပါရစေဦး"

"မေးပါ"

"ရှင်က ကျွန်မကို ဘာဖြစ်လို့တွေ့ချင်ရတာလဲ"

"ငါ မင်းကိုတွေ့ချင်နေတာပဲ သိတယ်၊ ငါ သုံးရက်လုံးလုံး ဒုက္ခရောက်ခဲ့ရတယ်၊ မင်းကိုမတွေ့ရခြင်းဟာ ငါ့အတွက် ဒုက္ခကြီးပဲ"

"ရှင်ဟာ အတ္တကြီးတဲ့လူပဲ"

"ဟုတ်တယ်... ငါ ဝန်ခံပါတယ်၊ ငါဟာ မွေးကတည်းက ကိုယ်လိုချင်တာ မရရအောင် ယူခဲ့တဲ့လူပဲ၊ ရိုးရိုးယူလို့ မရရင် ခိုးယူတယ်၊ လုယက်ယူတယ်၊ ကိုယ်လိုချင်တာရဖို့ အဓိကပဲ မဟုတ်လား"

"ရှံ့ဖို့ကောင်းလိုက်တာ၊ ရှင်ဟာလူဆိုးပဲ"

"ဟုတ်ပါတယ်... ငါကလဲ လူကောင်းလို့ပြောမနေပါဘူး"

"လူကောင်းမဟုတ်တဲ့လူတွေဟာ လူကောင်းတွေကို ဒုက္ခ

ပေးနေတာပဲ

"မတတ်နိုင်ဘူး"

"ကဲ… ရှင်ပြန်ပါတော့"

"ငါ့ကိုစိတ်မဆိုးတာ ဝမ်းသာလိုက်တာ၊ မပြန်ခင် ငါတစ်ခုလောက် ပြောခဲ့ပါရစေ"

"မပြောနဲ့တော့ ရှင်ပြန်ပါ"

"ပြောပြီးမှ ပြန်ပါရစေ"

"ကျွန်မအော်လိုက်ရင် ရှင် ဒုက္ခရောက်သွားမယ်နော်"

သူမက ခြိမ်းခြောက်လိုက်၏။

ဟန်ဖချင်းက ဂရုမစိုက်ပေ။

"အော်ချင် အော်လိုက်ပေါ့ကွယ်၊ မင်းရဲ့ဓားသမားတွေလာတော့လဲ တိုက်ရုံအပြင် ဘာရှိတော့မလဲ"

"တိုက်ရင် ရှင်သေသွားမှာပေါ့"

"သေရင်သေပါစေ ငါကလဲ ဓားသမားတစ်ဦးပါ၊ ဓားသမားတစ်ဦးအဖို့ တိုက်ရင်းသေရတာ ဘာမှမဆန်းပါဘူး"

"ဟူး…"

သူမသည် လေပူကြီးတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

"ရှင်ဟာ တစ်ဇွတ်ထိုးသမားပဲ၊ ကဲ… ပြော… ပြော၊ ဘာပြောမလဲ၊ ပြောပြီးရင်ပြန်"

သူမသည် ဟန်ဖချင်းကို လက်မြှောက်လိုက်ရ၏။ သူမသည် ပြောခွင့်ပြုလိုက်ရသည်။



"တခြား မဟုတ်ပါဘူးကွာ၊ မင်းကို ငါ မြင်မြင်ချင်း ချစ်မိတယ်ဆိုတာ ပြောမလို့ပါ၊ မမြင်ရရင်မနေနိုင်တဲ့ အချစ်မျိုးနဲ့ ချစ်တယ်ဆိုတာ ပြောချင်လို့ပါ"

"ဒါပဲလား"

"ဟင့်အင်း"

"ပြော… ဆက်ပြောချင်တာ ဆက်ပြော"

"မင်းရဲ့အမည်ကလေးကို သိချင်တယ်"

"ပုလွန်တဲ့ ဖခင်နာမည်က ရှိရှာ၊ မိခင်နာမည်က နန်းရှိကျင်တဲ့"

သူမသည် ဖခင်နှင့်မိခင်၏အမည်များကိုပါ ထည့်ပြောလိုက်လေ၏။

"ငါ့နာမည်က ဟန်ဖချင်းတဲ့၊ ဖခင်အမည်က ဟန်ခင်ချိုင်တဲ့ မှတ်ထားပေါ့"

"စိတ်ချ… မှတ်ထားလိုက်မယ်၊ ကဲ… ရှင်ပြောချင်တာတွေ ပြောပြီးပြီ မဟုတ်လား၊ ရှင် ပြန်ပါတော့"

"စိတ်ချ… စိတ်ချ"

ဤသို့ဖြင့် ဟန်ဖချင်းသည် လာလမ်းအတိုင်း ခြံဝင်းထဲမှ ပြန်ထွက်သွားလေ၏။

နှင်းဆီပင်များနံဘေး၌ ပုလွန်သည် စဉ်းစားငေးမောရင်း

ကျန်ရစ်ခဲ့၏။

သူမ၏ခြံဝင်းထဲသို့ ကျူးကျော်ဝင်ရောက်လာသည့် လူတစ်ဦးအား အဘယ်ကြောင့် သူမ မဖမ်းဆီးခဲ့ပါသနည်း။ အဘယ်ကြောင့် မအော်ဟစ်ခဲ့ပါသနည်း။

ပုလွန်တစ်ယောက် မသိနိုင်တော့ပေ။ နောက်ဆုံး သူမသည် ပန်းချီများကို လိုက်ရှာကြည့်ရသည်။

ခြံစောင့်သည် မေ့နေသည်။ ခြံစောင့်အား သတိပြန်ရအောင် ပြုစုပေးလိုက်သည်။

သူမသည် ခြံစောင့်ကို အပြစ်မတင်ပါ။ အဘယ်ကြောင့်ဆိုသော် ဟန်ဖချင်း၏ပညာကို သူမသိမြင်ခဲ့ပြီးပြီ မဟုတ်ပါလော။

✦✦✦



(၁၄)

သတ်ရဲသူ

ပုလွန်နှင့် ဟန်ဖချင်းတို့သည် လူငယ်သဘာဝချစ်သူများ ဖြစ်ခဲ့ကြ၏။

သို့သော် အသွင်မတူသော ချစ်သူများ ဖြစ်ကြသည်။

ပုလွန်က ဟန်ဖချင်း၏ သိုင်းပညာထူးချွန်ထက်မြက်သည်ကို သဘောကျ၏။

သူ့အပေါ် စွဲချစ်နှစ်သက်သည့် မေတ္တာကိုလည်း ယုံသည်။

သို့သော် ဟန်ဖချင်း၏ တစ်ဇွတ်ထိုးစိတ်၊ အနိုင်ယူလိုစိတ်၊ ထစ်ခနဲဆို သတ်ချင်ဖြတ်ချင်စိတ်များကိုမူ ရွံမုန်းသည်။

သိုင်းပညာအားကိုးနှင့် သူတစ်ပါးကို နှိပ်စက်သည်ကို မုန်းသည်။

"ဒီမှာ ဟန်ဖချင်း၊ နင် သိုင်းပညာတတ်ထားတာဟာ သိုင်းမတတ်တဲ့လူတွေကို စော်ကားဖို့လား၊ ကိုယ့်ဆန္ဒနဲ့မတူရင် ဘယ်သူ့ကိုမဆို ရန်သူလိုသဘောထားတာဟာ မှားတယ်၊ လူဆိုးလူမိုက်လုပ်ပြီး အနိုင်ကျင့်ဗိုလ်ကျ စားသောက်တော့မှာလားဟင်"

ဟန်ဖချင်းက....

"ဒါပေါ့ ပုလွန်၊ ငါ သိုင်းပညာသင်ကတည်းက အဲဒီလိုနေထိုင်ဖို့ အဖေက ငါ့ကိုသင်ကြားပေးခဲ့တယ်၊ လောကကြီးမှာ ဒီပြင်နည်းလမ်းနဲ့နေဖို့ ငါ မစဉ်းစားဘူး ပုလွန်"

"နင်မစဉ်းစားပေမယ့် ငါ စဉ်းစားရမယ် ဟန်ဖချင်း၊ နင့်ကို ငါချစ်တယ်၊ နင့်သိုင်းပညာကို ငါလေးစားတယ်၊ ဒါပေမယ့် နင့်ရဲ့ ရမ်းကားတဲ့ အကျင့်စာရိတ္တကိုတော့ ငါ ရွံတယ်၊ ငါမုန်းတယ်"

ပုလွန်သည် အလွန် အကျင့်စာရိတ္တကောင်းသော မိန်းကလေးဖြစ်သည်။ အနေအထိုင်လည်း အလွန်ဝိပြားသည်။

ဟန်ဖချင်းနှင့် ယှဉ်လိုက်သောအခါ တခြားစီ ဖြစ်နေတော့သည်။

သူမက ပြတ်ပြတ်သားသား ပြောသည်။ ပြောသော်လည်း မျက်ရည်များဝဲနေ၏။

"ဒါတော့ ငါ မတတ်နိုင်ဘူး၊ ငါသိတာက နင့်ကို ငါချစ်တယ်၊



ဒါပေမယ့် ငါ အကျင့်စာရိတ္တကိုတော့ ဘယ်သူမှပြုပြင်လို့မရဘူး၊ ငါ့ခံယူချက်က တစ်မျိုးဖြစ်နေတာကိုး၊ နင်က မွေးလာကတည်းက ရွှေလင်ပန်းနှင့် အချင်းဆေးလာခဲ့တဲ့လူ၊ ဝေါစင်နဲ့ အခြံအရံနဲ့ နေလာခဲ့တဲ့လူမဟုတ်ဘူး၊ ငါ့ဘဝက အူဝဲဆိုကတည်းက အမိမရှိခဲ့ဘူး၊ အဖေဟာ အရက်သမား၊ ကိုယ့်ဘဝ ကိုယ်ကျောင်းလာခဲ့တဲ့လူ၊ လူမှန်းသိစကတည်းက နင့်ဘဝနဲ့ငါ့ဘဝ မတူခဲ့ပါဘူး ပုလွန်"

ပုလွန်မှာ ဒုက္ခရောက်ရတော့၏။ ပုလွန်၏မိဘများသည် ဟန်ဖချင်း၏ အကျင့်စာရိတ္တကို လက်ခံမည် မဟုတ်ချေ။

ထို့ကြောင့် သူ့ချစ်သူအခြေအနေအား မိဘများအား အသိမပေးဝံ့ချေ။

အခြွေအရံများအား လာဘ်ထိုးကာ ပေးကမ်းနေထိုင်ခဲ့ရသည်။

သို့ရာတွင် မိဘများမသိရှိရန် ကြာရှည်မဖုံးဖိနိုင်ခဲ့ချေ။ မိဘများ သိရှိသွားသည်။ ဒေါသပုန်ထကြတော့သည်။ မည်သူမျှ ဟန်ဖချင်းလိုလူမျိုးနှင့် သဘောမတူနိုင်ပေ။

"ဒီမှာ သမီး၊ သိုင်းလောကမှာ ဒီလောက်နာမည်ပျက်တဲ့ သိုင်းသမား၊ အောက်တန်းကျတဲ့သိုင်းသမား ဒုစရိုက်သိုင်းသမားကို သမီးရွေးချယ်ခဲ့တာ အင်မတန်မှမှားတယ်၊ လူ့ငယ်ဘဝ ချစ်သူရှာတာကို အပြစ်မတင်ပါဘူး၊ တခြားအကျင့်စာရိတ္တကောင်းတဲ့လူငယ် လူ့ရွယ်ကိုရွေးရင် အဖေ ဘာမှမပြောလိုဘူး၊ အခု သူကတော့ တ

ကယ်ဆိုးရွားတဲ့လူပဲ၊ သမီးကိုစွန့်မလား၊ သူ့အကျင့်စာရိတ္တကိုစွန့်မလားဆိုတာ သူရွေးရတော့မယ်၊ သိုင်းပညာကောင်းပါလျက်နဲ့ တလွဲဆံပင်ကောင်းနေတဲ့သူကို အဖေတို့ ဘယ်လိုမှသဘောမတူနိုင်ဘူး၊ သူ့ကိုယ်သူ မပြုပြင်နိုင်ဘူးဆိုရင်တော့ သမီးရဲ့ဘဝကြဝိဖော်အဖြစ်ရွေးမယ် ဆိုရင်တော့ ပထမ အဖေ့အလောင်း၊ ဒုတိယ အမေ့အလောင်း ကိုပဲတွေ့ရမယ်၊ မှတ်ပေတော့သမီး"

ထိုအခါ ပုလွန်သည် သူမ၏သဘောထားကို ပြောပြရတော့၏။

"အဖေရယ်... အဖေတို့က သမီးကို လှေ့တွက်ထားကြတာကိုး၊ သမီးဝမ်းနည်းပါတယ် အဖေရယ်၊ သမီး သူ့ကိုချစ်တာ မှန်ပါတယ်၊ ဒါကို မငြင်းပါဘူး၊ ဒါပေမယ့် သူ့ရဲ့အကျင့်စာရိတ္တကိုတော့ မချစ်ပါဘူး၊ အဖေတို့ အခုဆို သမီးကိုသတိပေးကြမယ် မဟုတ်လား၊ အဖေတို့ သတိမပေးခင်ကတည်းက သမီး သူ့ကိုသတိပေးဖို့ ဆုံးဖြတ်ပြီးသားပါ၊ သမီးအတွက် အဖေအမေတို့ ဘာမှမပူပါနဲ့"

ပုလွန်က ဆက်ပြီးရှင်းပြသည်။

"အဖေတို့ အမေတို့ သမီးရဲ့သဘောကို ထပ်ဟုထပ်မျှပါပဲ၊ သမီး သူ့ကိုစည်းရုံးခဲ့ပါတယ်၊ အခုထိတော့ မထူးသေးပါဘူး၊ သူ့ကိုနောက်ဆုံးအကြိမ် သမီး ဆွေးနွေးပြောဆိုကြည့်ပါ့မယ်၊ အဖေအမေတို့က သူနဲ့သမီးကို အတင်းပေးစားဦးတော့ သူ့အကျင့်စာရိတ္တတွေကို မပြောင်းလဲဘူးဆိုရင် သမီးသူ့ကို မယူနိုင်ပါဘူး အဖေ၊ သမီးအ



တွက် စိတ်ချထားကြပါ အဖေနဲ့အမေ"

သမီးဖြစ်သူ၏ အာမခံစကားကို ကြားသောအခါ ဂိရှာနှင့်ဇနီးသည်တို့သည် သမီးဖြစ်သူကို စိတ်ချသွားကြတော့၏။

"ကောင်းတယ် သမီး၊ သမီးဟာ ကလေးလေးမဟုတ်တော့ဘူး၊ စဉ်းစားဆင်ခြင်တတ်တဲ့အရွယ်ရောက်နေတဲ့ မိန်းကလေးတစ်ဦးပဲ၊ လိမ္မာရေးခြားရှိတဲ့သမီးကို အဖေတို့စိတ်ချနေတော့မယ်"

"စိတ်ချပါ အဖေရယ်"

ဤသို့ဖြင့် သူဌေးကြီးဂိရှာနှင့် ဇနီးသည်တို့၏သဘောနှင့် သမီးဖြစ်သူ ပုလွန်တို့၏သဘောသည် တစ်သားတည်း ဖြစ်ခဲ့လေတော့၏။

ထို့ကြောင့် ပုလွန်သည် သူ့ချစ်သူ ဟန်ဖချင်းနှင့်တွေ့ဆုံသောအခါ သူမမိဘများ၏သဘောထားကို ပြန်လည်ပြောကြားခဲ့လေ၏။

ချစ်သူအား လိမ္မာသော သူတစ်ပါးအား ကူညီယိုင်းပင်းသော စိတ်ဓာတ်များကိုမွေးမြူရန် တိုက်တွန်းသည်။

"ငါ့အဖေဟာ ဒီလိုပဲ သဘောထားတယ် ဟန်ဖချင်း၊ နင့်အမူအရာတွေ ပြောင်းပစ်ရင်တော့ ကောင်းမယ်၊ ဒီလိုမှမဟုတ်ရင်တော့ နင်နဲ့ငါဟာ ဒီဘဝ ဒီမျှသာပဲ ဖြစ်လိမ့်မယ်"

အေးဆေးစွာ ရှင်းပြနေသည့်စကားများကို နားမဝင်သူမှာ ဟန်ဖချင်းပင် ဖြစ်သည်။

ဟန်ဖချင်းသည် မျက်မှောင်ကုပ်ပြီး ကြည့်နေ၏။

"ဒီမှာ ပုလွန်... ငါတစ်ခါပဲ ပြောမယ်၊ နင့်အဖေမပြောနဲ့ မိုးပေါ်က သိကြားမင်းကြီး နားကင်းနဲ့ဆင်းပြောတာတောင် ငါ့ရဲ့အမူ အရာတွေကို မပြောင်းလဲနိုင်ဘူး၊ မိန်းမတစ်ယောက်လိုချင်တာနဲ့ ငါ့ ရဲ့အကျင့်စရိုက်ကို ပြောင်းပေးရမယ်ဆိုတော့ ဟား... ဟား... ဟား၊ မဖြစ်နိုင်တာပဲကွယ်၊ ပုလွန်... ပုလွန်... မင်းဟာ မိဘစကားနား ထောင်သူပဲ၊ လိမ္မာပါတယ်ကွယ်"

ဟန်ဖချင်းသည် ထိုစကားများကို နောက်ဆုံးပြောကြားပြီး ပုလွန်အား ကျောခိုင်းထားရစ်ခဲ့သည်။

ပုလွန်သည် ချစ်သူ ဟန်ဖချင်း၏ကျောပြင်ကြီးကို စူးစိုက် ကြည့်ပြီး အံကိုတင်းနေအောင် ကြိတ်ထားခဲ့ရလေ၏။

သူမ၏မျက်ဝန်းအစုံ၌ မျက်ရည်များဝဲနေလေပြီ။ မျက်ရည်မ ကျအောင် သူမသည် အံကိုတင်းတင်း ကြိတ်ထားရ၏။

သူမသည် ချစ်သူကို အသည်းနှလုံးဖြင့်မရွေး၊ ဦးနှောက်ဖြင့် ရွေးချယ်ခဲ့လေ၏။

ဟန်ဖချင်းကား သူမနှင့်ဝေးရာသို့ ထွက်ခွာသွားလေပြီ။

+++

ပုလွန်နှင့်ဟန်ဖချင်းတို့ ခွဲခွာသွားသည်မှာ နှစ်များစွာ ကြာ



ညောင်းခဲ့လေပြီ။

သို့သော် သိုင်းလောက၌မူ ဟန်ဖချင်းမှာ 'မီးလက်ဝါး'ဟူ သော နာမည်ကိုရရှိလျက် နာမည်ကြီးသထက် ကြီးလာနေသည်။

ဆိုးသွမ်းရက်စက်ရာ၌လည်း နာမည်ကြီးသထက် ကြီးလာ နေသည်။

သူကား အထက်လမ်း သိုင်းသမားတစ်ယောက်အဖြစ် မ ကျော်ကြားတော့ချေ။

အောက်လမ်းသိုင်းသမားတစ်ဦးအဖြစ် ကျော်ကြားနေ ခြင်းဖြစ်သည်။

ထိုအတူ ပုလွန်သည်လည်း မဟာမြိုင်တောထဲ၌ နေထိုင် လျက် အေးချမ်းစွာ သိုင်းပညာလေ့ကျင့်ခဲ့၏။

သိုင်းပညာတိုးတက်ခဲ့ရာ 'မြကန်ဒေဝီ ပုလွန်'ဟု နာမည် ကျော်ကြားခဲ့သည်။

တစ်နေ့သ၌ သူဌေးကြီးရိရှာထံသို့ မီးလက်ဝါးရောက်ရှိလာ ခဲ့သည်။

ဟန်ဖချင်းအား သူဌေးကြီး ရိရှာတို့မေ့ပျောက်ထားခဲ့သည် မှာ ကြာမြင့်လှချေပြီ။

မမျှော်လင့်ဘဲ ဟန်ဖချင်းကို တွေ့လိုက်ရသောအခါ သူဌေး ကြီး မျက်နှာပျက်သွားလေ၏။

"ဟင်... မင်း... မင်း... မင်း"

သူ့အား တွေ့ရှိလိုက်ရသည်မှာ သချိုင်းမြေ၌ လင်းတအား တွေ့ရှိရသကဲ့သို့ ဖြစ်သွားသည်။

မီးလက်ဝါးဟန်ဖချင်းက ခပ်မာမာပင် ပြောလေ၏။

"ဟုတ်တယ်... ကျုပ် မီးလက်ဝါး ဟန်ဖချင်းပဲ"

"ဘာကိစ္စရှိလို့လဲကွ"

"မုဝွန် ကိစ္စ"

"သူ မရှိတော့ဘူး"

"ရပါတယ်... သူ မရှိလဲ သူ့ရဲ့အုပ်ထိန်းသူဟာ ခင်ဗျားတို့ပဲ မဟုတ်လား၊ ခင်ဗျားတို့နဲ့ ပြောလဲဖြစ်ပါတယ်"

"ဟေ့ကောင်... မင်းထွက်သွား၊ မင်းနဲ့ အာလာပသလ္လာပစကားပြောဖို့ အချိန်မရှိဘူး"

"ဟား... ဟား... ဟား... ခင်ဗျားတို့ အချိန်မရှိလို့ရပါတယ်၊ ကျုပ်ကတော့ အချိန်ရှိနေတယ်ဗျ၊ ဒါကြောင့် ပြောတော့ ပြောပြရမှာပဲ"

"မင်းမှာအချိန်ရှိရင်လဲ တို့ နားမထောင်နိုင်ဘူး"

"ပြောတဲ့လူရှိရင် နားထောင်တဲ့လူ ရှိရမယ်၊ အဲ... ပြောတဲ့လူကတော့ လူကောင်းမဟုတ်ဘူးပေါ့ဗျာ၊ လူဆိုးလူမိုက် လူရမ်းကားပဲ"

မီးလက်ဝါးသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ရယ်မောလိုက်လေ၏။



"ဟေ့ကောင်... မင်း ရိုင်းလှချည်လား၊ လူကြီးသူမတွေနဲ့ စကားပြောနေတယ်ဆိုတာလဲ သတိရစမ်းပါဦး"

"ဟား... ဟား... ဟား... ဟား... ဘာလူကြီးသူမတွေလဲ ကျုပ်မတော်လိုက်ရတဲ့ ယောက္ခမလောင်းကြီးတွေ ဆိုတာလဲ ကျုပ်သိတယ်"

"ကဲ... စော်ကားတဲ့ အကောင်"

ရိရှာသည် သူဌေးမည်ကာမတ္တမဟုတ်ချေ။ သိုင်းပညာတတ်မြောက်သည့် သူဌေးကြီးဖြစ်၏။

ငယ်ရွယ်စဉ်က သူ့သိုင်းပညာသည် အဆင့်မဆိုးခဲ့ချေ။

သမီးဖြစ်သူကို သူကိုယ်တိုင် သိုင်းပညာမျိုးစေ့ချပေးခဲ့ခြင်းဖြစ်သည်။

ရိရှာသည် ထ၍ တိုက်ခိုက်လေတော့၏။ မီးလက်ဝါးကား ရှောင်တိမ်းလိုက်၏။

ဖခင်ဖြစ်သူ သူဌေးကြီးရိရှာ တိုက်ခိုက်နေပြီဖြစ်၍ သူ၏လက်အောက်ငယ်သား စေသမားများလည်း ဝိုင်းတိုက်ကြတော့၏။

သို့သော် သူတို့သည် မီးလက်ဝါးကို သိုင်းပညာအရာ၌ မယှဉ်နိုင်ခဲ့ပေ။

"ရွှမ်း... ရွှမ်း... ရွှမ်း"

"ဝုန်း... ဝုန်း"

"အား... အား... အား"

ဓားသမားများမှာ တစ်ယောက်ပြီးတစ်ယောက် မီးလက်ဝါး၏ လက်ဝါးရိုက်ချက်များကို ခံကြရ၏။

မီးလက်ဝါး၏ လက်ဝါးချက်များ ထိသွားသူများမှာ ပြန်ထနိုင်ကြတော့ချေ။

သူတို့၏နလုံးများ၊ အဆုတ်များကွဲကြေ သွေးအန်ပြီး သေဆုံးကြရလေ၏။

အရိုက်ခံရလိုက်သော နေရာ၌လည်း ညိုမည်းသော လက်ဝါးရာကြီးထင်၍ ကျန်ရစ်လေ၏။

သူဌေးကြီးရိုရှာမှာ ဓားဆွဲပြီး တိုက်ခိုက်နေသော်လည်း ပေါ်စီးမှ တိုက်ခိုက်နိုင်သူမဟုတ်ပေ။ ခံစစ်အဖြစ်သာ ခုခံတိုက်ခိုက်နေရသည်။

သူဌေးကြီးရိုရှာ၏ လက်အောက်ငယ်သားများမှာ-အားလုံးသေဆုံးကုန်လေပြီ။

ရိုရှာသည် တိုက်ကွက်တစ်ကွက်ထုတ်လိုက်၏။ မီးလက်ဝါးပြုံးလိုက်သည်။

"ဟား... ဟား... ဟား... ခင်ဗျားကြီးက စီရှန်ဘာ ရိုးရာတိုက်ကွက်တွေတောင် ထုတ်တိုက်နိုင်ပြီပဲ"

ရိုရှာ ထုတ်၍ တိုက်ခိုက်သည့်တိုက်ကွက်မှာ စီရှန်ဘာရိုးရာသိုင်းကျမ်းမှ တိုက်ကွက်တစ်ကွက်ဖြစ်သည်။

မီးလက်ဝါးသည်'လေပြည်ညင်း'သိုင်းကွက်ကို အသုံးပြု၍



ရှောင်တိမ်းလိုက်သည်။

"ဒီမှာ အဘိုးကြီး... တိုက်စရာရှိတာ မြန်မြန်တိုက်၊ ခင်ဗျားမှာရှိတဲ့အကောင်းဆုံး သိုင်းကွက်တွေကိုထုတ်၊ ကျုပ်က ခင်ဗျားကို စောင့်ကြည့်နေတာ ငွေရှာတော်သလောက် ပညာဘယ်လောက်တော်သလဲဆိုတာ ကျုပ်ကစောင့်ကြည့်နေတာ၊ ဒီလိုပွဲကို အခုသိမ်းအခုရတယ်... သိလား အဘိုးကြီး"

ရိုရှာသည် ဒေါသနှင့်အော်လိုက်၏။

"ဟေ့... လူမိုက်၊ သိမ်းစရာရှိရင် သိမ်းကွ၊ စကားရည်လုပ္ပဲဆင်နွဲနေတာ မဟုတ်ဘူး၊ သူသေကိုယ်သေ တိုက်နေတာကွ၊ မသေရဲရင် ဓားမကိုင်ဘူး၊ သိရဲ့လား လူမိုက်ရဲ့"

သူဌေးရိုရှာသည် သူအပိုင်နိုင်ဆုံးသောတိုက်ကွက်များကို ထုတ်သုံးလေတော့၏။ မီးလက်ဝါးသည် တဟားဟား ရယ်လေ၏။

"ကျုပ်က ဒီလိုငွေရှင်ကြေးရှင်တွေနဲ့တိုက်မှ ပျော်တာဗျ၊ ငွေရှင်ကြေးရှင်တွေကို သတ်ရမှ ကျေနပ်တယ်၊ ကဲ...."

မီးလက်ဝါးသည် သူဌေးကြီးရိုရှာ၏လက်ကောက်ဝတ်ကို ရိုက်ချလိုက်ရာ ဓားသည် လွတ်ကျသွားလေ၏။

"ဖြောင်း...."

"ချွလွမ်း... ခြွမ်း"

ရိုရှာ လက်ကောက်ဝတ်မှာ ထက်ပိုင်းကျိုး သွားရှာလေ၏။ သို့သော် သူဌေးကြီးသည် အလျှော့မပေးချေ။ ဘယ်လက်ဝါးနှင့်

တိုက်ခိုက်လေ၏။

မီးလက်ဝါးသည် အံကြိတ်ပြီး သူဌေးကြီးရှိရာ၏ လည်မျို
လက်ဝါးစောင်းတစ်ချက် ရိုက်ချလိုက်သည်။

"ဖြောင်း...."

"အ...."

သူဌေးကြီးရှိရာမှာ အော်ပင် မအော်နိုင်ရှာပေ။ လွင့်စဉ်လဲ
ကျသွား၏။

လည်မျိုတွင် ညိုမည်းသောလက်ဝါးစောင်းရာကြီး ပေါ်
လာသည်။

"အောင်မယ်လေး... ရှိရှာ... ရှိရှာ'

သူဌေးကြီးရှိရာ၏ဇနီး နန်းရိကျင်သည် အခန်းထဲပြေးဝင်
လာ၏။ သူသည် သူဌေးကြီးအား ပြေးပွေ့လိုက်သည်။

"ဟင်... သူ... သူ... သေပြီ"

သူမသည် သူဌေးကြီး၏အလောင်းကို အောက်သို့ချလိုက်
၏။

မီးလက်ဝါး ဟန်ဖချင်းထံသို့ သွေးရူးသွေးတန်းနှင့် ပြေးဝင်
သွားသည်။ သူမသည် ကုတ်ခြစ်ထုရိုက်ရန် ကြိုးစားတော့သည်။

"ခွေးမျိုး... နင် ခွေးမျိုး၊ နင့်မှာ လူစိတ်မရှိဘူး"

သူမသည် အပြင်းအထန်ကုတ်ခြစ်၏။

"လူသတ်သမား၊ လူယုတ်မာ၊ နင့်ကို ငါသတ်မယ်၊ နင့်ကို



ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး"

မီးလက်ဝါးသည် ပထမတွင် ရှောင်ရှားရန်ကြိုးစားသော်
လည်း နန်းရိကျင်က အတင်းကုတ်ဆွဲနေသဖြင့် မရှောင်တိမ်းနိုင်
တော့ချေ။

"ကဲကွာ... သေချင်တဲ့အဘွားကြီး"

မီးလက်ဝါးဟန်ဖချင်းသည် သူ့အား ကုတ်ဆွဲရန် ကြိုးစား
နေသည့် နန်းရိကျင်အား မီးလက်ဝါးနှင့်လွှဲရိုက်ပစ်လိုက်သည်။

"ဖြောင်း....."

"အား...."

နန်းရိကျင် လွင့်စဉ်ထွက်သွား၏။ မျက်နှာတစ်ပြင်လုံး သွေး
ရဲရဲ သံရဲရဲနှင့်ဖြစ်သွားသည်။ သူမ ပြန်မထလာနိုင်တော့ချေ။

"ဟား... ဟား... ငါ့ကို သမက်မတော်ချင်တဲ့ လင်မယား
အခုတော့ သိပြီမဟုတ်လား"

မီးလက်ဝါးသည် အားရပါးရအော်ဟစ်ရယ်ပြီး သူဌေးကြီး
ရှိရာ၏စံအိမ်မှ ထွက်ခွာသွားလေတော့၏။

✣✣✣

## (၁၅)
## လက်စားချေရန် သူ့အကြံ

မြကန်ဒေဝီ ပုလွန်မှာ ဟန်ဖချင်းအပေါ် အချစ်မပျက်ခဲ့ချေ။ သူမသည် မေတ္တာရှိနေသည်သာ ဖြစ်ပါ၏။

သို့သော် သူမ၏စံအိမ်သို့ ပြန်ရောက်သောအခါ မီးလက်ဝါး ဟန်ဖချင်းက သူမ၏မိဘနှစ်ပါးကို သတ်သွားသည်ကို တွေ့ရှိလိုက်ရသည်။

သူမ၏ချစ်မေတ္တာများသည် ဟန်ဖချင်းထံမှ တစ်စမကျန် ပျောက်ကွယ်သွားတော့၏။ သူမသည် အလွန်နာကြည်းမုန်းတီးသွားလေ၏။



သိုင်းလောကသည်လည်း သူဌေးကြီးရှိရာတို့ လင်မယားကို သတ်သွားသည့်ကိစ္စအပေါ် မီးလက်ဝါးအားအတော်ကြီး မကျေမနပ်ဖြစ်ကြသည်။

သူဌေးကြီးရှိရာသည် အထက်လမ်း သိုင်းသမားတစ်ဦးဖြစ်သည် မဟုတ်ပါလား။

တကယ်တော့ သူဌေးကြီးရှိရာသည် စိရန်ဘာဒေသရှိ အထက်လမ်း သိုင်းလောကသားများအား ထောက်ပံ့ပေးကမ်းနေသူတစ်ဦး ဖြစ်လေသည်။

ထို့ကြောင့် အထက်လမ်းသိုင်းလောကမှ ထိပ်သီးသိုင်းသမားကြီးများသည် သူဌေးကြီးရှိရာအတွက် မခံမရပ်နိုင် ဖြစ်မိကြလေ၏။

ထို့ပြင် မြကန်ဒေဝီကိုယ်တိုင် မိုးထိတောင်မှ သိုင်းအဓိပတိကြီး ဝိညာဉ်နှုတ်လက်ညှိုး အဘိုးယန်စီအား သွားရောက်တိုင်ကြားခဲ့သည်။

အဘိုးယန်စီသည် မြကန်ဒေဝီ၏တိုင်ကြားချက်ကို လျစ်လျူမပြုပါ။

အဘိုးယန်စီသည် သိုင်းထိပ်သီးအချို့အား ခေါ်ယူတွေ့ဆုံပြီး တစ်ကိုယ်တော် သိုင်းလူဆိုးကြီးအား နှိမ်နင်းရန် စည်းဝေးတိုင်ပင်ကြတော့၏။

သိုင်းထိပ်သီးအားလုံးက မီးလက်ဝါးအား ဖမ်းဆီးရန်၊ ထို့

နောက် အကျဉ်းချထားရန် သဘောတူဆုံးဖြတ်ကြသည်။

နောက်ဆုံး၌ မီးသင့်တောင်ပေါ်၌ ဝိုင်းရံပိတ်ဆို့ ဖမ်းဆီးတော့သည်။

ထိုသို့ဖမ်းဆီးရာတွင် သိုင်းလောကထိပ်သီးအတော်များများ ပါဝင်သည်။

ဝိညာဉ်နှုတ်လက်ညှိုး သိုင်းအဓိပတိ အဘိုးယန်စီလည်း ပါဝင်ခဲ့သည်။

ရေခဲတောင် အဘိုးကျန်ဟင်း၊ တိမ်ပလွေ အဘွား၊ နဂါးဓားလီယုချိန်၊ မုတ်ဆိတ်ဖြူအဘိုး ဟိုချူး၊ အရှေ့ကျွန်းသခင်ကြီး၊ ဓားတချွေချိန်ကျင်နှင့် မြကန်ဒေဝီ ပုလွန် ကိုယ်တိုင်ပါဝင်ခဲ့သည်။

မီးလက်ဝါးသည် အားမတန်၍ မာန်လျှော့ရသော်လည်း ထိပ်သီးကြီးများအား ကြိမ်းဝါးထားခဲ့သည်။

"အေး... ငါ့ကိုမလွတ်အောင် ထိန်းထားကြပေါ့ကွယ်၊ လွတ်လာတဲ့တစ်နေ့မှာတော့ ငါ့အကြောင်းကို အားလုံးသိစေရမယ်၊ မီးလက်ဝါးဟန်ဖချင်းတဲ့ကွ၊ ငါလွတ်လာတဲ့တစ်နေ့မှာ မင်းတို့အိပ်ကောင်းခြင်းမအိပ်ရစေဘူးဟေ့"

မီးလက်ဝါး ဟန်ဖချင်းသည် အဖမ်းခံရစဉ်ကတည်းက သိုင်းထိပ်သီးများကို နီရဲသောမျက်လုံးအစုံဖြင့် လိုက်လံကြည့်ရှုခဲ့၏။

သူ့အကြည့်ကို အဘိုးယန်စီတို့က မမှုပါ။

အဘယ်ကြောင့်ဆို သော် လေကျွယ်ပြီး ကြိမ်းဝါးနေသော



မီးလက်ဝါးသည် သူတို့လက်ထဲ၌ မိထားပြီမဟုတ်ပါလော။

အဘိုးယန်စီနှင့် သိုင်းထိပ်သီးများသည် တဟားဟားအော်ဟစ်ရယ်မောမိလေ၏။

"ဟား... ဟား... ဟား"

"ဟား... ဟား... ဟား"

မီးသင့်တောင်တစ်ဝိုက်၌ ရယ်မောသံများ ပဲ့တင်ထပ်သွားတော့သည်။

အဘိုးယန်စီက....

"ကဲ... သိုင်းလောကထဲမှာ မိမဆုံးမ ဖမဆုံးမ ဖြစ်နေတဲ့ မီးလက်ဝါးကိုတော့ ဖမ်းဆီးမိကြပြီကွယ့်၊ သူ့ကိုသတ်ပစ်လို့တော့ ဖြစ်တယ်၊ ဒါပေမယ့် တို့က အထက်လမ်းသိုင်းသမားတွေကွယ့်၊ လူမသတ်ချင်ဘူး၊ ဒီတော့ သူ့ကို တစ်သက်လုံး အကျဉ်းချထားရမယ့်ကိန်းဆိုက်နေတယ်၊ ဘယ်နေရာ ဘယ်ဒေသမှာ အကျဉ်းချထားမလဲဆိုတာ ဝိုင်းဝန်းစဉ်းစားကြပါဦး"

ထိုအခါ သိုင်းထိပ်သီးများသည် ထင်ရာမြင်ရာတစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြောဆိုကြလေတော့၏။ သူတို့၏ပြောဆိုချက်များသည် အမျိုးမျိုးကွဲလွဲနေ၏။

တချို့က မီးလက်ဝါးအား ပြည်မမှာတင် ချုပ်နှောင်ထားလိုသည်။

တချို့က ဝေးလံသီခေါင်သော ဒေသတစ်ခုခုသို့ ပို့ထားလို

သည်။

တချို့က တိဗက်ဒေသသို့ ပို့ထားလိုသည်။ တချို့က အလွန်အေးသော မြောက်ပိုင်းဒေသတစ်ခုခုသို့ ပို့ထားချင်သည်။

ထိုအခါ အဘိုးယန်စီက အချက်တစ်ချက်ကို ထောက်ပြသည်။

"ကဲ... မီးလက်ဝါးကို မင်းတို့တင်ပြတဲ့ အရပ်ဒေသတစ်ခုခုကိုသွားပြီး ပို့ထားပါပြီတဲ့၊ ဘယ်သူက သူ့ကို တာဝန်ယူစောင့်ကြပ်မလဲ၊ အဲဒီစောင့်ကြပ်တဲ့လူကလဲ သူ့ထက် အင်အားကြီးမှဖြစ်မှာ၊ အခု တို့အားလုံးနေတာက ပြည်မမှာ၊ ဘယ်သူက မီးလက်ဝါးကိုပို့ချင်တဲ့ တိဗက်ကို လိုက်သွားမလဲ၊ ဘယ်သူကကော စောင့်ကြပ်နေနိုင်မလဲ"

သိုင်းထိပ်သီးများမှာ ခေါင်းချင်း ပြန်ရိုက်ကြလေသည်။

သိုင်းထိပ်သီးတစ်ဦးက....

"ဒါဆိုရင် သူ့ကိုပြည်မမှာ ချုပ်ထားတာပဲ ကောင်းမယ်၊ ကျုပ်တို့အားလုံးကလဲ ပြည်မမှာရှိနေတော့ သူ့ကိုစောင့်ကြည့်နိုင်တာပေါ့"

သိုင်းထိပ်သီးတစ်ဦးက ကန့်ကွက်သည်။

"ပြည်မမှာ အောက်လမ်းသိုင်းသမားတွေ အများကြီးရှိတယ်၊ ဒီသိုင်းဂိုဏ်းတွေကို ဘယ်သူက မျက်စိဒေါက်ထောက်ကြည့်နိုင်မလဲ၊ ဒီဒုစရိုက်ဂိုဏ်းသားတွေက မီးလက်ဝါးကို မကယ်ထုတ်ဘူး



လို့ ဘယ်သူက ပြောနိုင်မလဲ"

အခြားသိုင်းထိပ်သီးတစ်ဦးက ထိုအချက်ကို ထောက်ခံသည်။

"ဟုတ်တယ်... အထက်လမ်း သိုင်းလောကထဲက ပုဂ္ဂိုလ်အချို့လဲ မီးလက်ဝါးအပေါ် သံယောဇဉ်ရှိနေတယ်၊ သူတို့ကလဲ ကယ်တင်နိုင်တာပဲ"

မြကန်ဒေဝီ ပုလွန်က....

"ကျွန်မကတော့ အရင်က သူ့အပေါ် သံယောဇဉ်ရှိခဲ့ပါတယ်၊ ကျွန်မ မိဘနှစ်ပါးကို သတ်ပြီးတဲ့အခါကျတော့ အဲဒီသံယောဇဉ်က ကုန်ခန်းသွားတယ်၊ ကျွန်မကတော့ သူ့ကို သတ်ချင်တာပဲရှိတယ်"

အဘိုးယန်စီက....

"ဟုတ်တယ်... မင်းတို့ပြောတာတွေဟာ စဉ်းစားစရာတွေချည်းပဲ၊ အောက်လမ်းသိုင်းဂိုဏ်းတွေကိုလဲ မျက်ခြည်ပြတ်လို့ မဖြစ်ဘူး၊ သူတို့ကလဲ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပဲ၊ သူတို့လူကိုမကယ်ဘူးလို့ မပြောနိုင်ဘူး"

သိုင်းထိပ်သီးတစ်ဦးက....

"ဖမ်းဆီးဖို့ကျတော့ တကယ်ခက်တယ်၊ ကျုပ်တို့ သိုင်းထိပ်သီးတွေစုပြီး အားလုံးဖမ်းတာတောင် တော်တော် ခက်ခက်ခဲခဲဖမ်းကြရတယ် မဟုတ်လား၊ တကယ်လို့ သူလွတ်သွားရင်တော့ ကျုပ်တို့

ကြိုးစားထားတာတွေအားလုံး သဲထဲရေသွန်ဖြစ်တော့မှာပဲ"

တစ်ဦးကဝင်ရောက်သတိပေးသည်။

"သူ့ကို အင်အားဖြတ်ထားရမှာဗျ၊ အဲဒါကို ခင်ဗျားတို့ မမေ့ကြနဲ့"

ထိုအခါ အရှေ့ကျွန်းသခင်ကြီးသည် မတ်တတ်ထလိုက်သည်။

"ကျွန်တော် အကြံတစ်ခုပေးချင်ပါတယ် ခင်ဗျား"

အဘိုးယန်စီက....

"ပြောပါ... ပြောပါ၊ အကြံပေးပါ"

အရှေ့ကျွန်းသခင်ကြီးက....

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်ရဲ့အရှေ့ကျွန်းဟာ ပြည်မနဲ့ ရေခြားမြေခြားတဲ့ ဒေသတစ်ခုဖြစ်ပါတယ် ခင်ဗျား၊ မီးလက်ဝါးကို ကျွန်တော့်ရဲ့အရှေ့ကျွန်းမှာ အကျဉ်းချထားမယ်ဆိုရင်တော့ ကျွန်တော့်သူ့အတွက် တာဝန်ယူပါတယ်ခင်ဗျာ၊ အဲဒါဖြစ်နိုင်မဖြစ်နိုင် ဝိုင်းဝန်းစဉ်းစားကြပါခင်ဗျာ"

ထိုအခါ သိုင်းထိပ်သီးများသည် ခေါင်းချင်းရိုက်ကြပြန်လေသည်။

တစ်ဦးက....

"အရှေ့ကျွန်းသခင်မကြီး တင်ပြတာဟာ အသင့်လျော်ဆုံးပဲ"



"ဟုတ်တယ်... ဟုတ်တယ်"

"အရှေ့ကျွန်းဟာ ရေမြေခြားရုံကလေးပဲ၊ ပြည်မနဲ့လဲ မဝေးဘူး"

သိုင်းထိပ်သီးအားလုံးသည် မီးလက်ဝါးအား အရှေ့ကျွန်း၌ အကျဉ်းချထားရန်ကို အားလုံးသဘောတူကြသည်။

အားလုံးက သဘောတူထောက်ခံနေကြသဖြင့် သိုင်းအဓိပတိ ဓိညာဉ်နှုတ်လက်ညှိုး ယန်စီကလည်း သဘောတူလိုက်၏။

အဘိုးယန်စီက....

"ကဲ... အရှေ့ကျွန်းသခင်ကြီးရဲ့တင်ပြ အကြံပေးချက်ကို အားလုံးသဘောကျလက်ခံကြရင် မီးလက်ဝါးကို အရှေ့ကျွန်းဆီပို့ဖို့ ပြင်ဆင်ကြပေတော့"

"ကောင်းတယ်... ကောင်းတယ်"

"ကျုပ်တို့ သဘောတူတယ်"

ဤသို့ဖြင့် မီးလက်ဝါးဟန်ဖချင်းသည် အရှေ့ကျွန်း၏ မရဏဂူထဲ၌ အကျဉ်းချခံခဲ့ရလေသည်။

✣✣✣

လေပြင်းတို့တိုက်ခတ်နေသဖြင့် သစ်ရွက်များ သစ်ကိုင်းများ လှုပ်ခတ်နေသည်။

ရွက်ဝါများသည် တဖွဲဖွဲ တသဲသဲ ကြွေကျနေသည်။

မိုးထိတောင်သည် အလွန်ထူးခြားသော တောင်ဖြစ်သည်။ တောင်ခုလတ်၌ သစ်ပင်များမရှိနေသော်လည်း တောင်ထိပ်၌မူ သစ်ပင်များရှိနေသည်။ ထိုသစ်ပင်များသည် လေပြင်းကြောင့် ယိမ်းခါနေသည်။

လေများတိုက်နေသဖြင့် ဖွာရရာကျဲနေသော မီးလက်ဝါး၏ ဆံပင်သည် လေဝယ်လွင့်မျောနေသည်။

လီရှုရှုကတော့ ကျစ်ဆံမြီး ကျစ်ထားသဖြင့် လေက သူမ၏ဆံပင်များအား ဒုက္ခမပေးနိုင်ပါ။

အဝေးသို့ငေးကြည့်ရင်း အတိတ်မှ အဖြစ်အပျက်များကို ဆုံးအောင်ပြောပြလိုက်သော မီးလက်ဝါးသည် လီရှုရှုရှိရာဘက်သို့ ပြန်လှည့်လိုက်၏။

"ငါ့အပြစ်ကတော့ အဲဒါပဲသမီး၊ သူ့ကို ငါသိပ်ချစ်ပါတယ်၊ ငါ့အမူအကျင့်ကိုပြောင်းတာ မပြောင်းတာက အချစ်ကိုမဖုံးလွှမ်းသင့်ဘူး၊ ငါ့အတိတ်မှာ ဖုံးလွှမ်းသွားခဲ့တယ်၊ ဒါပေမယ့် ငါဟာ သူ့ကို ချစ်နေလျက်ပဲ၊ ဒါပေမယ့် ငါ့အချစ်ဟာ ငါ့ကို သူဖမ်းစဉ်ကပဲ ကုန်ခမ်းသွားပြီ၊ ဒီတော့ ငါ့ရန်သူတစ်ဦးဖြစ်နေတဲ့ မြကန်ဒေဝီကို သုတ်သင်ရတော့မယ်၊ ငါ့အနေနဲ့တော့ ငါ့ကိုဖမ်းခဲ့တဲ့လူတွေကို တစ်ယောက်ပြီးတစ်ယောက် ရှင်းပစ်ရမှာပဲ"

လီရှုရှုသည် သူ့ဆရာမီးလက်ဝါးပြောသည့်စကားများကို



နားထောင်ပြီး မြကန်ဒေဝီပုလွန်အတွက် အလွန်ရင်နာနေမိသည်။

မြကန်ဒေဝီသည် မီးလက်ဝါးအား အမူအကျင့်များအား ပြောင်းလဲရန် အကြံပေးသည်။ စည်းရုံးသည်။ သို့မှသာ သူတို့ပေါင်းသင်းရမည်မဟုတ်ပါလား။

လီရှုရှုသည် ငယ်ရွယ်သော်လည်း ခေါင်းမာသော သူ့ဆရာ လွန်သည်ကို သိရှိသည်။

ဆရာသည် ခေါင်းမာသည်။ အကောင်းဘက်သို့ ပြုပြင်ရမည်ကို အဘယ်ကြောင့်ခက်ခဲနေပါသနည်း ·

သူသာဆိုလျှင် အမူအကျင့်များကိုပြင်ပြီး မြကန်ဒေဝီပုလွန်နှင့် ပျော်ပျော်ကြီးပေါင်းလိုက်မည်သာ ဖြစ်၏။

ယခုသော် ဆရာသည် ဤသို့မပြင်ခဲ့ချေ၊ မပြင်သည့်ပြင် သူမီးလက်ဝါးဘွဲ့ရသောအခါ မြကန်ဒေဝီ၏မိဘနှစ်ပါးကိုပင် သွားသတ်လိုက်သေးသည်။

မည်မျှ ဆိုးရွားသည့်ဆရာပါနည်း။

မိဘနှစ်ပါး အသတ်ခံရသဖြင့် မြကန်ဒေဝီအချစ်ပျက်သည်ကို လီရှုရှုကောင်းစွာ သိရှိမိပါသည်။

အဘယ်သူသည် ကိုယ့်မိဘနှစ်ဦးအား သတ်သူကို ချစ်မြတ်နိုးပါအံ့နည်း။

မြကန်ဒေဝီပုလွန်မှာ လွန်စွာ ချစ်ကံဆိုးသောမိန်းမဖြစ်ပါသည်။ လီရှုရှုသည် သက်ပြင်းချလိုက်မိ၏။

"အခု မြကန်ဒေဝီဟာ ဘယ်အရပ် ဘယ်ဒေသမှာနေသလဲ ဟင်"

"မဟာမြိုင် တောကြီးထဲမှာနေတယ်"

"ဒါဖြင့်... ဆရာ အခု မဟာမြိုင်တောထဲသွားရမှာပေါ့ ဟုတ်လားဆရာ"

"သွားရမယ်လေ၊ မသွားလို့ ဘယ်ဖြစ်မလဲ၊ ငါက သူ့ကိုက လဲ့စားချေရမယ်၊ သူ့ကိုသတ်ပစ်ရမယ်"

လီရှုရှုသည် တတိယအကြိမ် သက်ပြင်းချမိလေ၏။

ဤမျှ အာဃာတကြီးမားသော သူ့ဆရာကို မည်သို့မျှ ဖျောင်းဖျနိုင်မည် မဟုတ်ချေ။

မည်သို့ပင်ဖြစ်စေ မြကန်ဒေဝီပုလွန်ကိုတော့ သူမ တွေ့မြင်ရတော့မည်။

"မနက်ဖြန် မဟာမြိုင်တောကို ခရီးထွက်မယ်"

လီရှုရှုသည် ခေါင်းကလေးကို အသာညိတ်လိုက်ရတော့သည်။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်